ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 7 September 2021 ၁၀၄၈၉

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# တိုင်းရင်းဆေးနှင့်ပတ်သက်၍ မြန်မာ့ဆေးကျမ်းပါ ဆေးခါးကြီး၊ ဆင်တုံးမနွယ်၊ နံ့သာဖြူ၊ ဂျင်းတို့ဖြင့် စမ်းသပ်သုတေသနပြုလုပ်ရာတွင် ကာကွယ်ဆေးအပြင် ကုသဆေးအတွက်ပါ နှစ်မျိုးလုံးထုတ်လုပ်နိုင်အောင် လုပ်ဆောင်ကြရမည်

နေပြည်တော် စက်တင်ဘာ ၆

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ကြေးမုံ ယနေ့ ဖတ်စရာ

မောဟဖုံးလွှမ်းနေသော ဒီမိုကရေစီ
စာမျက်နှာ » ၆

ကြည်လင်သောစိတ်ဆိုသည်
စာမျက်နှာ » ၁၆

ဥပဒေပြုရေးဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ)
စာမျက်နှာ » ၁၀

စက်တင်ဘာ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၅၅၅ ဦး တွေ့ရှိ
စာမျက်နှာ » ၂၀

ကြေးမုံ

# အမျိုးသမီးဂုဏ်ရည် ထိန်းသိမ်းစောင့်ရှောက်

ယနေ့အချိန်အခါတွင် မြန်မာအမျိုးသမီးများသည် ကျား/မတန်းတူ မခွဲခြားဘဲ ဂုဏ်တင့်တယ်စွာ ပါဝင်စွမ်းဆောင်နေကြပြီဖြစ်သည်။ ပညာသင်ကြားရေးသာမက လူမှုစီးပွားနယ်ပယ်တွင်ပါ အမျိုးသမီးများသည် အမျိုးသားများ ဦးရေအချိုးထက် ပိုမိုပါဝင်လာသည်ကို တွေ့ရသည်။ အမျိုးသမီးတို့၏ နုပျိုသစ်လွင်သော ငယ်ရွယ်သူများဘဝသည် ပိုမိုဂုဏ်တင့်ဖွယ်ဖြစ်သည်။ ထို့ကြောင့် ငယ်ရွယ်သူအမျိုးသမီးများအား ပိုမိုအထူးပြုရန်လိုပေသည်။

မြန်မာအမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်များသည် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာကြသည်။ အပြုအမူအနေအထိုင်များသာမက အတွေးအခေါ်အယူအဆ အလုပ်အကိုင်များပါ များစွာပြောင်းလဲ တိုးတက်လာကြသည်။ တိုးတက်မှုမှာ ဂုဏ်သိက္ခာနှင့်အရည်အချင်းများ မြင့်သထက်မြင့်အောင် တိုးတက်သင့်သော်လည်း အမျိုးသမီးတို့၏ ပင်ကိုဂုဏ်ရည်နှင့် ကိုယ်ကျင့်တရားများ ခေတ်နှင့်အတူ မျောပါမသွားရေးကို အထူးသတိပြုရန်လိုပေသည်။ သို့မှသာ အမျိုးသမီးဂုဏ်ရည်မပျက်ယွင်းဘဲ လောကအလယ်တွင် တင့်တယ်ရှုမောဖွယ် ရပ်တည်နိုင်ကြမည်ဖြစ်သည်။

အမျိုးသမီးငယ်များအနေဖြင့်မူ အမျိုးသားများနှင့် ရင်ပေါင်တန်းနိုင်သော်လည်း အရေးအကြီးဆုံးအချက်မှာ အမျိုးသမီးဂုဏ်သိက္ခာဟူသည့် စည်းဘောင်မကျော်လွန်သွားရေးပင်ဖြစ်သည်။ ယင်းအချက်ကို မိမိကိုယ်တိုင်၊ မိမိဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပြီး မိမိ၏ မိဘအုပ်ထိန်းသူ အသိုင်းအဝိုင်းကလည်း ဝိုင်းဝန်းစောင့်ရှောက်ပေးရန်လိုအပ်သည်။ အမျိုးသမီးဂုဏ်ရည် မပျက်ယွင်းမချွတ်ချော်ရလေအောင် မိမိတို့၏ မိန်းမသားဘဝကို အစဉ်မြတ်နိုးတန်ဖိုးထားရန်လိုအပ်ပေသည်။ ခေတ်သည် တိုးတက်ပြောင်းလဲလာသည်ဆိုသော်လည်း အရိုးကိုအရွက်မဖုံးစေဘဲ တိုးတက်သင့်တိုးတက်ထိုက်သည်တို့ကို တိုးတက်စေပြီး ထိန်းသိမ်းသင့်ထိန်းသိမ်းထိုက်သည်တို့ကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

အမျိုးသမီးများသည် အမျိုးသားများနှင့်မတူသည့် အခြားအချက်တစ်ခုမှာ စိတ်ခံစားလွယ်၊ စိတ်ခံစားချက် ပိုမိုပြင်းထန်သည်ဟူသော အချက်ကိုလည်း သတိပြုသင့်ပေသည်။ ယခုအခါ အမျိုးသမီးငယ်အချို့သည် လူမှုနယ်ပယ်တွင်သာမက နိုင်ငံရေးနယ်ပယ်တွင်ပါ စိတ်ခံစားချက်များ ပြင်းထန်လာသည်ကိုတွေ့ရသည်။ မြန်မာအမျိုးသမီးများ သမိုင်းကြောင်း၌ နိုင်ငံရေးတွင် ရှေ့ဆောင်ရှေ့ရွက် ပါဝင်ခဲ့ကြသည်ဆိုသော်လည်း ပြုအပ်သည်၊ မပြုအပ်သည်တို့ကို စဉ်းစားဆင်ခြင်ချင့်ချိန်နိုင်ရန် လိုအပ်ပေသည်။ မျက်မှောက်ကာလ နိုင်ငံရေးဖြစ်စဉ်များတွင် အချို့အမျိုးသမီးငယ်များသည် အကြောင်းအမျိုးမျိုးဖြင့် လမ်းမှားပေါ်သို့ လိုက်ပါသွားကြရာမှ စိတ်မကောင်းဖွယ်ရာအဖြစ်အပျက်များကို ကြားသိခဲ့ရပေသည်။

ယခုအခါ ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးများ၌ ဖမ်းဆီးရမိသော အကြမ်းဖက်အဖွဲ့များ၊ ဖောက်ခွဲဖျက်ဆီးရေးသမားသတင်းများကို လေ့လာကြည့်လျှင် ဖမ်းဆီးရမိသည့် အမှုတိုင်း၌ အမျိုးသမီးများ ပါဝင်နေသည်ကို တွေ့ရသည်။ ၎င်းတို့တွင် ငယ်ရွယ်သည့် အပျိုအရွယ်မိန်းကလေးများပါဝင်နေသည်ကို တွေ့ရတတ်သည်။ ထို့အပြင် တောတွင်းလက်နက်ကိုင်အဖွဲ့များထံသို့လည်း အမျိုးသမီးငယ်အချို့ရောက်ရှိနေသည်ကို ကြားသိရသည်။ ယင်းအချက်သည် အမျိုးသမီးဂုဏ်ရည်ကို ထိခိုက်စေသောအချက်ဖြစ်သည်သာမက တောတွင်းသို့ရောက်ရှိနေလျှင် အလွန်အန္တရာယ်များပြီး အမျိုးသမီးဘဝပင် ပျက်ပြားဆုံးရှုံးသွားနိုင်ပေသည်။ ထိုအမျိုးသမီးများသည် စိတ်ခံစားချက်ကို အကြောင်းပြု၍ အမျိုးသားမိတ်ဆွေအပေါင်းအသင်းများနှင့် အကြောင်းပါကာ လမ်းမှားသို့ရောက်ရှိသွားခြင်းဖြစ်သည်။ ထိုမိန်းကလေး၏ မိဘ၊ မိသားစုအသိုင်းအဝိုင်းအနေဖြင့် မည်သို့သောအကြောင်းမျိုးဖြင့် လမ်းမှားသို့ရောက်သည်ဖြစ်စေ ကြေကွဲစရာအဖြစ်များသာဖြစ်ပေသည်။

အမျိုးသမီးများ၏ စိတ်ဓာတ်ပျော့ပျောင်းလွယ်မှု၊ သနားစိတ်၊ မခံချင်စိတ်၊ ခင်မင်စိတ်ပြင်းပြမှုများသည် မသမာသူနိုင်ငံရေးသမား၊ အစွန်းရောက်များ၏ အသုံးချခံဖြစ်ခဲ့ရသည်။ အမျိုးသမီးများနှင့်အတူ ဖမ်းဆီးရမိသော အကြမ်းဖက်သမားလူငယ်များအား စစ်ဆေးတွေ့ရှိမှုအရ များသောအားဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုများနှင့် ပတ်သက်နေသည်ကို တွေ့ရသည်။ ပင်ကိုနိုင်ငံရေးခံယူချက်မရှိသော အမျိုးသမီးများသာမက လူငယ်များပါ နိုင်ငံရေး၊ စစ်ရေးအစွန်းရောက်များ၏ သားကောင်များဖြစ်ကြရသည်။ အချိန်ကြာလာသည်နှင့်အမျှ ဘဝပျက်ကြရသည်။ မသမာသူနိုင်ငံရေးသမားများ၊ ပြည်ဖျက်လူမှုကွန်ရက် မီဒီယာများ၏ သွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးမှုများကြောင့် လမ်းမှားပေါ်သို့ရောက်ရှိခဲ့ကြသည်။ သားသမီးချင်း၊ မိသားစုချင်း စာနာစိတ်မထားဘဲ အွန်လိုင်းပေါ်မှ၊ မီဒီယာပေါ်မှ တစ်ဆင့် လမ်းမှားပေါ်သို့ရောက်ရှိစေရေး နေ့စဉ်သွေးထိုးလှုံ့ဆော်ပေးနေမှုများကို သတိပြုမိကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ အမျိုးသမီးငယ်များ၊ လူငယ်လူရွယ်များအနေဖြင့် တန်ဖိုးကြီးမားသော အမျိုးသမီးဂုဏ်ရည်၊ လူငယ်ဂုဏ်တို့ကို အပျက်ယွင်းမခံဘဲ စဉ်းစားဆင်ခြင်ပြုမူနေထိုင်ကြရန်လိုအပ်သည်။ မိမိတို့၏ တက်သစ်စတောက်ပြောင်သော ဂုဏ်ရည်တို့ဖြင့် ကောင်းသောဘက်တွင် အကျိုးပြုနိုင်ရန်အားထုတ်ခြင်းသည် လူငယ်နိုင်ငံရေးပြုလုပ်ခြင်းပင်ဖြစ်သည်ကို သတိမူမိရန်လိုအပ်သည်။ မိဘအုပ်ထိန်းသူများကလည်း မိမိတို့၏ ရင်သွေးငယ်များဘဝ မပျက်စီးရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါကြောင်း။ ။

## ဇန်းမောက်မြို့နယ်အတွင်း မိုးစပါးလျာထားကေထက်ကျော်လွန် စိုက်ပျိုးပြီးစီး



ကသာ စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်း စံပြကွက်များနှင့် မျိုးစေ့ထုတ်ကွက်စိုက်ခင်းများတွင် တစ်ဧကတင်း ၁၀၀ ထွက်ရှိရေးအတွက် ဓာတ်မြေဩဇာထည့်သွင်းကြဲပက်ခြင်း၊ အပင်ပွားနှုန်း စစ်တမ်းကောက်ယူခြင်းနှင့် ပိုးမွှား/ရောဂါအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး Yellow sticker များ အခမဲ့ဝေငှခြင်းတို့ကို ဗန်းမောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူများ ပူးပေါင်း၍ ယနေ့မွန်းတည့် ၁၂ နာရီတွင် ဗန်းမောက်မြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ နားယကာကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ကုန်ကျစရိတ်ကို လျှော့ချ**

ထိုသို့ဆောင်ရွက်ရာတွင် ဗန်းမောက်မြို့နယ်သည် ယခုနှစ်အနေဖြင့် ရာသီဥတုပြောင်းလဲလာမှုအပေါ်အခြေခံ၍ စပါးအစွမ်းဖွင့်စိုက်ပျိုးနည်းစနစ် (System of Rice Intensification–SRI) ကို ကျေးရွာအုပ်စု နှစ်အုပ်စု၊ အသိပညာပေးစင်တာ နှစ်ခုတွင် တောင်သူများအား နည်းပညာပေး ၁၀ ဧကစိုက်ပျိုးထားကြောင်း၊ SRI စနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက မျိုးစေ့လိုအပ်ချက်နည်းပြီး မျိုးဖိုးကုန်ကျစရိတ်သက်သာနိုင်ကြောင်း၊ အခြောက်ခံစနစ်ကျင့်သုံးရသောကြောင့် ရေအသုံးပြုမှုလျှော့နည်းနိုင်ပြီး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအသုံးပြုမှု နည်းသဖြင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်ကြောင်း၊ အော်ဂဲနစ်စိုက်ပျိုးရေးကို အခြေခံထားသောကြောင့် အာဟာရကြွယ်ဝပြီး ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် အကျိုးကျေးဇူးများကို တောင်သူများရရှိမည်ဖြစ်သည့်အတွက် တောင်သူများ စိုက်ပျိုးသင့်သော စိုက်စနစ်ဖြစ်ကြောင်း ဗန်းမောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်စိုးက ပြောသည်။

ဗန်းမောက်မြို့နယ်၌ ယခုနှစ် မိုးစပါး ၃၈၃၈၈ ဧက လျာထားခဲ့ရာ ၃၈၈၅၇ ဧကအထိလျာထားကေကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် စက်တင်ဘာ ၆

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း (ဩရိသတောင်ပိုင်းကမ်းလွန်– အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း) ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆ – ၉ –၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁,၅၁၂ | ၁၃,၄၅၆,၈၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၂,၇၈၀ | ၈,၈၃၂,၆၅၀ |
| MCB | ၈,၈၀၀ | ၇,၉၀၀ | ၂၅၃ | ၂,၀၂၃,၇၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၅၀ | ၉၇၅,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၈၁၅ | ၂,၁၁၉,၀၀၀ |
| EFR | ၃,၀၀၀ | ၃,၀၀၀ | ၇၇ | ၂၃၁,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၁၂.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၃၂.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၆၅.၃၉ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၂.၈၁၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၃.၀၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၄၄၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၃.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၇၆.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၈.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၀၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** – ဦးစိုးစိုးနိုင်
**စာတည်းမှူး** – ဦးဝင်းနိုင်
**စာတည်းများ** – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်းသတင်းထောက်များ** – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်းသတင်းထောက်များ** – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** – ဒေါ်ဇင်မာဝင့်
**စာပြင်** – ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** – ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ဝိသမလောဘများဖြစ်ပေါ်မှုမရှိအောင် ထိန်းသိမ်းကြပ်မတ်

**ပြီးခဲ့သည့်ကာလအတွင်း ဆေးဝါးများ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စစ်ဆေးကြပ်မတ်ခြင်းများ စနစ်တကျ ဆောင်ရွက်ခဲ့၍ ဆေးဝါးများ၏ ဈေးနှုန်းများ ပုံမှန်အခြေအနေသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာသည် စေတနာထားပြီး လှူဒါန်းလိုသည့် စိတ်၊ ပေးကမ်းလိုသည့် အခြေခံစိတ်များရှိပြီး ဖြစ်သဖြင့် ၎င်းစိတ်ကို အခြေခံ၍ ဆောင်ရွက်မှုများသည် သဟဇာတဖြစ်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတစ်ခုတည်းမဟုတ်ဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စားသောက်ရေးနှင့် ကာကွယ်ကုသဆေးများနှင့်ပတ်သက်၍ ဝိသမလောဘများဖြစ်ပေါ်မှုမရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက်ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

☆ **ရှေ့ဖုံးမှ**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**အတိုင်းအတာတစ်ခုအထိ ကျဆင်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ တတိယလှိုင်းစတင်ဖြစ်ပွားသည့် ဇူလိုင်လမှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဗဟိုအဆင့်ဖွဲ့စည်း၍ အစည်းအဝေးများကျင်းပပြုလုပ်ပြီး ဖိဖိစီးစီး ထိထိမိမိဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် အတိုင်းအတာတစ်ခုအထိ ကျဆင်းလာပြီဖြစ်ကြောင်း၊ သို့သော် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ များစွာရှိနေသေးကြောင်း၊ စက်တင်ဘာ ၅ ရက်အထိ ကမ္ဘာပေါ်တွင် ကိုဗစ် -၁၉ ကူးစက်သူ ၂၂၁ သန်းကျော်၊ သေဆုံးသူ ၄ ဒသမ ၆ သန်းခန့်ရှိကြောင်း၊ ကူးစက်မှုအများဆုံးမှာ အမေရိကန်နိုင်ငံဖြစ်ပြီး သန်း ၄၀ ကျော်ခန့်ရှိကာ ဒုတိယအများဆုံးမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး ၃၃ သန်းခန့်ရှိကြောင်း၊ အာဆီယံနိုင်ငံများထဲတွင် အင်ဒိုနီးရှားနိုင်ငံသည် ကူးစက်မှု လေးသန်းကျော်ရှိပြီး သေဆုံးသူ ၁၃၆၀၀၀ ကျော်ခန့် သေဆုံးမှုရှိသဖြင့် ပထမအများဆုံးဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ဒုတိယအများဆုံးဖြစ်ပြီး ကူးစက်သူ နှစ်သန်းကျော်နှင့် သေဆုံးသူ ၃၄၀၀၀ ကျော်ခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနိုင်ငံများတွင် ဆဋ္ဌမအများဆုံးဖြစ်ပြီး ကူးစက်သူ လေးသိန်းကျော်နှင့် သေဆုံးသူ ၁၅၈၀၀ ခန့်သေဆုံးသည်ကို တွေ့ရှိရကြောင်း။

ပြီးခဲ့သည့် ဇူလိုင်လမှစ၍ ကိုဗစ်-၁၉ တတိယလှိုင်းကူးစက်မှုနှုန်းမြင့်မားလာသည့်အတွက် ထိထိမိမိကိုင်တွယ်၍ ဩဂုတ်လကုန်အတွင်း ရောဂါကူးစက်မှုရာခိုင်နှုန်း ထက်ဝက်ခန့်အထိ ကျဆင်းစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဇူလိုင် ၁၄ ရက်တွင် ၂၁၃၅၂ ဦးအား စစ်ဆေးခဲ့ရာ ၇၀၈၃ ဦး တွေ့ရှိခဲ့သဖြင့် စစ်ဆေးသူ၏ ၃၃ ရာခိုင်နှုန်းတွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၂ ရက်တွင် ၁၇၂၃၅ ဦးအား စစ်ဆေးခဲ့ရာ ၆၇၀၁ ဦးတွေ့ရှိခဲ့သဖြင့် တွေ့ရှိမှုရာခိုင်နှုန်း ၃၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အချို့ရက်များတွင်လည်း ၄၀ ရာခိုင်နှုန်းကျော်သည်များရှိခဲ့ကြောင်း၊ ထိုသို့ရောဂါကူးစက်မှုနှုန်း မြင့်တက်မှုများအား ထိန်းချုပ်နိုင်ရန်အတွက် ဗဟိုအဖွဲ့အနေဖြင့် ပြည်သူများ ကာကွယ်ဆေးများ ထိုးနှံနိုင်ရေး၊ ပြည်ပမှ ကာကွယ်ဆေးများဝယ်ယူရရှိနိုင်ရေး၊ ကာကွယ်ရေးပစ္စည်းများ ပြည့်စုံစွာဖြင့် တစ်နိုင်ငံလုံးဖြန့်ကြက်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကလည်း နိုင်ငံတော်အစိုးရကဆောင်ရွက်သည့် လုပ်ငန်းရပ်များ အောင်မြင်စေရန်အတွက် ပြည်သူများ ကိုဗစ်-၁၉ ဆိုင်ရာစည်းကမ်းချက်များ လိုက်နာစေရန် ဆောင်ရွက်မှုများနှင့် ပြည်သူများ၏ လိုက်နာပူးပေါင်းဆောင်ရွက်မှုများကြောင့် ကူးစက်မှုနှုန်းများ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း။

**များစွာကျဆင်းသွား**

ယခုစက်တင်ဘာလဆန်း၌ ပျမ်းမျှပိုးတွေ့နှုန်းသည် ၁၀ ဒသမ ၃၇ ရာခိုင်နှုန်းသာရှိသဖြင့် ကူးစက်မှုနှုန်းများ များစွာကျဆင်းသွားသည်ကို တွေ့ရှိရကြောင်း၊ သို့သော် အချို့ပြည်နယ်နှင့်တိုင်းများတွင် ကူးစက်မှုနှုန်းများပြားနေသေးသည်ကိုတွေ့ရှိနေရသေးကြောင်း၊ ရောဂါကူးစက်မှုစစ်ဆေးရာတွင် နယ်ပယ်ပေါင်းစုံတွင် စစ်ဆေးနိုင်ရေး ဖြစ်နိုင်သမျှနယ်ပယ်များတွင် စစ်ဆေးခဲ့ရာ တစ်ရက်လျှင် လူဦးရေ သုံးသောင်းကျော်ခန့်အထိ စစ်ဆေးနိုင်ခဲ့ကြောင်း၊ လူတစ်သိန်းတွင် ကူးစက်မှုအား အချိုးချ၍တွက်ချက်ခဲ့ရာ ကယားပြည်နယ်၌ လူတစ်သိန်းတွင် ကူးစက်သူဦးရေ ၁၉၃ ဦးတွေ့ရှိပြီး ကူးစက်မှုနှုန်းအများဆုံး၊ ကချင်ပြည်နယ်၌ လူတစ်သိန်းတွင်ကူးစက်သူဦးရေ ၉၆ ဦး တွေ့ရှိပြီး ဒုတိယအများဆုံး၊ တနင်္သာရီတိုင်းဒေသကြီးတွင် လူတစ်သိန်းတွင် ကူးစက်သူဦးရေ ၈၄ ဦး တွေ့ရှိပြီး တတိယအများဆုံး၊ ရှမ်းပြည်နယ်တွင် ၈၁ ဦး၊ နေပြည်တော်တွင် ၇၆ ဦး၊ ပဲခူးတိုင်းတွင် ၇၂ ဦး တွေ့ရှိရသဖြင့် ၎င်းတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စစ်ဆေးတွေ့ရှိမှုနှုန်းအရ များပြားနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း ကိန်းဂဏန်းများအားကြည့်၍ ဆောင်ရွက်ရန် လိုအပ်သည်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

**ယခုစက်တင်ဘာလဆန်း၌ ပျမ်းမျှပိုးတွေ့နှုန်းသည် ၁၀ ဒသမ ၃၇ ရာခိုင်နှုန်းသာရှိသဖြင့် ကူးစက်မှုနှုန်းများ များစွာကျဆင်းသွားသည်ကို တွေ့ရှိရကြောင်း၊ သို့သော် အချို့ပြည်နယ်နှင့်တိုင်းများတွင် ကူးစက်မှုနှုန်းများပြားနေသေးသည်ကို တွေ့ရှိနေရသေးကြောင်း၊ ရောဂါကူးစက်မှုစစ်ဆေးရာတွင် နယ်ပယ်ပေါင်းစုံတွင် စစ်ဆေးနိုင်ရေး ဖြစ်နိုင်သမျှနယ်ပယ်များတွင် စစ်ဆေးခဲ့ရာ တစ်ရက်လျှင် လူဦးရေ သုံးသောင်းကျော်ခန့်အထိ စစ်ဆေးနိုင်ခဲ့**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မြို့များတွင် စည်းကမ်းလိုက်နာမှုများရှိပြီး နယ်များတွင် စည်းကမ်းလိုက်နာမှု အားနည်းနေသည့်အတွက် မြန်မာ့ရုပ်မြင်သံကြားသတင်းဌာနများ၊ အသံလွှင့်ဌာနများမှ တိုင်းရင်းသားဘာသာများဖြင့်ပါ ပညာပေးမှုများ စဉ်ဆက်မပြတ်ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်း များပြားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်သူများ ကိုဗစ်-၁၉ ဆိုင်ရာစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး တိုက်တွန်းဆောင်ရွက်နေရန် လိုကြောင်း၊ ကာလကြာမြင့်လာချိန်တွင် ပြည်သူများအနေဖြင့် ပေါ့ပေါ့ဆဆဖြင့် သွားလာဆောင်ရွက်လာကြသည်ကို တွေ့ရှိရကြောင်း၊ အချို့ပြည်သူများအနေဖြင့် Mask များတပ်ဆင်မှုမရှိဘဲ သွားလာလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အချို့ဒေသများတွင် ကိုဗစ် -၁၉ ဆိုင်ရာ စည်းကမ်းများအားတိကျစွာ လိုက်နာကြသော်လည်း အချို့ဒေသများတွင် ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းများအား လိုက်နာမှုမရှိဘဲ သွားလာဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

**ပြည်ပပို့ကုန်များရှိမှသာ**

မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအား ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ခွင့်ပေးထားကြောင်း၊ ပြည်ပပို့ကုန်များရှိမှသာ နိုင်ငံအတွက် ဝင်ငွေရရှိမည်ဖြစ်ကြောင်း၊ အလားတူ စားသောက်ကုန်များထုတ်လုပ်ရေးနှင့် ပတ်သက်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း စည်းကမ်းနှင့်အညီဆောင်ရွက်ရေး ခွင့်ပြုပေးထားကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများအား ကြိုးစားဆောင်ရွက်ခဲ့သဖြင့် ကုန်ဈေးနှုန်းမြင့်တက်မှုများ မြင့်မားစွာမဖြစ်ပေါ်ခဲ့ကြောင်း၊ အချို့နိုင်ငံများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် အလုပ်သမားများ ရှားပါးမှုကြောင့် စားသောက်ကုန်များ ဈေးနှုန်းများ အလွန်မြင့်မားစွာ မြင့်တက်လျက်ရှိသည်ကို သတင်းများတွင် တွေ့ရှိရကြောင်း၊ ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်း၌ စားသောက်ကုန်များ ဖူလုံစွာထုတ်လုပ်နိုင်ပါက နိုင်ငံအနေဖြင့် များစွာအဆင်ပြေမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်များနှင့် သောကများ သက်သာရာရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းများအား လိုက်နာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်နှင့် ကျေးလက်အထိ ကြပ်ကြပ်မတ်မတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း၊ လူစုလူဝေးဖြင့် ဆောင်ရွက်ခြင်းကိစ္စရပ်များကို ခွင့်ပြုမပေးထားကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၌ တတိယလှိုင်းစတင်ဖြစ်ပွားချိန်တွင် ပြည်သူများသိရှိစေရေး သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် အချို့သောအားနည်းချက်များကြောင့် စိစစ်မှုများအား ပြည့်ဝစွာမဆောင်ရွက်နိုင်ခဲ့သဖြင့် ကူးစက်မှုနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း။

**ပြန်လည်ဝင်ရောက်နိုင်ရေး**

ထို့နောက် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားများ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ခေါ်ယူနေမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် **"အိမ်နီးနားချင်းနိုင်ငံတွေက ဝင်လာတာနဲ့ ပတ်သက်ပြီး ဆောင်ရွက်ထားတဲ့အခြေအနေလေး။ ကျွန်တော်တို့ ပြီးခဲ့တဲ့လဆန်းပိုင်းလောက်မှာ အိမ်နီးနားချင်း တိုင်းပြည်တွေမှာလည်း ကျွန်တော်တို့** လူမျိုးတွေ၊ ကျွန်တော်တို့ တိုင်းရင်းသားတွေရှိနေတယ်၊ သူတို့လည်း ပြန်လာချင်ကြတယ်၊ ပြန်လာချင်ကြတော့ ကျွန်တော်ပြန်ခေါ်မယ်လို့ ကျွန်တော်ဆုံးဖြတ်ပြီးတော့ ပြန်ခေါ်ခိုင်းပါတယ်။ ကိုယ့်လူမျိုးတွေ အပြင်မှာသွားနေတာ ဒုက္ခသုက္ခနဲ့ ဒီလိုနေမယ့်အစား ကိုယ့်တိုင်းပြည်အတွင်းမှာ ဘယ်လိုပဲဖြစ်ဖြစ် အေးအတူ ပူအမျှပေါ့ဗျာ၊ အေးအတူပူအမျှ အားလုံး။ ကျွန်တော်တို့က၊ အစိုးရဆိုတာ အရိပ်ပါပဲ၊ နိုင်ငံတော်ကိုပေးထားတဲ့အရိပ် တစ်ခုပါပဲ။ ဒီအရိပ်က ပြည်သူပြည်သားတွေအေးမြတဲ့ဟာကို ခံစားအောင်ဆိုပြီး ကျွန်တော် ဒါလည်း ကျွန်တော်ဆုံးဖြတ်ပြီးတော့ ခေါ်ခိုင်းတာပါ။ ခေါ်လိုက်ပါ သဘောတူပါတယ်။ အရင်က ပိတ်ပါတယ်၊ ခေါ်လို့မရပါဘူး။ ကျွန်တော့်လက်ထက်မှာ အခုအကုန်လုံးကို ပြန်ခေါ်ပါတယ်။ ပြန်ခေါ်တဲ့အခါကျတော့ တရုတ်နိုင်ငံကဆိုရင် ၁၁၃၁၅ ယောက်ပြန်ဝင်ပါတယ်။ ၅ ရက် ၆ လကနေ စပြီးတော့လက်ခံခဲ့တာ အခုနောက်ဆုံး ကျွန်တော့်ကို တင်ပြတဲ့ Figure အထိပေါ့ ၁၁၃၁၅ ယောက်ဝင်လာတယ်။ အဲ့ဒီအထဲမှာတော့ ကိုဗစ်စစ်တဲ့အခါမှာ မတွေ့ဘူး။ နောက်တစ်ခါ လာအိုနိုင်ငံကပြန်ဝင်လာတာ ၂၆၈၀ ရှိတယ်။ များသောအားဖြင့်တော့ တာချီလိတ်ပေါ့လေ။ တာချီလိတ်၊

စာမျက်နှာ ၄ သို့☆

❖ **ကိုဗစ် - ၁၉ ရောဂါသည် အတူယှဉ်တွဲ နေထိုင်သွားရမည့်သဘောတွင် ရှိသည့်အတွက် ပြည်တွင်းမှ တိုင်းရင်းဆေးဖြင့် ကုသဆေးထုတ်လုပ်ရန် ဆောင်ရွက်နေမှုများကို စနစ်တကျ သုတေသနပြုလုပ်ဆောင်ရွက်ရမည်**

❖ **အစိုးရ၊ တပ်မတော်အပြင် ပုဂ္ဂလိက ဆေးထုတ်လုပ်ရေးစက်ရုံများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ဆောင်ရွက်သွားရန်နှင့် FDA အသိအမှတ်ပြုရေးနှင့် အောင်မြင်မှု အခြေအနေပေါ် မူတည်၍ နိုင်ငံတကာမှ သိရှိနိုင်ရေး ကြေညာလုပ်ဆောင်ရမည်**

☆ စာမျက်နှာ ၃ မှ

ကျိုင်းတုံဘက်ကို ဝင်တဲ့လူတွေ ဖြစ်ပါတယ်။ ကိုဗစ်စစ်တဲ့အခါကျတော့ ၁၂၃ ယောက် တွေ့တယ်။ ၈ ဒသမ ၃၂ ရာခိုင်နှုန်း တွေ့ရှိချက်ဖြစ်ပါတယ်။ ထို့အတူပဲ ထိုင်းနိုင်ငံကနေပြီးတော့ ၁၈၅၃၄ ယောက် ပြန်ဝင်ပါတယ်။ ၂၇၁ ယောက်တွေ့တယ်။ ၁ ဒသမ ၄၈ ရာခိုင်နှုန်း ဖြစ်ပါတယ်။ တကယ်လို့သာ သူတို့က ဟိုဘက်မှာနေခဲ့လိုရှိရင် ဒီလူတွေရဲ့ဘဝ မျှော်မှန်းချက်က တော်တော့်ကိုမတွေးဝံ့စရာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ပြီးခဲ့တဲ့အပတ်က တချို့ဆိုရောက်လာတဲ့အချိန်မှာ မြေကြီးကို နမ်းတာတို့၊ လက်အုပ်ချီကန်တော့တာတို့၊ ဒီလို ဖြစ်ကြတယ်။

ကျွန်တော်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်တိုင်းရင်းသားတွေ ကိုယ့်မြန်မာပြည်ထဲ ရအောင်ပြန်ခေါ်မှာပဲ။ ပြန်လုပ်မှာပဲ။ မလေးရှားမှာလည်း ဒီလိုဖြစ်တာပဲ။ ပြီးခဲ့တဲ့ နှစ်ပတ်ကျော်လောက်က Relief Flight နဲ့ ပြန်ခေါ်ဖို့ လုပ်တဲ့အချိန်မှာစီစဉ်တဲ့ တိုင်းရင်းသားတွေမှာပဲ မြန်မာအချင်းချင်းလိမ်သွားတယ်ဗျာ။ လိမ်သွားတော့ ၁၇ ယောက်က အလိမ်ခံပြီး ကျန်ခဲ့ရတယ်။ မလိုက်နိုင်ဘူး။ ကျွန်တော့်ဆီ သတင်းပို့တော့ နိုင်ငံတော်စရိတ်နဲ့ပြန်ခေါ်ဖို့ပြောခဲ့ပါတယ်။ မနေ့က စစ်တဲ့အချိန်မှာ ဒီအထဲမှာ ၁၀ ယောက်လောက်လားမသိဘူး ပိုးသွားတွေ့တယ်။ Positive တွေ့တယ်။ ကျန်တဲ့သူတွေကကျန်တယ်။ Negative ပေ့ါ။ အဲတာနဲ့ ကျွန်တော် အစောဆုံး Flight နဲ့ဆို မနက်ဖြန်ပြန်လာမယ်လို့ပြောတယ်။ ကိုယ့်လူပဲ။ ကျန်တဲ့သူတွေလည်း ဆေးတွေရအောင်ကုခိုင်းထားပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ အစိုးရအနေနဲ့ ပြည်ပရောက်နေတဲ့ နိုင်ငံသားတွေကို ပစ်မထားပါဘူး။ ခုနကပြောတဲ့ကိုဗစ်နဲ့ ပတ်သက်ပြီးတော့။ တခြားကိစ္စနဲ့ပတ်သက်ရင်လည်း ဒီလိုပဲ၊ အခက်အခဲရှိရင် ဆက်သွယ်။ မြန်မာသံရုံးတွေရှိတယ်။ မဖြစ်ဖြစ်အောင် ရအောင်စီစဉ်ပေးမယ်။ တိုင်းပြည်အတွင်းမှာလာခဲ့ဗျာ၊ ပြဿနာရှာလည်းရှာ ကိစ္စမရှိဘူး။ ကျွန်တော် အဲဒီလောက်ထိတော့ စိတ်ရှည်တယ်ဗျ။ သူတို့အပေါ်မှာ တော်တော်လေးသည်းခံတာ။ တိုင်းရင်းသားနဲ့ ပတ်သက်ရင် ကျွန်တော်တို့က ဒီလိုစိတ်ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ ကိုယ့်လူမျိုးတွေကလည်း စောစောကပြောတဲ့ သူ့ရဲ့ သက်ရှည်ကျန်းမာရေး အတွက် ကျွန်တော်တို့ အစိုးရများက စနစ်တကျကိုင်တွယ်ပြီးတော့မှ၊ကိုယ့်ရဲ့ သားချင်းလို သဘောထားပြီးတော့မှ မျှမျှတတ စီမံဆောင်ရွက်ပေးဖို့ ပြောလိုပါတယ်။ စိတ်ရှည်ပေးပါလို့လည်းပြောလိုပါတယ်။ စေတနာထားပြီးလုပ်မယ်ဆိုလို့ရှိရင် ဖြစ်နိုင်ပါတယ်”ဟု ပြောကြားသည်။

**ကျွန်တော်တို့ အစိုးရအနေနဲ့ ပြည်ပရောက်နေတဲ့ နိုင်ငံသားတွေကို ပစ်မထားပါဘူး။ ခုနကပြောတဲ့ ကိုဗစ်နဲ့ပတ်သက်ပြီးတော့။ တခြားကိစ္စနဲ့ပတ်သက်ရင်လည်း ဒီလိုပဲ၊ အခက်အခဲရှိရင် ဆက်သွယ်။ မြန်မာသံရုံးတွေရှိတယ်။ မဖြစ်ဖြစ်အောင် ရအောင် စီစဉ်ပေးမယ်။ တိုင်းပြည်အတွင်းမှာလာခဲ့ဗျာ၊ ပြဿနာရှာလည်းရှာ ကိစ္စမရှိဘူး။ ကျွန်တော် အဲဒီလောက်ထိတော့ စိတ်ရှည်တယ်ဗျ။ သူတို့အပေါ်မှာ တော်တော်လေးသည်းခံတာ။ တိုင်းရင်းသားနဲ့ပတ်သက်ရင် ကျွန်တော်တို့က ဒီလိုစိတ်ရှိတယ်**

ယင်းနောက် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှု အချိန်ကာလ ကြာမြင့်လာပြီဖြစ်ကြောင်း၊ အခြားသောနိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် လိုအပ်သေးကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ အရှိန်ပြင်းပြင်းဖြင့် ထိရောက်စွာ ဆောင်ရွက်၍ ကိုဗစ်-၁၉ ကပ်ရောဂါအား ထိထိမိမိဖြင့် ထိန်းချုပ်ဆောင်ရွက်နိုင်သည့် အဆင့်သို့ရောက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် လက်ရှိသွားနေသည့် ဦးတည်ချက်များအတိုင်း အဆင်ပြေချောမွေ့စွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များအား စနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

**အထူးမြို့နယ်များသတ်မှတ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ် – ၁၉ ရောဂါ တတိယလှိုင်း ကာလအတွင်း ရောဂါပိုး စစ်ဆေးမှု၊ တွေ့ရှိမှုနှင့် ကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျလာမှု၊ စစ်ဆေးမှုပမာဏကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပိုးကူးစက်မှု နှုန်းမြင့်မားနေဆဲဖြစ်သည့် ဒေသများတွင် အထူးမြို့နယ်များသတ်မှတ်၍ ခွတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်နေမှု၊ နယ်စပ်ဂိတ်အသီးသီး၌ စနစ်တကျစစ်ဆေး၍ ရောဂါပိုးတွေ့ရှိသူများအား စောင့်ကြည့်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ရောဂါပိုး မတွေ့ရှိသူများကို ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ပို့ဆောင်ပေးလျက်ရှိသည့် အခြေအနေများ၊ ထိုသို့နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသူများကို ပိုမိုတိုးမြှင့် စစ်ဆေးနိုင်ရေး RT–PCR Test စက်များ ဖြန့်ခွဲဆောင်ရွက်ရန်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ဆေးရုံများအလိုက် ICU အခန်းများ အဆင့်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရောဂါကုသရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများပို့ချပေးနေမှု အခြေအနေများ၊ လက်ရှိအချိန်အထိ ဦးစားပေးသတ်မှတ်ချက်များ အလိုက် ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေများ၊ ကာကွယ်ဆေးထိုးနှံမှုအား IDP Camp များ၊ EAOs များအပါအဝင် မသန်စွမ်းသူများ၊ ရောဂါအခံရှိသူများကိုပါ ဦးတည်အုပ်စုသတ်မှတ်၍ ထပ်မံရောက်ရှိလာမည့် ကာကွယ်ဆေးများ ထိုးနှံရာတွင် ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ထိုးနှံပေးရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်ဆေးများ ရောက်ရှိမှု၊ ထပ်မံမှာယူထားရှိမှု အခြေအနေများနှင့် ထပ်မံဝယ်ယူရရှိနိုင်ရေး ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေများ။

ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများကို အာဆီယံအပါအဝင် ဆွေးနွေးဘက်နိုင်ငံအသီးသီးမှ ပေးပို့လှူဒါန်းရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ Relief Flight များ ပြေးဆွဲပျံသန်း၍ နိုင်ငံသားများကို ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည့်အခြေအနေများနှင့် ဆက်လက်ပြေးဆွဲသွားမည့် အခြေအနေများ၊ ရောဂါကာကွယ်ကုသ ထိန်းချုပ်ရေးဆိုင်ရာနှင့် ဆက်စပ်ဆေးဝါးများ၊ စက်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခဲ့သည့် အခြေအနေများ၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် စီမံဆောင်ရွက်ပေးထားမှုနှင့် ပေါင်းစပ်ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ FDA ၏ ထောက်ခံချက်ဖြင့် ကုန်စည်များ စိစစ်ထုတ်ပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးနေမှု အခြေအနေများ။

**ကျန်းမာရေးဆိုင်ရာ အသိပညာပေး**

ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို သတင်းစာများ၊ နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့အပြင် ပုဂ္ဂလိကရုပ်သံလိုင်းများမှ အသိပညာပေးလျက်ရှိသည့် အခြေအနေများ၊ ဗီဇပြောင်းမျိုးရိုးဗီဇကွဲ ပိုးတွေ့ရှိမှုနှင့် သတိပြုနိုင်ရေး ထုတ်လွှင့်ပြသလျက်ရှိသည့် အခြေအနေများ၊ ရောဂါပိုးကူးစက်ခံခဲ့ရပြီး ပြန်လည်သက်သာလာသူများ၊ ကျန်းမာရေးဝန်ထမ်းများ၏ ကိုယ်တွေ့ခံစားခဲ့ရသည့် အဖြစ်အပျက်များကို ကျန်းမာရေးဆိုင်ရာ ဗဟုသုတရရှိစေရေး အင်တာဗျူးများဖြင့် ရိုက်ကူးထုတ်လွှင့်ပေးလျက်ရှိသည့် အခြေအနေများ၊ နေအိမ်တွင် နေထိုင်ရေး (Stay at home) ကာလအတွင်း ပြည်သူများ စိတ်ချမ်းမြေ့မှုရရှိစေရေး၊ အသိပညာရရှိရေး၊ စိတ်ဖိစီးမှုများလျော့ကျစေရေး သီချင်းနှင့် ဇာတ်လမ်းတိုများ၊ အင်တာဗျူး အစီအစဉ်များ၊ အငြိမ့်များအပြင် အခြားအစီအစဉ်များစွာကို တင်ဆက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ဆက်လက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကိုဗစ်–၁၉ ရောဂါဖြစ်ပေါ်နေသည့်ကာလအတွင်း ပရိသတ်များမှ တောင်းဆိုသည့် အစီအစဉ်များကို ဦးစားပေး ထုတ်လွှင့်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ တိုင်းရင်းသားဘာသာအစီအစဉ်မှ ကိုဗစ်ပညာပေးထုတ်လွှင့်မှုနှင့် တိုင်းရင်းသားနယ်မြေမှ ပရိသတ်များ၏ တုံ့ပြန်မှု အခြေအနေများ။

နေအိမ်တွင် နေထိုင်ရေး (Stay at home)မြို့နယ် ၁၁၉ မြို့နယ်အပြင် နယ်စပ်ဒေသရှိ မြို့ပေါင်း ၆၆ မြို့ကို Spot Check ဖြင့် စစ်ဆေးဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စားရေးအခက်အခဲ မရှိစေရန်အတွက် အခြေခံစားကုန်များကို ရွှေ့လျားဈေးကားများဖြင့် လှည့်လည်ရောင်းချပေးနေမှုနှင့် အခြေခံအိမ်သုံးဆေးဝါးများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများ၊ တပ်မတော်ဆေးရုံများ၊ စင်တာများတွင် စောင့်ကြည့်ကုသမှုများ ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ Oxygen Plant များ တည်ဆောက်ပြီးစီးမှု၊ ဆက်လက်တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးပါက ထွက်ရှိလာမည့် အခြေအနေများ၊ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း ကူးစက်ပြန့်ပွားမှုများတွင် ဗီဇပြောင်းရောဂါမျိုးကွဲများဖြင့် ကူးစက်ပြန့်ပွားခဲ့မှု အခြေအနေများ။ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာ ပစ္စည်းများ၊ အောက်ဆီဂျင်များ၊ တစ်ခါသုံးဆေးထိုးအပ်နှင့် အခြားလိုအပ်သည့်ဆက်စပ်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများ။

နိုင်ငံအတွင်း နေ့အလိုက် ရောဂါပိုး စစ်ဆေးမှု၊ ပိုးတွေ့ရှိမှု၊ သေဆုံးမှုဖြစ်စဉ်များအပေါ် သုတေသနပြုလုပ်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ တိုင်းရင်းဆေးကို ကုသဆေးအဖြစ် အသုံးပြုနိုင်ရေး သုတေသန ပြုလုပ်ဆောင်ရွက်လျက်ရှိရာတွင် တွေ့ရှိမှုများနှင့် အောင်မြင်မှုရရှိနေသည့် အခြေအနေများ။

ပြည်တွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးဝါးစက်ရုံများမှ ဆေးဝါးထုတ်လုပ် ဖြန့်ဖြူးပေးနေမှု အခြေအနေများ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပို့ကုန်၊ သွင်းကုန်များ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေးဂိတ်အချို့အား ကိုဗစ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည့် အခြေအနေများ၊ အများပြည်သူ အသုံးပြုလျက်ရှိသည့်ဆေးနှင့်ဆေးပစ္စည်းဈေးနှုန်းများ တည်ငြိမ်ကျဆင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ကိုဗစ်ရောဂါဖြစ်ပေါ်နေသည့် ကာလအတွင်း ရေထွက်ကုန်လုပ်ငန်းမှတစ်ဆင့် ပြည်ပပို့ကုန်လုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေများ၊ ပို့ကုန်၊ သွင်းကုန်များ တင်ပို့ရာတွင် ၎င်းတို့မှတစ်ဆင့် ပိုးကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ထိန်းချုပ်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းအရှိန် အဟုန်မပြတ်စေရေးအတွက် ရေလုပ်သားများအား ကာကွယ်ဆေး ထိုးနှံပေးရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

**တိုင်းရင်းဆေးဖြင့် ကုသဆေးထုတ်လုပ်ရန်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုဗစ် – ၁၉ ရောဂါသည် အတူယှဉ်တွဲနေထိုင်သွားရမည့်သဘောတွင် ရှိသည့်အတွက် ပြည်တွင်းမှ တိုင်းရင်းဆေးဖြင့် ကုသဆေးထုတ်လုပ်ရန်ဆောင်ရွက်နေမှုများကို စနစ်တကျသုတေသနပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးနှင့်ပတ်သက်၍ မြန်မာ့ဆေးကျမ်းပါ ဆေးခါးကြီး၊ ဆင်တုံးမနွယ်၊ နံ့သာဖြူ၊ ချင်းတို့ဖြင့် စမ်းသပ်သုတေသနပြုလုပ်ရာတွင် ကာကွယ်ဆေးအပြင် ကုသဆေးအတွက်ပါ နှစ်မျိုးလုံး ထုတ်လုပ်နိုင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အစိုးရ၊ တပ်မတော်အပြင် ပုဂ္ဂလိကဆေးထုတ်လုပ်ရေးစက်ရုံများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ဆောင်ရွက်သွားရန်နှင့် FDA အသိအမှတ်ပြုရေးနှင့် အောင်မြင်မှုအခြေအနေပေါ် မူတည်၍ နိုင်ငံတကာမှ သိရှိနိုင်ရေး ကြေညာလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်မှုရှိသည့် ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက်လည်း ကြိုတင်လုပ်ဆောင်ထားရန်လိုကြောင်း၊ ရေထွက်ပို့ကုန်များနှင့်ပတ်သက်၍ ကုန်သွယ်ရေးဂိတ်တစ်ခုတည်း သတ်မှတ်မထားဘဲ အလျင်မြန်ဆုံးနှင့် အလွယ်ကူဆုံး ရောက်ရှိပို့ဆောင်နိုင်မည့် အခြားကုန်သွယ်ရေးဂိတ်များကိုလည်း ထည့်သွင်းစဉ်းစားထားရမည်ဖြစ်ကြောင်းနှင့် ပို့ကုန်လုပ်ငန်းသည်လည်း အရေးကြီးသည့်အတွက် ရေလုပ်သားများအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စနစ်တကျ စာရင်းပြုစုလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

စာမျက်နှာ ၅ သို့ ❍

## ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ အသက်အရွယ်ကြီးမြင့်သူများနှင့် ရောဂါအခံရှိသူများ ကျန်ရှိမှုမရှိအောင် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချို့သော ရောဂါအခံရှိသူများသည် ဆေးဝါးထိုးနှံရန် ကြောက်ရွံ့ခြင်းများနှင့် သတင်းအမှားများကို ယုံကြည်နေခြင်းများကြောင့် ဆေးထိုးနှံမှုမရှိကြသည်ဟု သိရှိရသောကြောင့် ရောဂါအခံရှိသူများသည် ရောဂါဖြစ်ပွားနိုင်ခြေပိုမိုများပြားသဖြင့် ဆေးထိုးနှံမှုရှိစေရေး နားလည်သဘောပေါက်အောင် ရှင်းလင်းပြောဆိုပေးရန် လိုအပ်မည်

○ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အဓိကတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ "ဒီရောဂါနဲ့ ပတ်သက်ပြီးတော့ ဒါတင်မဟုတ်ဘူး ရေရှည်အတွက်ပါ စဉ်းစားဖို့ လိုတဲ့ဟာလေးပါ။ အဓိက ကတော့ ကျန်းမာရေးပေါ့။ လူကျန်းမာမှ အသက်ရှည်မယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်။ ကျန်းမာမှ ပညာသင်ကြားနိုင်မယ်။ ကျန်းမာမှဆိုတော့ အခုရောဂါကင်းစင်မှသာ အလုပ်အကိုင် အခွင့်အလမ်းက ဖွင့်ပေးလို့ရမယ်။ အခု ရောဂါကင်းစင်မှလည်း ပညာရေးက ကျောင်းက ဖွင့်ပေးလို့ရမယ်။ ဒီဟာကတော့ ကျွန်တော်တို့အတွက် ကိုဗစ်သည် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုပဲ။ ဒါ တကယ့်ကို ထိပ်တန်းလုပ်ငန်း။ တကယ့်ကို ဦးစားပေးလုပ်ငန်းပေါ့။ တိုင်းပြည်က အဓိကဦးစားပေးလုပ်ငန်းတွေထက် ဦးစားပေးဆောင်ရွက်ဖို့ ပြောလိုပါတယ်။ ဝန်ကြီးဌာနတွေရော ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရတွေရော။ ကိုဗစ်ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေး။ ဒါကို တကယ့်ထိပ်တန်းတာဝန်တစ်ရပ်အနေနဲ့ လုပ်ကြပါလို့ ကျွန်တော်ပြောလိုပါတယ်။ အဲဒီတော့ ဘက်ပေါင်းစုံကနေ လုပ်ရတာတွေရှိတယ်။ အဓိက ကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြီးတော့ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ဒီနှစ်ခုကတော့ တကယ့်ကို ရှေ့တန်းကျကျ လုပ်ရမယ့် အဖွဲ့အစည်းတွေ ဖြစ်လာတာပေါ့။ လုံးဝလည်း ဒါတွေက အလျှော့ပေးလို့ မရပါဘူး။ လိုအပ်တဲ့ Facility လည်း ကျွန်တော်က အပြည့်ဖြစ်အောင် ဥပမာအားဖြင့်- ဆေးလိုရင် ဆေးရအောင်ပေးရမယ်။ ဆေး၊ ဆေးပစ္စည်း ဒါတွေရအောင်လုပ်ပေးရမယ်။ အဲဒီတော့ ကျန်းမာရေးဝန်ထမ်းတွေကို ကောင်းကောင်းမွန်မွန် တာဝန်ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးရမယ်။ လိုအပ်တဲ့ အုပ်ချုပ်မှု၊ ထောက်ပံ့မှုကိစ္စတွေ ပြည့်ပြည့်စုံစုံလုပ်ပေးရမယ်။ ပြည်သူတွေ ကျန်းမာမှ အလုပ်လုပ်နိုင်မှာ ဖြစ်သလို ကျန်းမာရေးဝန်ထမ်းတွေလည်း ကျန်းမာမှ သူတို့လည်း ရောဂါစောင့်ရှောက်ရေးကို လုပ်နိုင်မှာဖြစ်တယ်။ ရောဂါကာကွယ်ဆေးထိုးနိုင်မှာ ဖြစ်တယ်။ ဒါ့ကြောင့် အစိုးရအသီးသီးများ၊ အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများ ကျန်းမာရေးအဖွဲ့အစည်းတွေရဲ့ တာဝန်ထမ်းဆောင်နိုင်မှုအပေါ်မှာ အလေးထားပေးဖို့၊ ဆောင်ရွက်ပေးဖို့ ကျွန်တော်ပြောလိုပါတယ်" ဟု ပြောကြားသည်။

**ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေး**

ဆက်လက်ပြောကြားရာတွင် ကျန်းမာရေးကောင်းမွန်စေရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်ကောင်းမွန်သည့် နေထိုင်မှုဓလေ့စရိုက်များအပြင် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ လေကောင်းလေသန့်ရရှိရေး၊ မိမိတို့၏ နေအိမ်၊ ရုံးဌာနများ၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အမှိုက်များကိုလည်း စနစ်တကျစွန့်ပစ်နိုင်ရေး လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပေးမည်ဆိုပါက ကျန်းမာရေးကောင်းမွန်မှုအတွက် အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများ အားနည်းမှုရှိပြီးလွဲမှားစွာဖြင့် နားလည်နေမှုများလည်းရှိကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

ကာကွယ်ဆေးနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ကာကွယ်ဆေးထိုးနှံပေးမှုများရှိပြီး ပုဂ္ဂလိကဆေးရုံ၊ ကုမ္ပဏီများမှ လှူဒါန်းမှုများလည်း ရှိကြောင်း၊ ထို့ပြင် မိမိအစီအစဉ်ဖြင့် ထိုးနေမှုများကိုလည်း တွေ့ရှိရကြောင်း၊ သို့ရာတွင် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများအား ကျန်းမာရေးဝန်ကြီးဌာနက သာလျှင် အဓိကထား လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ဆေးထိုးနှံမှုများ စနစ်တကျရှိစေရန်နှင့် အန္တရာယ်မရှိစေရေးအတွက် အတိအကျလိုက်နာမှုရှိစေရေး မြို့နယ်များအလိုက် ထိန်းချုပ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆေးသိုလှောင်မှုနှင့်ပတ်သက်၍ စနစ်တကျ နည်းလမ်းတကျသိုလှောင်မှုမရှိပါက ဆေးအာနိသင်များ လျော့နည်းခြင်း၊ အာနိသင်မရှိခြင်းများ ဖြစ်နိုင်သဖြင့် စနစ်တကျသိုလှောင်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိဘပြည်သူများ သုံးစွဲလျက်ရှိသည့် အိမ်သုံးအခြေခံဆေးဝါးများကို ဈေးနှုန်းအမှန်ဖြင့် သက်သာလွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည့် ဆေးနှင့် ဆေးပစ္စည်း ကုန်သည်ကြီးများ အသင်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဆေးဝယ်ယူသုံးစွဲနိုင်မှုမရှိသဖြင့် အသက်ဆုံးရှုံးသည်အထိဖြစ်မည့် ဖြစ်စဉ်များမဖြစ်စေလိုကြောင်း၊ လိုအပ်ချက်များကြောင့် တင်သွင်းထားသည့် ဆေးဝါးများကို ဂိုဒေါင်များနှင့် ရုံးလုပ်ငန်းများတွင် ကြန့်ကြာနေမှုမရှိစေဘဲ သုံးစွဲသူများထံ အမြန်ဆုံးရောက်ရှိနိုင်အောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ဆေးဝါးများသာမက အခြားကင်ဆာရောဂါနှင့် နှလုံးရောဂါကဲ့သို့ ရောဂါများအတွက် လိုအပ်သည့် အရေးပေါ် လိုအပ်ချက်ရှိသည့် ဆေးဝါးများကိုလည်း အမြန်ဆုံး တင်သွင်းရရှိနိုင်ရေး လုပ်ဆောင်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း။

**အမြဲပြင်ဆင်ထားရမည်**

အောက်ဆီဂျင်နှင့်ပတ်သက်၍ ပိုလျှံမှုရှိအောင် ထုတ်လုပ်နိုင်ပြီဖြစ်သော်လည်း သန့်ရှင်းသည့် ဆေးရုံသုံးအောက်ဆီဂျင်များဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ စက်ရုံများ ရပ်ထား၍မရဘဲ အမြဲတမ်းလည်ပတ်၍ စက်မှုလုပ်ငန်းသုံးနှင့် ဆေးရုံသုံးအောက်ဆီဂျင်များ ထုတ်လုပ်နိုင်အောင် အမြဲပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ မြို့နယ်၊ ခရိုင်များရှိ ဆေးရုံများတွင်လည်း အောက်ဆီဂျင်လိုအပ်ချက်မရှိအောင် စီမံဆောင်ရွက်ပေးထားရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ အသက်အရွယ်ကြီးမြင့်သူများနှင့် ရောဂါအခံရှိသူများ ကျန်ရှိမှုမရှိအောင် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချို့သော ရောဂါအခံရှိသူများသည် ဆေးဝါးထိုးနှံရန် ကြောက်ရွံ့ခြင်းများနှင့် သတင်းအမှားများကို ယုံကြည်နေခြင်းများကြောင့် ဆေးထိုးနှံမှုမရှိကြသည်ဟု သိရှိရသောကြောင့် ရောဂါအခံရှိသူများသည် ရောဂါဖြစ်ပွားနိုင်ခြေ ပိုမိုများပြားသဖြင့် ဆေးထိုးနှံမှုရှိစေရေး နားလည်သဘောပေါက်အောင် ရှင်းလင်းပြောဆိုပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများသည် အဓိကအကျဆုံးသော လုပ်ငန်းများဖြစ်သဖြင့် စနစ်တကျဖြင့် လုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်မှသာလျှင် စီးပွားရေး၊ ပညာရေးနှင့် အခြားလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကိန်းဂဏန်းများကိုကြည့်၍ ဖြေလျှော့မှုများကို လုပ်ဆောင်ပေး၍ ရနိုင်မည်မဟုတ်ဘဲ ကူးစက်ဖြစ်ပွားမှုနှုန်း အမှန်တကယ်လျော့ကျမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ နယ်မြေများအတွင်း ကူးစက်မှုနှုန်း အမှန်တကယ်လျော့ကျမှုရှိစေရေး ကြိုးပမ်းလုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ အလှူငွေများ လှူဒါန်း

**လွိုင်ကော် စက်တင်ဘာ ၆**

ကယားပြည်နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း စုစုပေါင်း ၂၀၅ ကျောင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအတွက် ကယားပြည်နယ်အစိုးရအဖွဲ့က ဒုတိယအကြိမ် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ဆွမ်းဟင်းလျာများအတွက် အလှူတော်ငွေများလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆက်လက်လှူဒါန်းမည်**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဘုန်းတော်ကြီး ကျောင်းများ၊ သီလရှင်ကျောင်းများတွင် ဆွမ်းနှင့် ဆွမ်းဟင်းလျာများ အခက်အခဲရှိနိုင်သဖြင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုလိုလှူဒါန်းရခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း လစဉ်လှူဒါန်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း စုစုပေါင်း ၂၀၅ ကျောင်းအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ဆွမ်းဟင်းလျာအတွက် အလှူတော်ငွေကျပ် ၃၀၅ ဒသမ ၄ သိန်းကို လှူဒါန်းရာ သံဃာတော်များနှင့် သီလရှင်များကိုယ်စား ပြည်နယ်သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွေးနှင့် ခရိုင်သာသနာရေးမှူး ဦးဇေယျာကျော်တို့က လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **လွိုင်ကော် (ပြန်/ဆက်)**

---

## စံပြကွက်၊ စမ်းသပ်ကွက်များနှင့် မျိုးစေ့ထုတ်စိုက်ခင်း၌ စုပေါင်းမြေသြဇာကြဲပက်

**မြောင်းမြ စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက မြောင်းမြမြို့နယ် ကျုံဝါးချောင်းဖျားကျေးရွာရှိ တောင်သူဦးသိန်းဆိုင်ထွန်း၏ လယ်ခုနစ်ဧကတွင် စိုက်ပျိုးထားရှိသည့် စံပြကွက်၊ စမ်းသပ်ကွက်များနှင့် မျိုးစေ့ထုတ်စိုက်ခင်း၌ စုပေါင်းမြေသြဇာကြဲပက်မှု အခမ်းအနားနှင့် ကျုံဝါးစခန်းနယ်မြေ နည်းပညာ ပြန့်ပွားရေးစင်တာတွင် ဆောင်ရွက်နေသည့် တစ်ဧက ကုန်ကျစရိတ် လျှော့ချရေး တောင်သူနည်းပညာပေးသင်တန်းသို့ တက်ရောက်အားပေးသည်။



**ရှင်းလင်းတင်ပြ**

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ကျော်လှိုင်၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ကျုံဝါးနည်းပညာ ပြန့်ပွားရေးစင်တာတွင် သက်လျင်၊ သက်လတ်မျိုးများ ယှဉ်ပြိုင်စမ်းသပ်သည့် စမ်းသပ်ကွက်၊ အလားအလာ ကောင်းသည့် လယ်စပါးမျိုး ၁၂ မျိုး စိုက်ပျိုးထားရှိသည့် စမ်းသပ်ကွက်၊ အလားအလာ ကောင်းသော အရည်အသွေးကောင်း စပါးမျိုးများ (On Farm) ယှဉ်ပြိုင်စမ်းသပ်သည့် စမ်းသပ်ကွက်၊ စပါးအစွမ်းဖွင့် စိုက်ပျိုးနည်းစနစ် (SRI) စိုက်ပျိုးထားရှိသည့် အကွက်ကျယ် စံပြကွက်၊ စီးပွားဖြစ် မျိုးသန့်မျိုးစေ့စိုက်ပျိုးထားသည့် စံပြကွက်များ၏ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အလားအလာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဓာတ်မြေသြဇာ စုပေါင်းကြဲပက်သည့် တောင်သူများနှင့် သင်တန်းတက်ရောက်သည့် တောင်သူများအား ယူရီးယား ဓာတ်မြေသြဇာများ ထောက်ပံ့ပေးပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဓာတ်မြေသြဇာ ပြန်လည်ဖြည့်တင်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သက်ဝေ (မြောင်းမြ)**

# မောဟဖုံးလွှမ်းနေသော ဒီမိုကရေစီ

**မျိုးငြိမ်းငယ်**

သီတဂူဆရာတော်ကြီး ရုရှားကို သွားတဲ့သတင်းဖတ်ရပါတယ်။ သွားတဲ့အကြောင်းရင်းက သာသနာပြုဖို့ကိစ္စလို့ သိရပါတယ်။ နိုင်ငံတကာမှာ သာသနာပြုလုပ်ငန်း၊ သာသနာပြန့်ပွားရေးလုပ်ဖို့လို့ ဆိုပါတယ်။ ဒါပေမဲ့ သီတဂူဆရာတော်ကြီးရဲ့ သာသနာရေးဆိုင်ရာ ရည်ရွယ်ချက်နဲ့လုပ်ဆောင်ချက်တွေကို မျက်ကွယ်ပြုပြီး တစ်ဖက်သတ်ထင်မြင်ယူဆချက်တွေနဲ့ ဆရာတော်ကြီးနဲ့တကွ ဘာသာသာသနာကို ထိပါး၊ ပုတ်ခတ်၊ စော်ကားနေကြတာကိုတွေ့ရတော့ အလွန်ပဲအကုသိုလ်များလှပါတယ်။

### ခေတ်သစ်အဇာတသတ်တွေ

ဘာကြောင့် မိမိတို့ကိုယ်တိုင်ယုံကြည်ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာရဲ့ ထေရ်ကြီးဝါကြီး ဆရာတော်၊ သံဃာတော်တွေကို အခုလို စော်ကားကြ၊ ပုတ်ခတ်ကြ၊ သာသနာညှိုးနွမ်းအောင် လုပ်နေကြတာလဲ။ ဗုဒ္ဓဘာသာဝင်တွေကိုယ်တိုင်က လုပ်နေကြတာဟာ ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်လို့ ဆိုရမှာပါ။ ကိုယ့်ရဲ့ အသိတရားနဲ့ဆင်ခြင်မှု အတိမ်အနက်ကို ဖော်ပြနေသလိုပါပဲ။ အခုလိုလုပ်နေတဲ့သူတွေဟာ ကိုယ်ဘက်ကို ထောက်ခံသူ၊ ကိုယ့်ဘက်နဲ့ဆန့်ကျင်သူ၊ ဘယ်ဘက်မှမပါဘဲ ကြားနေသူတွေရှိတဲ့အထဲမှာ ကိုယ့်ဘက်ကိုထောက်ခံသူကလွဲလို့ ကျန်တဲ့သူမှန်သမျှကို ပုတ်ခတ်၊ စော်ကားနေတာ တွေ့ရပါတယ်။ နောက်ဆုံး ကိုယ်နဲ့ဘက်မတူရင် ကိုယ့်မိဘအရင်းကိုတောင် အသိတရားမဲ့စွာ ပြောဆိုပြုမူလုပ်ဆောင်ကြတဲ့ ခေတ်သစ်အဇာတသတ်တွေကို လူမှုကွန်ရက်တွေမှာရော၊ လက်တွေ့မှာရော တွေ့ခဲ့ရ၊ မြင်ခဲ့ရပြီးပါပြီ။ Generation AZAR THA THAT လို့ ဆိုရမလားတောင် မသိပါဘူး။

အခုလည်း ကိုယ့်ထက် အကျင့်သီလအားဖြင့်ဖြစ်စေ၊ ပညာအားဖြင့်ဖြစ်စေ၊ အသက်အရွယ်အားဖြင့်ဖြစ်စေ အစစအရာရာ ကွာခြားလွန်းပြီး ဗုဒ္ဓသာသနာတော်အတွက် ဦးဆောင်နေကြတဲ့ ဆရာတော်ကြီးတွေကိုပါ ပုတ်ခတ်ပြောဆိုလာကြတာဟာ အံ့သြဖွယ်ကောင်းလှသလို အနာဂတ်သာသနာအတွက်ရော နိုင်ငံအတွက်ပါ ရင်လေးစရာကောင်းလှပါတယ်။

ဒီလိုပြောလို့ တစ်ယူသန်နိုင်ငံရေး၊ ခေတ်နောက်ပြန်ဆွဲသူ၊ နိုင်ငံရေးအပြောင်းအလဲကို ဆန့်ကျင်သူ၊ ဘာသာရေးကိုခုတုံးလုပ်သူ၊ အစွန်းရောက်ဘာသာရေးအယူအဆရှိသူ မဟုတ်ပါဘူး။ နိုင်ငံရေးအပြောင်းအလဲကို လိုလားပါတယ်။ ဒီမိုကရေစီစနစ်ကို လက်ခံပါတယ်။ နိုင်ငံတိုးတက်တာ၊ ပြည်သူတွေ ကြီးပွားချမ်းသာတာ အပြည့်အဝလိုလားပါတယ်။ ဒါပေမဲ့ နိုင်ငံရေးဆိုင်ရာ တိုးတက်ပြောင်းလဲတာကိုလိုချင်ပေမယ့် နိုင်ငံရေးနဲ့မဆိုင်တဲ့ ဘာသာ၊ သာသနာကို စော်ကားတာ၊ ဖျက်ဆီးတာ၊ ညှိုးနွမ်းအောင်လုပ်တာကိုတော့ ခွဲခြားကြည့်ရမှာပါ။ ကိုယ့်နိုင်ငံသားအများစု ယုံကြည်ကိုးကွယ်ရာဘာသာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ သူတစ်ပါးကိုဖြစ်စေ၊ သူတစ်ပါးဘာသာကိုဖြစ်စေ စော်ကားခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း မဟုတ်တဲ့အတွက် ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်ရှိပါတယ်။ အခုလို ရေးရတာကလည်း နိုင်ငံရေးမှန်းမသိ၊ ဘာသာရေးမှန်းမသိတဲ့ လူအန္ဓတွေရဲ့ အပြောအဆို၊ အပြုအမူတွေနဲ့ အကြံအစည်တွေဟာ တစ်စထက်တစ်စ များပြားလာလို့ပဲ ဖြစ်ပါတယ်။

### ဘာတွေ အကျိုးအမြတ်ရခဲ့ကြသလဲ

အရင်ကလည်း အမျိုးသမီးထဘီတွေ ကြိုးတန်းကြ၊ အမျိုးသမီးအောက်ခံတွေနဲ့ ဘုန်းတော်ကြီးပုံတွေ ချိတ်ဆွဲကြလုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ်ခဲ့တာတွေ အခုအချိန်မှာ ပြန်စဉ်းစားကြည့်ကြပါ။ ဘာတွေအကျိုးအမြတ်ရခဲ့ကြသလဲ။ လုပ်ရပ်တွေ မှန်ခဲ့သလား၊ မှားခဲ့သလားဆိုတာ အခုအချိန်မှာ ပြန်ကြည့်ရင် မြင်နိုင်ပါပြီ။ နိုင်ငံရေးနဲ့မသက်ဆိုင်တဲ့ သာသနာကို ဖျက်ဆီးခဲ့ကြပါတယ်။ သာသနာညှိုးနွမ်းအောင် လုပ်ခဲ့ကြပါတယ်။ သာသနာညှိုးနွမ်းအောင် ရေးခဲ့ကြ၊ ပုံတွေဆွဲကြ၊ လှုံ့ဆော်ခဲ့ကြတာ အောင်မြင်ခဲ့သလား။ နိုင်ငံရေးအရမအောင်မြင်ခဲ့သလို အဲဒီလိုအသိတရားမဲ့တဲ့လုပ်ရပ်တွေကြောင့် ပစ္စုပ္ပန်ဘဝမှာရော သံသရာမှာပါ သာသနာဖျက်ဆီးသူ၊ သာသနာကို ညှိုးနွမ်းအောင်လုပ်တဲ့သူ ဖြစ်နေမှာတော့ အမှန်ပါပဲ။

ဘာသာတစ်ခုကို ကိုးကွယ်ယုံကြည်တယ်ဆိုတာ မိရိုးဖလာကိုးကွယ်ယုံကြည်မှုအပြင် ကိုယ်ကိုယ်တိုင်က ဆင်ခြင်သိနဲ့ နားလည်ဖို့လိုပါတယ်။ ကိုးကွယ်မှုရဲ့နောက်မှာ နက်နဲတဲ့ယုံကြည်မှု ပါပါတယ်။ အားလုံးသိတဲ့ ကာလာမသုတ်မှာ **မာ အနုဿဝေန** – ပြောသံကြားရုံနဲ့လည်း မယုံနဲ့။ **မာ ပရမ္ပရာယ** – ရှေးရိုးစဉ်ဆက်စကားရယ်လို့လည်း မယုံနဲ့။ **မာ တက္ကဟေတု** – အဲသလိုဖြစ်ဖူးသတဲ့လို့လည်း မယုံနဲ့။ **မာ နယဟေတု** – ကိုယ့်ဘာသာ တွေးမိကြံမိတာလောက်ကလေးနဲ့လည်း မယုံနဲ့။ **မာ ဘဗ္ဗရူပတာယ** – ကိုယ့်ခံယူထားချက်နဲ့ တူတယ်ဆိုရုံနဲ့လည်း မယုံနဲ့။ **မာ ပိဋကသမ္ပဒါနေန** – ပိဋကတ်စာပေကျမ်းဂန်ထဲမှာပါတယ်ဆိုရုံနဲ့လည်း မယုံနဲ့။ **မာ သာမဏော နောဂရုတိ** – ကိုယ်ယုံကြည် ရိုသေတဲ့သူရဲ့စကားဆိုပြီးတော့လည်း မယုံနဲ့လို့ ဟောထားတာ ဗုဒ္ဓဘာသာဝင်တိုင်း သိပါတယ်။ ကျင့်ကြံကြဖို့ပဲ လိုတာပါ။

ဒါပေမဲ့ လောဘ၊ ဒေါသ၊ မောဟတွေဖုံးလွှမ်း၊ ကိုယ်တိုင်အသိဉာဏ်ဆင်ခြင်တရားမဲ့စွာနဲ့ ပြောဆို၊ ပုတ်ခတ်နေကြတာဟာ ဒီနိုင်ငံ၊ ဒီပြည်သူ၊ ဒီသာသနာအတွက် အခုအတွက်လည်း မကောင်းနိုင်သလို ရေရှည်အတွက်လည်း မကောင်းနိုင်ပါဘူး။

### အသိဉာဏ်နဲ့ ဆင်ခြင်တုံတရား

နိုင်ငံရေးသတ္တဝါဖြစ်တဲ့လူတွေ နိုင်ငံရေးယုံကြည်ချက်အတွက် ဆန္ဒပြတယ်၊ အစိုးရကို ဆန့်ကျင်တယ်ဆိုတာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာဖြစ်တာ မဟုတ်ပါဘူး။ နိုင်ငံတကာမှာလည်း ဖြစ်လေ့ရှိကြပါတယ်။ အနီးစပ်ဆုံး ထိုင်းနိုင်ငံမှာဖြစ်နေတဲ့ ဆန္ဒပြမှုတွေ၊ အစိုးရဆန့်ကျင်ရေးတွေကိုပဲ ကြည့်လိုက်ကြပါ။ ကိုယ့်ဆီမှာလို ကိုယ်တိုင်ကိုးကွယ်နေတဲ့သာသနာကို ဖျက်ဆီးကြသလား၊ သာသနာညှိုးနွမ်းအောင် လုပ်ကြသလားဆိုတာ ကိုယ်ပိုင်အသိဉာဏ်နဲ့ မြင်အောင်ကြည့်စေချင်ပါတယ်။ ဒါဟာ ကိုယ်စီကိုယ်စီရဲ့ အသိဉာဏ်၊ ဆင်ခြင်တုံတရား ကွာခြားချက်ပါ။ ဒီလိုပြောလို့ သူတစ်ပါးနိုင်ငံ၊ သူတစ်ပါးလူမျိုးကို အထင်ကြီးပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို အထင်သေးတာ လုံးဝမဟုတ်ပါဘူး။ တိုးတက်ဖို့ဆိုရင် ကောင်းတာကိုအတုယူတတ်ရမယ်။ မကောင်းတာကိုလည်း စွန့်လွှတ်ရဲ၊ ပစ်ပယ်ရဲဖို့ လိုပါတယ်။ လူနဲ့တိရစ္ဆာန်ရဲ့ ကွာခြားချက်ထဲမှာ ရုပ်သွင်ပြင်လက္ခဏာတွင် မကပါဘူး၊ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရားပါ ပါဝင်ပါတယ်။

ဒီတော့ ပြဿနာတစ်ရပ်ကို ဝေဖန်စဉ်းစားကြရာမှာ ဆိုင်ရာဆိုင်ရာကို ခွဲခြားရှုမြင်ကြဖို့ အရေးကြီးပါတယ်။ နိုင်ငံရေးကို နိုင်ငံရေးလိုမစဉ်းစားတတ်ဘဲ ကိုယ့်ကိုးကွယ်ရာဘာသာရဲ့ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးတွေကို စော်ကားကြ၊ ပုတ်ခတ်ကြတာဟာ နိုင်ငံတကာမှာ ရှက်ဖွယ်လိလိ အပြောအဆိုနဲ့ လုပ်ရပ်တွေပါ။ ကိုယ်နဲ့ဘက်မတူသူမှန်သမျှကို သတ်ဖြတ်၊ ပုတ်ခတ်၊ စော်ကားနေတာတွေဟာ ဒီမိုကရေစီလိုလားသူတွေရဲ့ ဒီမိုကရေစီအနှစ်သာရတွေ၊ အလေ့အကျင့်တွေနဲ့ နည်းလမ်းတွေလားလို့ မေးခွန်းထုတ်ရမလိုပါပဲ။

### ဒီမိုကရေစီရဲ့ အနှစ်သာရတွေကို သိဖို့လို

ဒီမိုကရေစီကိုလိုလားတဲ့သူဆိုရင် ဒီမိုကရေစီရဲ့ အနှစ်သာရတွေကို သိဖို့လိုပါလိမ့်မယ်။ ကြားဖူးနားဝဒီမိုကရေစီ၊ ဝေလေလေဒီမိုကရေစီ၊ သူများယောင်လို့ယောင်တဲ့ဒီမိုကရေစီ မဖြစ်သင့်ပါဘူး။ ဒီမိုကရေစီနဲ့ပတ်သက်လို့ မြန်မာနိုင်ငံသားစစ်စစ်၊ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း၊ ဗုဒ္ဓဘာသာကို နက်နက်ရှိုင်းရှိုင်းကိုးကွယ်ယုံကြည်သူ ဦးသန့်က ကျောင်းတွင်းဒီမိုကရေစီစာအုပ်မှာ အခုလိုရေးထားပါတယ်။ (ဒီမိုကရေစီ) ဟူသော စကားလုံးသည် ရံဖန်ရံခါ အဓိပ္ပာယ်ကင်းမဲ့စွာ အသုံးပြုခြင်းကို ခံရတတ်လေသည်။ နိုင်ငံရေးနှင့်စပ်လျဉ်း၍ သဘောကျသော အကြောင်းအရာတစ်ရပ်ကို (ဒီမိုကရေစီ) ဖြစ်သည်ဟုချီးကျူးပြောဆိုလေ့ရှိကြ၍ သဘောမကျသော အကြောင်းအရာတစ်ရပ်ကို (ဖက်ဆစ်) ဖြစ်သည်ဟု ကဲ့ရဲ့ရှုတ်ချလေ့ရှိကြ၏။ သို့ရာတွင် ထိုသို့ ပြောဆိုသုံးစွဲသူတို့သည် အများအားဖြင့် ဒီမိုကရေစီ၏ အဓိပ္ပာယ်ကိုသော်လည်းကောင်း၊ ဖက်ဆစ်၏ အဓိပ္ပာယ်ကိုသော်လည်းကောင်း မသိရှာကြလေ။ ဒီမိုကရေစီသည် ပါတီနိုင်ငံရေး မဟုတ်၊ အားလုံးနှင့်သက်ဆိုင်သော နိုင်ငံရေးပါတီဖြစ်၏။.....ဒီမိုကရေစီဝါဒ အောင်မြင်စေရန်အတွက် ပဌမအဆင့်မှာ တိုင်းသူပြည်သားများသည် အသိဉာဏ်ပညာတိုး၍ တိုး၍ ရင့်သန်လာရမည်..... လို့ ရေးထားပါတယ်။

နောက်ပြီး ဒီမိုကရေစီမှာ မတူကွဲပြားတာ၊ အယူအဆမတူတာနဲ့ ပတ်သက်လို့ ရေးထားပါသေးတယ်။ စိတ်ကူးအယူအဆချင်း မတူညီကြသည်ကို တစ်သဘောတည်းဖြစ်အောင် ဒီမိုကရေစီက စုစည်း၍မပေး၊ စိတ်ကူးအမျိုးမျိုး အယူအဆအမျိုးမျိုးမှ တိုင်းပြည်အတွက် အဖိုးတန်ဆုံးသော အကြံဉာဏ်များ ပေါ်ပေါက်လာလိမ့်မည်ဟု ဒီမိုကရေစီသည် အားကိုးယုံကြည်၏လို့ ဆိုထားပြန်ပါတယ်။ ဒီသဘောတွေကို ဒီကနေ့ ဒီမိုကရေစီကျင့်သုံးတဲ့နိုင်ငံတွေရဲ့ ဒီမိုကရေစီ အယူအဆ၊ အလေ့အကျင့်တွေနဲ့ ချိန်ထိုးကြည့်ရင် ပိုပြီးသိသာမြင်သာပါလိမ့်မယ်။ ပြီးရင် ဒီမိုကရေစီ ကြွေးကြော်ပြီး ဒီမိုကရေစီတိုက်ပွဲဝင်နေပါတယ်ဆိုတဲ့သူတွေရဲ့ အယူအဆ၊ အပြောအဆို၊ လုပ်ရပ်တွေနဲ့ ပြန်လည်ချိန်ထိုးကြည့်ရင် ကိုယ့်ရဲ့အပြောအဆို၊ လုပ်ရပ်တွေဟာ ဒီမိုကရေစီနဲ့ကိုက်ညီလား၊ ဆန့်ကျင်လား တွေ့ရပါလိမ့်မယ်။

### ပြဒါးတစ်လမ်း သံတစ်လမ်း

ဆိုတော့ ဒီလိုလုပ်ရပ်တွေ၊ အပြုအမူတွေ၊ နည်းလမ်းတွေနဲ့ ဒီမိုကရေစီစနစ်ရောက်ဖို့ဆိုတာ လိုက်လေဝေးလေ ဖြစ်နေပါလိမ့်ဦးမယ်။ ကိုယ့်ကိုယ်ကိုလည်း မသိ၊ သူတစ်ပါးကိုယ်လည်းမသိနဲ့ ဒီမိုကရေစီသိဖို့ဆိုတာ ပိုဝေးပါတယ်။ ဒီမိုကရေစီအောင်မြင်ဖို့ ပဌမအဆင့် တိုင်းသူပြည်သားတွေရဲ့ အသိဉာဏ်ပညာတိုး၍ ရင့်သန်လာရမည်ဆိုတဲ့ ဦးသန့်စကားနဲ့ကတော့ ပြဒါးတစ်လမ်း သံတစ်လမ်းအခြေအနေမှာ ရှိနေတုန်းပါ။ ကိုယ့်ရဲ့ နိုင်ငံရေးရည်မှန်းချက်၊ အယူအဆ၊ နည်းလမ်းစတဲ့ အနှစ်သာရကို ရှင်းရှင်းလင်းလင်းနားလည်မှ လုပ်သင့်တာ၊ မလုပ်သင့်တာ ခွဲခြားနိုင်မှာပါ။ လုပ်ရမယ့်ဟာနဲ့ မလုပ်ရမယ့်ဟာ အနှစ်နဲ့အကာ ခွဲခြားလုပ်ဆောင်မှ ကောင်းတဲ့အကျိုးဆက်ကို ရနိုင်ပါလိမ့်မယ်။

အနှစ်နဲ့အကာကို ခွဲခြားသိမြင်ဖို့ ဓမ္မပဒ– ယမကဝဂ်၊ အရှင်သာရိပုတ္တရာဝတ္ထုမှာ သာရေ စ သာရတော ဉတွာ၊ အသာရေ စ အသာရတော။ တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ အနှစ်မရှိတရားကို “အနှစ်ရှိ၏”ဟု မှတ်ထင်သူများသည် အနှစ်ရှိတရား၌ “အနှစ်မရှိ”ဟု မြင်ပြီး မကောင်းသောအကြံများ ကျက်စားလျက် သီလစသော အနှစ်အရသာမှ ကင်းကွာကြကုန်၏။ အနှစ်ရှိတရားကို “အနှစ်ရှိ၏”ဟု ထင်မြင်သူများသည် အနှစ်မရှိသောတရား၌ “အနှစ်မရှိ” ဟုမြင်ပြီး ကောင်းသောအကြံများ ကျက်စားလျက် သီလစသောအနှစ်အရသာကို ခံစားနိုင်ကြကုန်၏ လို့ ဆိုပါတယ်။

### မှန်ကန်တဲ့လုပ်ရပ်ဖြစ်လာနိုင်

ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ရင်လည်း ဗုဒ္ဓဘာသာရဲ့ အနှစ်သာရ၊ အကျင့်သီလ၊ ရည်ရွယ်ရာပန်းတိုင်ကို သိရှိလိုက်နာကျင့်ကြံနိုင်သူဖြစ်ဖို့လိုသလို ဒီမိုကရေစီလိုလားရင်လည်း ဒီမိုကရေစီ အနှစ်သာရနဲ့ အလေ့အကျင့်တွေကို သိရှိလိုက်နာနိုင်သူဖြစ်မှ အနှစ်ကိုသိသူ ဖြစ်ပါလိမ့်မယ်။ အနှစ်တရားတွေကို ကိုယ်တိုင်မသိသရွေ့တော့ အငှားဦးနှောက်တွေနဲ့ မကောင်းတဲ့အကြံအစည်၊ အပြောအဆို၊ အပြုအမူ၊ နည်းလမ်းတွေနဲ့ပဲ ဘဝတွေနစ်မွန်းသွားကြမှာ နစ်နာလှပါတယ်။ ဒီတော့ ကိုယ့်အသိတရား၊ ဆင်ခြင်ဉာဏ်နဲ့ ဝေဖန်စဉ်းစားလုပ်ကိုင်မှ မှန်ကန်တဲ့လုပ်ရပ်ဖြစ်လာနိုင်မှာပါ။

ကိုယ်လုပ်နေတဲ့အလုပ်ကို ကုသိုလ်မှန်း၊ အကုသိုလ်မှန်း မသိခြင်းဟာ မောဟဖြစ်ပါတယ်။ အကုသိုလ်စေတသိက် (၁၄) ပါးမှာ လောဘ၊ ဒေါသ၊ မောဟစေတသိက်ဟာ အလုံးစုံသော အကုသလ ပါပဓမ္မတို့ရဲ့ အရင်းအမြစ်အခြေခံဖြစ်သော အကုသလမူလတရားဖြစ်ကြောင်း လယ်တီဒီပနီပေါင်းချုပ် ပထမတွဲမှာ ဖော်ပြထားပါတယ်။ အကုသိုလ်တရား မောဟစေတသိက်ကြောင့် ဆင်ခြင်တုံတရား၊ အသိဉာဏ်ကင်းမဲ့လာတာဟာ တိရစ္ဆာန်လိုပါပဲလို့ ဆိုပါတယ်။

ဒီတော့ ဒီမိုကရေစီကြွေးကြော်ပြီး ဒီမိုကရေစီကျင့်စဉ်နဲ့ဆန့်ကျင်တာ၊ ဗုဒ္ဓဘာသာကိုးကွယ်ပြီး ဗုဒ္ဓဘာသာရဲ့အနှစ်သာရတွေနဲ့ ဆန့်ကျင်ပြီး ပြောဆိုပြုမူလုပ်ဆောင်နေကြတာဟာ လောကီ၊ လောကုတ္တရာ ချမ်းသာသုခနဲ့ ဆန့်ကျင်ဘက်အကျိုးဆက်တွေပဲ ရပါလိမ့်မယ်။ ။

**ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ရင်လည်း ဗုဒ္ဓဘာသာရဲ့ အနှစ်သာရ၊ အကျင့်သီလ၊ ရည်ရွယ်ရာပန်းတိုင်ကို သိရှိလိုက်နာကျင့်ကြံနိုင်သူဖြစ်ဖို့လိုသလို ဒီမိုကရေစီလိုလားရင်လည်း ဒီမိုကရေစီ အနှစ်သာရနဲ့ အလေ့အကျင့်တွေကို သိရှိလိုက်နာနိုင်သူဖြစ်မှ အနှစ်ကိုသိသူ ဖြစ်ပါလိမ့်မယ်။ အနှစ်တရားတွေကို ကိုယ်တိုင်မသိသရွေ့တော့ အငှားဦးနှောက်တွေနဲ့ မကောင်းတဲ့အကြံအစည်၊ အပြောအဆို၊ အပြုအမူ၊ နည်းလမ်း တွေနဲ့ပဲ ဘဝတွေနစ်မွန်းသွားကြမှာ နစ်နာလှပါတယ်။ ဒီတော့ ကိုယ့်အသိတရား၊ ဆင်ခြင်ဉာဏ်နဲ့ ဝေဖန်စဉ်းစားလုပ်ကိုင်မှ မှန်ကန်တဲ့လုပ်ရပ်ဖြစ်လာနိုင်မှာပါ**

# လိမ္မော်အပါအဝင် ရှောက်မျိုးရင်းဝင်များ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် သုတေသနများ၊ ပြပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပသွားမည်

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာနိုင်ငံ၏ သစ်သီးဝလံသွင်းကုန်များအပေါ် စိစစ်ချက်အရ သုံးနှစ်အတွင်း သစ်သီးဝလံတင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာသန်း ၅၀ ခန့် နှစ်စဉ်အသုံးပြုလျက်ရှိပြီး လိမ္မော်သီးတင်သွင်းမှုမှာ ၅၀ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း ရေမြေ ရာသီဥတု စုံလင်သည့် မိမိတို့နိုင်ငံတွင် သွင်းကုန်အစားထိုး အရည်အသွေးကောင်း သစ်သီးဝလံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆွေးနွေးပွဲများ၊ ပြပွဲ ပြိုင်ပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၌ ကျင်းပသည့် ဥယျာဉ်ခြံသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်ရေး ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးဦးတင်ထွဋ်ဦးက ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်မှုလယ်ယာသုတေသနအတွက်ဌာနမြေသီးခြားရွေးချယ်ရန် မြေနေရာကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန် သုတေသနဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ပြည်သူပြည်သားများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် စားနပ်ရိက္ခာဖူလုံရေးတွင် အာဟာရဓာတ်ဖူလုံရေးကိုလည်း အဓိကထားဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ မြန်မာပြည်မြောက်ဖျားပိုင်းဒေသတွင် ဂရိတ်ဖရုကို လည်းကောင်း၊ တောင်ဘက်ပိုင်းမွန်၊ တနင်္သာရီဒေသတွင် ကျွဲကောကိုလည်းကောင်း၊ အခြားဒေသအသီးသီးတွင်လည်းကောင်း လက်ရှိစိုက်ပျိုးလျက်ရှိရာ လိမ္မော်၊ ရှောက်ချို၊ သံပရာ စသည့်သီးနှံများကို ရေမြေရာသီဥတု အခြေအနေပေးသည့်ဒေသများ၌ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပြည်တွင်းစားသုံးမှုအတွက် သာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေး မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် လိမ္မော်ရာသီမှ စတင်ကာ ဒေသအနှံ့ရှိ လိမ္မော်အပါအဝင် ရှောက်မျိုးရင်းဝင်များကို စုစည်း၍ ပြပွဲပြိုင်ပွဲများ ကျင်းပပေးနိုင်ရေးနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်း မြို့နယ်ရှိ အမှတ် (၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ) (Industrial Training Centre –ITC) သို့ရောက်ရှိပြီး ပုံမှန် သင်တန်းများ ပြန်လည်ဖွင့်လှစ်လျှင် အဆင်သင့်ဖြစ်နေအောင် ကြိုတင်ပြင်ဆင်ထားရန်၊ သင်တန်းကျောင်းရှိ သင်ထောက်ကူပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး အစဉ်အမြဲစစ်ဆေး၍ ပြုပြင်ထိန်းသိမ်းထားရန်၊ သင်တန်းသားများအား လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုရှိစေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် နှလုံးရည် (Knowledge, Skill, Attitude) အားလုံးပြည့်ဝအောင် လေ့ကျင့်သင်ကြားပေးရန်၊ သင်တန်းများအား **"လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု အခြေပြုပညာရေးနှင့် လေ့ကျင့်ရေးစနစ်"** Competency based education and Training စနစ်ဖြင့် သင်ကြားပို့ချရန် မှာကြားကာ သင်တန်းကျောင်းအတွင်းရှိ သင်ထောက်ကူပစ္စည်း အသုံးပြုသင်ကြားရေးဓာတ်ခွဲခန်းများ၊ အလုပ်ရုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းတစ်ခုချင်းအလိုက် မိမိသင်တန်း မိမိပြန်လည်ဆန်းစစ်သည့် အစီရင်ခံစာ (Self Assessment Report) ပြုစုတင်ပြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

### မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၁၆)အကြီးစားစက်ရုံ (ဆင်တဲ)သို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား နိုင်ငံပိုင်စက်ရုံ/ အလုပ်ရုံများကို အကျိုးရှိအောင် ပြန်လည် လည်ပတ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမှတ်(၁၆) အကြီးစား စက်ရုံ(ဆင်တဲ)သည်အစဉ်အလာ ကြီးမားသည့် စက်ရုံကြီးဖြစ်သည့်အလျောက် ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် ပေးအပ်လာသည့် တာဝန်များကိုကျရာ အခန်းကဏ္ဍမှ ကျေပွန်အောင် ထမ်းဆောင်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၄ ရက်တွင် အမှတ်(၂၃)အကြီးစားစက်ရုံ (ညောင်ခြေထောက်)သို့ ရောက်ရှိ၍ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား နိုင်ငံတော်အတွက် အကျိုးရှိအောင် လည်ပတ်ရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားပြီး စက်ရုံများအား လှည့်လည်ကြည့်ရှု၍ ဝန်ထမ်းများနှင့်



ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၅ ရက်တွင် မကွေးတိုင်းဒေသကြီး မင်းလှမြို့ရှိ အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)သို့ ရောက်ရှိပြီး စက်ရုံရှိကုန်ကြမ်း၊ ကုန်ချောစက်ပစ္စည်း စသည့် ပုံသေပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး ပြုပြင်ထိန်းသိမ်းထားရန်နှင့် စာရင်းဇယားများ စနစ်တကျ ပြုစုထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ရှိ ဆပ်ပြာစက်ရုံသို့ ရောက်ရှိရာ ရွှေဝါဆပ်ပြာများ ထုတ်လုပ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၂၆) အကြီးစားစက်ရုံသို့ ရောက်ရှိပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် Turbine စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများ၊ မြို့နယ်များအတွက် လိုအပ်သော Turbine များ ထုတ်လုပ်နိုင်ရေး ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော် သန့်ရှင်းသာယာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်



**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၂၇)ရပ်ကွက် ဘဲတန်းချောင်းအတွင်း အမှိုက်၊ ဒိုက်၊ ဗေဒါများ ဆယ်ယူ၍ တူးဖော်ရှင်းလင်းနေမှုများကိုလည်းကောင်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်လမ်း (ကျားကြီးရေတံခါးနှင့် ဘုရင့်နောင်လမ်းအကြား) အရှည် ၁၇၈၈၂ ပေ၊ အကျယ် ၂၂ ပေ၊ ဒု ၁၁ လက်မ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ၁၀၇ ရပ်ကွက် မြဝတီမင်းကြီးလမ်း၊ ဗန္ဓုလလမ်းနှင့် ကရုဏာလမ်းအကြား အရှည် ပေ ၂၂၅၀၊ အကျယ် ၁၈ ပေ ကွန်ကရစ်လမ်းခင်းနေမှု၊ ရပ်ကွက် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း (ဩရိဿတောင်ပိုင်း ကမ်းလွန်-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

**မိုး/ဇလ**

**ပြည်တွင်းရေးရာ**

# ပန်းခင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ






**နေပြည်တော် စက်တင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွင်း ပန်းခင်းစီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတော်၏စီမံချက်ဖြစ်သည့် ပန်းခင်းစီမံချက်အား မိမိတို့ဌာနက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်သည် သတ်မှတ်အချိန်ကာလအတွင်း သတ်မှတ်လုပ်ငန်းပမာဏ ပြည့်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရမည့် အခြေအနေ၊ ယခု ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးရသည့်အပေါ် စနစ်တကျ သုံးသပ်ကာ ဆောင်ရွက်နိုင်သမျှလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်ကြရန်လိုအပ်မှု၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရေး အခြေအနေ၊ လုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများကလည်း ဒေသအာဏာပိုင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရမည့် အခြေအနေ၊ မီဒီယာပိုင်းမှ online/ offline အသုံးပြု၍ ပြည်သူများ သိရှိနားလည်ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုအခြေအနေ၊ လက်ရှိအခြေအနေအရ တပ်မတော်အပါအဝင် အဖွဲ့အစည်းအသီးသီးသို့ ဆက်သွယ်အသိပေးကာ စာရင်းဇယားများ ကောက်ယူဆောင်ရွက်ရေးနှင့် ရုံးများသို့ လာရောက်ဆောင်ရွက်နိုင်မည့် အရေအတွက် သတ်မှတ်ကန့်သတ်ဆောင်ရွက်ပေးနိုင်ရေးအခြေအနေ၊ ဆောင်ရွက်ရမည့် လုပ်ငန်း ပမာဏအလိုက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရင်း ရည်မှန်းချက်သို့ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ဦးစီးမှူးများက ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပန်းခင်းစီမံချက်သည် နိုင်ငံသားတိုင်း လူမှုဘဝပြည့်စုံနိုင်ရေးအတွက် အရေးကြီးသော အထောက်အထားထုတ်ပေးသည့် စီမံချက်ဖြစ်သည်နှင့်အညီ ပြည်သူများ သိရှိဆောင်ရွက်စေရေး နည်းမျိုးစုံအသုံးပြု၍ အလေးထားဆောင်ရွက်ကြရန်မှာကြားသည်။

**သတင်းစဉ်**

■

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး တာဝန်ခံကျောင်းအုပ်၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ဆရာဆရာမများနှင့် တွေ့ဆုံကာ ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ အေးချမ်းစွာပညာသင်ကြား သင်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရူပဗေဒ၊ ဇီဝဗေဒ၊ ဓာတုဗေဒ လက်တွေ့ခန်းသုံးပစ္စည်းများကို စနစ်တကျ အကျိုးရှိ ထိရောက်စွာ အသုံးပြုရန်လိုကြောင်း၊ အသုံးပြုမှုကြောင့် ပျက်စီးမှုများကို ပြန်လည်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဆရာဆရာမများအနေဖြင့် ရုံးပိတ်ရက်ရှည် ခံစားနေသည့်ကာလအတွင်း မိမိသင်ကြားရသည့် ဘာသာရပ်များအလိုက် သင်ရိုးညွှန်းတမ်းနှင့်သက်ဆိုင်သော ဘာသာရပ်များကို အရည်အသွေးမြှင့်တင်ရန် စဉ်ဆက်မပြတ် လေ့လာနေရန်လိုကြောင်း မှာကြားသည်။

**ဖြည့်ဆည်းပေးရေး**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး၊ ကွန်ပျူတာများဖြည့်ဆည်းပေးရေး၊ စာကြည့်တိုက်သုံး စာအုပ်၊ ပရိဘောဂများ ဖြည့်ဆည်းပေးရေးနှင့် ကျောင်းရှိမြေနှင့်ကိုက်ညီသည့် အားကစားရုံ၊ အားကစားကွင်း၊ ဘောလုံးကွင်း၊ ပြေးလမ်းပတ်လမ်းများနှင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ် ပြည်စံအောင် အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာများ ပိုမိုကောင်းမွန်ရေးတို့ကို လမ်းညွှန်မှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကန့်ဘလူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး




**မုံရွာ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိပြီး သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုလုပ်ငန်းများ၊ သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေနှင့် ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျွန်းလှမြို့ သီတဂူဗုဒ္ဓတက္ကသိုလ် သံဃာ့ဆေးရုံ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်စိမ်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကျွန်းလှမြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် လူမှုရေးအသင်းအဖွဲ့များအား အိမ်သုံးအောက်ဆီဂျင်စက်များ၊ အောက်ဆီဂျင်အိုးများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် ကျွန်းလှမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ ကျန်းမာရေးဝန်ထမ်းများနှင့် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန့်ဘလူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးတွင် သက်ဆိုင်ရာများထံ အိမ်သုံးအောက်ဆီဂျင်စက်များ၊ အောက်ဆီဂျင်အိုးများနှင့် ကာကွယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့်ဆေးဝါးများ၏ ပေါက်ဈေးများ

(၆-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats(Retail) | Company Name |
|---|---|---|---|---|
| Anti-inflammatory | | | | |
| 1 | Injection - Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 2 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 3 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 4 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 5 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 6 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 7 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 8 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 9 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 10 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့် ဆေးပစ္စည်းများ လက်လီလက်ကားရောင်းချပေးသည့်အစီအစဉ် တိုးချဲ့ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၆**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့တွင် ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ၁၂ ခုမှ အိမ်သုံးဆေးဝါး ၁၅၄ မျိုးအား ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ၃၂ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွှတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈) နေရာ၌လည်း ၁၆ ရက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် ငါးသိန်းကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

သတင်းစဉ်

## ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ဆန်အိတ်များ ထောက်ပံ့ပေးအပ် စစ်တွေမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၆**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့်ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များအတွင်းရှိပြည်သူ အိမ်ထောင်စု စုစုပေါင်း ၃၃၃၈၁ စုတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆန်အိတ် ၈၃၄၆ အိတ်တို့ကို ယနေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကော်ဖီသီးနှံစိုက်ပျိုးရေးနှင့် နွားနောက်မွေးမြူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဟားခါး စက်တင်ဘာ ၆**

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်၍ ကော်ဖီသီးနှံစိုက်ပျိုးရေးနှင့် နွားနောက်မွေးမြူရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကုန်းမြင့်လယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကော်ဖီသီးနှံစိုက်ပျိုးရေးနှင့် နွားနောက်မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် တိုးချဲ့ဆောင်ရွက်နိုင်မှုအခြေအနေ၊ ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်ရန် လိုအပ်သည့် စက်၊ ယန္တရားများ ဝယ်ယူပေးနိုင်မှုအခြေအနေ၊ မျိုးကောင်းမျိုးသန့်ရရှိရေး နည်းပညာအကူအညီများ ပံ့ပိုးပေးနိုင်မှုအခြေအနေ စသည်တို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်၍ ကော်ဖီသီးနှံစိုက်ပျိုးရေးနှင့် နွားနောက်မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးသွားရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **မင်းမြင့်မိုရ်**

## လက်ပံတန်းမြို့၌ အောက်ဆီဂျင်ထုတ်စက် တပ်ဆင်

**လက်ပံတန်း စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသော ကိုဗစ်-၁၉ ရောဂါလူနာများနှင့် အောက်ဆီဂျင် အသုံးပြုနေရသူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် အောက်ဆီဂျင်ထုတ်စက်ကို ယမန်နေ့ ညနေပိုင်းက လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံကြီး၌ တပ်ဆင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်စက်သည် မကြာမီရက်အတွင်း အောက်ဆီဂျင်များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပြီး တစ်နာရီလျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးလေးလုံး ထုတ်လုပ်နိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ)

ကိုအောင်(ရန်ကုန်)

(ယမန်နေ့မှအဆက်)

**အမျိုးသားရွေးကောက်ပွဲကော်မရှင် (Comissão Nacional de Eleições – CNE)**

အမျိုးသားရွေးကောက်ပွဲကော်မရှင် (CNE) အား ကော်မရှင်အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသည်။ အဖွဲ့ဝင်သုံးဦးအား သမ္မတကလည်းကောင်း၊ အဖွဲ့ဝင် သုံးဦးအား အမျိုးသားလွှတ်တော်ကလည်းကောင်း၊ အဖွဲ့ဝင် သုံးဦးအား အစိုးရအဖွဲ့ကလည်းကောင်း ခန့်အပ်သည်။ ကျန်ကော်မရှင်အဖွဲ့ဝင်များမှာ (၎င်း၏ လုပ်ဖော်ကိုင်ဖက်များက ရွေးကောက်တင်မြှောက်သော) တရားစီရင်ရေးဆိုင်ရာ ရာဇဝတ်တရားသူကြီး တစ်ဦး၊ စွဲချက်တင် ရာဇဝတ်တရားသူကြီးတစ်ဦးနှင့် အစိုးရတရားခံရှေ့နေ တစ်ဦးတို့ဖြစ်ကြပြီး ကတ်သလစ်ဘုရားကျောင်းမှ ရွေးချယ်သူတစ်ဦး၊ အခြားသောဘာသာများမှ ရွေးချယ်သူတစ်ဦးနှင့် အမျိုးသမီးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးတို့ဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင်များ၏ သက်တမ်းမှာ ခြောက်နှစ်ဖြစ်ပြီး နောက်ထပ်သက်တမ်းတစ်ကြိမ်သာ ထပ်မံတာဝန်ထမ်းဆောင်ခွင့်ရှိသည်။ ဥက္ကဋ္ဌအဖြစ် ကော်မရှင်အဖွဲ့ဝင်များအနက်မှ တစ်ဦးအား ရွေးချယ်ခန့်အပ်သည်။

ကော်မရှင်က နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများကိစ္စ၊ မဲဆန္ဒရှင်စာရင်းနှင့် ဒေတာဘေ့စ်ကိစ္စ၊ ဥပဒေရေးရာကိစ္စများနှင့် တရားစွဲဆိုခြင်းအမှုကိစ္စ၊ အများပြည်သူဆက်ဆံပြန်ကြားရေးကိစ္စများအား ဆောင်ရွက်သည်။ STAE ၏ လုပ်ငန်းဆောင်ရွက်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိကိုလည်း ကြီးကြပ်ဆောင်ရွက်သည်။ အမျိုးသားရွေးကောက်ပွဲကော်မရှင် (CNE) တွင် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော အတွင်းရေးမှူးချုပ်ရုံးရှိပြီး လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ သတင်းအချက်အလက်၊ ဆက်သွယ်ပြန်ကြားရေး၊ မှတ်တမ်းတင်ခြင်းနှင့် ဥပဒေရေးရာထောက်ပံ့ပေးခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ခရိုင် ၁၃ ခုတွင်လည်း ကော်မရှင်အဖွဲ့ခွဲဝန်ထမ်းများ ခန့်အပ်ကာ ဆောင်ရွက်သည်။

**ရွေးကောက်ပွဲစီမံအုပ်ချုပ်ရေးအတွက် နည်းပညာအထောက်အပံ့ဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံး (Secretariado Técnico de Administração Eleitoral – STAE)**

STAE သည် အုပ်ချုပ်ရေးနှင့်နယ်နိမိတ်စီမံခန့်ခွဲရေးဝန်ကြီးဌာန (Ministry of State Administration and Territorial Management) အောက်တွင်ရှိသည့် အစိုးရအဖွဲ့အစည်းဖြစ်သည်။ STAE အား ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်ပြီး ဝန်ထမ်း ၁၂၀ ခန့်ရှိကာ ဝန်ထမ်းအများစုမှာ ခရိုင်များရှိရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ STAE ၏အဓိကလုပ်ငန်းတာဝန်မှာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား အကောင်အထည်ဖော်ရန်ဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများမူကြမ်းရေးဆွဲခြင်း၊ သင်တန်းများပို့ချခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်း၊ သတင်းအချက်အလက်နည်းပညာ၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ဒေတာဘေ့စ်စီမံခန့်ခွဲခြင်း၊ ငွေစာရင်းနှင့် ရွေးကောက်ပွဲဆိုင်ရာပစ္စည်းများ ဝယ်ယူထောက်ပံ့ခြင်း၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း၊ နိုင်ငံပြင်ပမဲပေးခြင်းအား တာဝန်ယူဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများ ပါဝင်သည်။ ရွေးကောက်ပွဲကာလတွင် STAE ထပ်တိုးဝန်ထမ်းများအား ခန့်အပ်ဆောင်ရွက်သည်။

**ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ**

တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် သမ္မတရွေးကောက်ပွဲများကို ၂၀၀၂ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၇ ခုနှစ်များတွင် ကျင်းပခဲ့ပြီး လွှတ်တော်ရွေးကောက်ပွဲများကို ၂၀၀၁ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များတွင် ကျင်းပခဲ့သည်။

**၂၀၁၈ ခုနှစ် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ**

၂၀၁၇ ခုနှစ် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲတွင် မဲရလဒ်သိသာစွာ အနိုင်ရရှိသူမရှိဘဲ Mari Alkatiri ဦးဆောင်သည့် Fretilin ပါတီက ၂၃ နေရာရရှိခဲ့ပြီး Xanana Gusmao ဦးဆောင်သည့် National Congress for Timorese Reconstruction ပါတီထက် နေရာတစ်နေရာ အသာဖြင့် အနိုင်ရရှိခဲ့သည်။ Fretilin ပါတီက Democratic Party နှင့်ပူးပေါင်းပြီး လွှတ်တော်နေရာ ၆၅ နေရာအနက် ၃၀ နေရာဖြင့် အစိုးရကို ဖွဲ့စည်းခဲ့သည်။ အစိုးရ၏ ဘတ်ဂျက်တစ်ခုအား အတည်ပြုရန် ကြိုးပမ်းမှုများ လွှတ်တော်အတွင်း အောင်မြင်ခြင်းမရှိဘဲ နိုင်ငံရေးအကျပ်အတည်းနှင့်ရင်ဆိုင်ရပြီးနောက်တွင် သမ္မတက လွှတ်တော်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲကို သာမန်ထက်စော၍ ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

သမ္မတ Francisco Guterres က ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်အား ဖျက်သိမ်းကြောင်းကြေညာပြီးနောက် (၅)ကြိမ်မြောက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို ပုံမှန်ထက်စော၍ ၂၀၁၈ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ အတိုက်အခံပါတီ သုံးပါတီပေါင်းစည်းဖွဲ့စည်းထားသည့် ညွန့်ပေါင်းအဖွဲ့ (The Alliance for Change and Progress – ACP) က ကိုယ်စားလှယ်နေရာ ၆၅ နေရာအနက် ၃၄ နေရာကို ရရှိအနိုင်ရခဲ့ပြီး ဆန္ဒမဲပေးမှု ၈၁ ရာခိုင်နှုန်းရှိခဲ့သဖြင့် ၂၀၁၇ ခုနှစ် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲထက် ငါးရာခိုင်နှုန်း ပိုမိုများပြားခဲ့သည်။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလမှာ ရက်ပေါင်း ၃၀ ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဧပြီလ ၁၀ ရက်နေ့မှ မေလ ၉ ရက်နေ့အတွင်း ဖြစ်သည်။ မဲဆွယ်စည်းရုံးမှုကို အမျိုးသားရွေးကောက်ပွဲကော်မရှင်က ကြီးကြပ်ပြီး ဝင်ရောက်ယှဉ်ပြိုင်သူများ၏ အကြံပြုချက်ဖြင့် ၂၀၁၈ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် မည်သည့်နေရာ၊ မည်သည့်အချိန်၌ မည်သည့်ပါတီ သို့မဟုတ် ပါတီညွန့်ပေါင်းအဖွဲ့က မဲဆွယ်စည်းရုံးမည်ဟူသည့် အချက်အလက်များပါသော မဲဆွယ်စည်းရုံးရေးအချိန်ဇယားအား ထုတ်ပြန်ခဲ့သည်။

၂၀၁၈ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် STAE ၏ ထုတ်ပြန်ကြေညာချက်အရ မဲပေးစင်တာ ၈၇၆ ခု၌ မဲရုံပေါင်း ၁၁၅၁ ရုံရှိပြီး နိုင်ငံခြား၌ မဲပေးရန် မဲရုံ ကိုးရုံ ရှိခဲ့သည်။ မဲရုံဝန်ထမ်းပေါင်း ၁၂၀၀၀ ကျော်ရှိသည်။ ၂၀၁၈ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် နိုင်ငံပြင်ပရောက် မဲပေးခွင့်ရှိသည့် တီမောလက်စ်တေနိုင်ငံသားများ နိုင်ငံပြင်ပတွင် မဲပေးနိုင်ရေးအတွက် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များစာရင်းကို ပြုစုခဲ့ပြီး တီမောလက်စ်တေ သံရုံးများတည်ရှိသည့် လစ္စဘွန်းနှင့်ပေါ်တို၊ ပေါ်တူဂီနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် တီမောလက်စ်တေ ကောင်စစ်ဝန်ရုံးများရှိသည့် ဩစတြေးလျနိုင်ငံရှိ ဒါဝင်၊ ဆစ်ဒနီနှင့်မဲလ်ဘုန်းမြို့များတွင် မဲပေးခွင့်ပြုခဲ့သည်။

စုစုပေါင်းဝင်ရောက်ယှဉ်ပြိုင်သော ပါတီ ၂၀ ရှိပြီး မဲဆန္ဒရှင်စုစုပေါင်း ၇၈၄၂၈၆ ဦးရှိခဲ့ကာ အမျိုးသား ၄၀၆၂၉၅ ဦးနှင့် အမျိုးသမီး ၃၇၇၉၉၁ ဦး ဖြစ်သည်။ ယင်းအနက် ၇၇၈၀၄၁ ဦး (ကျား – ၄၀၂၀၁၄ ဦးနှင့် မ – ၃၇၆၀၂၇ ဦး) မှာ ပြည်တွင်း၌ မဲပေးရန် မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းပေးသွင်းခဲ့ကြပြီး ၆၂၄၅ ဦး (ကျား– ၄၂၈၁ ဦးနှင့် မ– ၁၉၆၄ ဦး)မှာ နိုင်ငံပြင်ပဆန္ဒမဲပေးရန် မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းပေးသွင်းခဲ့ကြသည်။ ၂၀၁၇ ခုနှစ် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ၇၆၀၉၀၇ ဦးရှိခဲ့သဖြင့် ၂၀၁၈ ခုနှစ်တွင် မှတ်ပုံတင်စာရင်းသွင်းသည့် မဲဆန္ဒရှင် ၃ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ မဲဆန္ဒရှင် စုစုပေါင်း ၇၈၄၂၈၆ ဦးအနက် မဲပေးသူစုစုပေါင်း ၅၆၈၀၇၀ ရှိခဲ့ပါသည်။

| စဉ် | ပါတီအမည် | ဆန္ဒမဲစုစုပေါင်း | ရာခိုင်နှုန်း | ရရှိသည့်နေရာ |
|---|---|---|---|---|
| ၁ | Fretilin | ၁၆၈၄၈၀ | ၂၉.၆၆ | ၂၃ |
| ၂ | National Congress for Timorese Reconstruction | ၁၆၇၃၄၅ | ၂၉.၄၆ | ၂၂ |
| ၃ | People's Liberation Party | ၆၀၀၉၈ | ၁၀.၅၈ | ၈ |
| ၄ | Democratic Party | ၅၅၆၀၈ | ၉.၇၉ | ၇ |
| ၅ | Kmanek Haburas Unidade Nasional Timor Oan | ၃၆၅၄၇ | ၆.၄၃ | ၅ |
| စုစုပေါင်း | | ၅၆၈၀၇၀ | ၁၀၀.၀၀ | ၆၅ |

**နိဂုံး**

တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ သမ္မတရွေးကောက်ပွဲနှင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပပြုလုပ်ရာတွင် အမျိုးသားရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲစီမံအုပ်ချုပ်ရေးအတွက် နည်းပညာအထောက်အပံ့ဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံးတို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေလုပ်ငန်းစဉ်များနှင့်အညီ ရွေးကောက်ပွဲများအား အဆင့်ဆင့်စီမံအုပ်ချုပ်ဆောင်ရွက်ပါသည်။ လွှတ်တော်ရွေးကောက်ပွဲများကျင်းပရာတွင် အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးလျက်ရှိပြီး လွှတ်တော်နှင့်သမ္မတ ဦးဆောင်သည့် အစိုးရအကြား ဟန်ချက်ညီညီ (Check and Balance) ဖြင့် အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးခြင်းကြောင့် လွှတ်တော်အတွင်း နိုင်ငံရေးပါတီများ ပိုမိုပါဝင်လာနိုင်ခြင်း၊ အစိုးရဖွဲ့စည်းနိုင်ရေးအတွက် ပါတီများအချင်းချင်း ဆွေးနွေးညှိနှိုင်းအဖြေရှာကာ ပါတီများပူးပေါင်းရခြင်း၊ ပြည်သူလူထုကို ကိုယ်စားပြုမှု ပိုမိုရရှိလာခြင်း စသည်တို့ကို တွေ့ရှိရပါသည်။ လက်ရှိအချိန်တွင် တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံသည် နိုင်ငံ၏အုပ်ချုပ်ရေးနှင့် အစိုးရအဖွဲ့အစည်းများအား တည်ဆောက်လျက်ရှိနေဆဲဖြစ်ပါသည်။ တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံသည် ၁၉၉၁ ခုနှစ်မှသာ လွတ်လပ်ရေးရရှိခဲ့သောကြောင့် အခြားနိုင်ငံများကဲ့သို့ ဒီမိုကရေစီသက်တမ်း မကြာသေးသော်လည်း ရွေးကောက်ပွဲစီမံခန့်ခွဲမှုအခြေအနေများမှာ ဖွံ့ဖြိုးကောင်းမွန်လျက်ရှိပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ကောင်းမွန်စွာလျှောက်လှမ်းဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း သိရှိနိုင်ရန် ရေးသားဖော်ပြအပ်ပါသည်။

**ကျမ်းကိုး**

https://en.wikipedia.org/wiki/Politics_of_East_Timor
https://www.electionguide.org/countries/id/63/
https://en.wikipedia.org/wiki/National_Parliament_(East_Timor)
https://en.wikipedia.org/wiki/East_Timor
https://en.wikipedia.org/wiki/Constitution_of_East_Timor
https://aceproject.org/ace-en/topics/em/annex/electoral-management-case-studies/timor-leste-election-administration
https://constitutionnet.org/sites/default/files/Election%20Law%20East%20Timor%20%28Pres%29.pdf
https://www.idea.int/answer/ans1303551986182928
https://en.wikipedia.org/wiki/2018_East_Timorese_parliamentary_election#:~:text=Early%20parliamentary%20elections%20were%20held,the%2065%20seats%20in%20Parliament
https://www.ifes.org/sites/default/files/2018_ifes_timor-leste_early_parliamentary_elections_faqs_final.pdf
http://timor-leste.gov.tl/?p=91&lang=en
http://timor-leste.gov.tl/wp-content/uploads/2010/03/Constitution_RDTL_ENG.pdf

# စင်ကာပူနိုင်ငံက ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်များ ပြေးဆွဲပျံသန်းမှုရပ်ဆိုင်းထားခြင်းကို ဖြေလျှော့ပေးခဲ့

**စင်ကာပူ စက်တင်ဘာ ၆**

စင်ကာပူမြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့သည် ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်များ နိုင်ငံအတွင်း ပြေးဆွဲပျံသန်းမှု ရပ်ဆိုင်းထားခြင်းကို ယနေ့မှ စတင်ကာ ဖြေလျှော့ပေးခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

စင်ကာပူနိုင်ငံသည် အဆိုပါလေယာဉ်များနှင့် ပတ်သက်သည့် လူသေစေနိုင်လောက်သော ဖြစ်ရပ်နှစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်များ နိုင်ငံအတွင်း ပြေးဆွဲပျံသန်းမှုကို ၂၀၁၉ ခုနှစ် မတ်လအတွင်းက ရပ်ဆိုင်းထားခဲ့ခြင်း ဖြစ်သည်။

၂၀၁၉ ခုနှစ် မတ်လအတွင်းက အီသီယိုးပီးယားလေကြောင်းလိုင်းမှ ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်တစ်စင်းပျက်ကျမှုတွင် လူပေါင်း ၁၅၇ ဦး သေဆုံးခဲ့သည်။ ထို့ပြင် ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူပေါင်း ၁၈၉ ဦး သေဆုံးခဲ့သည်။

လက်ရှိတွင် နည်းပညာအကဲဖြတ်မှုများ ဆောင်ရွက်ပြီးနောက် စင်ကာပူမြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်များနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအာဏာပိုင်အဖွဲ့က ယနေ့တွင် ပြောကြားသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အလင်းသစ်**





# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇ ဒသမ ၉၁ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ စက်တင်ဘာ ၆**

အာဖရိကတိုက်၌ ယနေ့မွန်းလွဲပိုင်းအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း၇၉၁၀၀၈၆ ဦး ရှိလာကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၁၉၉၅၀၀ ရှိလာကြောင်း သိရသည်။

လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၇၁၄၃၃၂၂ ဦး ရှိကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်အခံရဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။ ယနေ့ မွန်းလွဲပိုင်းအချိန်အထိ တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၈၁၉၉၄၅ ဦး ရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၈၄၀၈၅ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံးဒေသဖြစ်ပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနည်းဆုံးဒေသ ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၈၅၆ ဦးရှိ

**မော်စကို စက်တင်ဘာ ၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၈၅၆ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၇၀၃၀၄၅၅ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

**ပြန်လည်ကျန်းမာလာသူ၆၂၈၅၀၀၇ ဦးရှိ**

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၉၀ ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၈၇၉၉၀ ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၄၂၇၆ ဦးထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသူစုစုပေါင်း ၆၂၈၅၀၀၇ ဦးရှိလာကြောင်း သိရသည်။

**မော်စကိုမြို့၌ ကူးစက်မှုအများဆုံး**

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၆၃ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၅၇၆၈၁၈ ဦးရှိလာကြောင်း သိရသည်။

ဒေသတွင်းမီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ ရုရှားနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၃၈ ဒသမ ၃ သန်းကျော်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■





# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၂၄၈၁ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း စက်တင်ဘာ ၆**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၄၈၁ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၃၆၇၈၈ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၃၈၅ ဦးရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံတောင်ပိုင်းပြည်နယ်များ၌ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုများကို တွေ့ရှိရပြီး နိုင်ငံအတွင်း ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားမှု ဗဟိုချက်ဒေသဖြစ်သော ဟိုချီမင်းစီးတီး၌ ၇၁၂၂ ဦး၊ ဘင်ဒေါင်းပြည်နယ်၌ ၂၁၉၄ ဦးနှင့် ဒွန်နိုင်းပြည်နယ်၌ ၈၇၁ ဦးကို အသီးသီးတွေ့ရှိခဲ့သည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၀၁၄၅၇ ဦးရှိပြီး လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၂ သန်းကျော်အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်အထိ ပြည်တွင်း၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၅၃၂၄၉၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ခံတတ်ခဲ့အတည်ပြုလူနာသစ် ၂၅၁ ဦး ထပ်မံတွေ့ရှိ



**ဖနောင်ပင် စက်တင်ဘာ ၆**
ကမ္ဘောဒီးယားနိုင်ငံ၌ ကူးစက်မြန် ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ခံတတ်ခဲ့အတည်ပြုလူနာသစ် ၂၅၁ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၂၆၄၇ ဦး ရှိလာကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**စစ်ဆေးတွေ့ရှိ**

ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ခံတတ်ခဲ့အတည်ပြုလူနာသစ် ၂၅၁ ဦးအနက် အများစုမှာ မြို့တော်ဖနောင်ပင်၌ စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ကျန်လူနာများကို နိုင်ငံအတွင်းရှိ ပြည်နယ် ၂၂ ခုတွင် စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီး မမ်ဘွန်ဟင်က ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သည် ယခင်မျိုးကွဲ ကိုရိုနာဗိုင်းရပ်စ်ထက် ကူးစက်မှုနှုန်း ပို၍လျင်မြန်သည့်အတွက် သတိရှိကြရန် ပြည်သူများအား တိုက်တွန်းထားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရန်အတွက် နှာခေါင်းစည်းများကို ဆက်လက်ဝတ်ဆင်ကြရန်၊ လက်များကို မကြာခဏဆေးကြောကြရန်၊ တစ်ဦးနှင့် တစ်ဦးအကြား ခပ်ကွာကွာနေကြရန်၊ လူစည်းကားသည့်နေရာများကို ရှောင်ကြဉ်ရန်နှင့် ကာကွယ်ဆေးထိုးနှံရန် မိမိအလှည့်ရောက်ပါက ကာကွယ်ဆေးထိုးနှံရေးစင်တာများသို့သွားကာ ကာကွယ်ဆေးထိုးနှံမှု အခမဲ့ခံယူကြရန် ဝန်ကြီးက တိုက်တွန်းလိုက်သည်။

**စတင်ဆောင်ရွက်**

ကမ္ဘောဒီးယားအစိုးရသည် ယခုနှစ်ကုန်ပိုင်းတွင် လူဦးရေ ၁၂ သန်း သို့မဟုတ် နိုင်ငံတော်လူဦးရေ ၁၆ သန်း၏ ၇၅ ရာခိုင်နှုန်းခန့်ကို ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ခြင်းနှင့်အတူ ဖေဖော်ဝါရီလမှစ၍ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့သည်။

စက်တင်ဘာ ၄ ရက်အထိရရှိသည့် အချက်အလက်များအရ ကမ္ဘောဒီးယားနိုင်ငံ၌ လူဦးရေ ၁၁ ဒသမ ၂ သန်းခန့် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ပြီး ကျန်ပြည်သူ ၈ ဒသမ ၈၇ သန်းခန့် သည် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ စီးပွားရေးရှုပ်ထွေးမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိ




**ကဘူးလ် စက်တင်ဘာ ၆**
အာဖဂန်နစ္စတန်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ရန် နိုင်ငံ၏ ဘဏ္ဍာရေးအဖွဲ့အစည်းများကို တာလီဘန်တို့က တိုက်ရိုက်ညွှန်ကြားခဲ့သော်လည်း အာဖဂန်နစ္စတန်နိုင်ငံတွင် စီးပွားရေးရှုပ်ထွေးမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

မြို့တော်ကဘူးလ်၌ ငွေကြေးလဲလှယ်ရေးဆိုင် တစ်ဆိုင်ကို ရက်ပေါင်း ၂၀ ခန့်အကြာတွင် ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ဖွင့်လှစ်ခဲ့ရာ လူအများအပြားသည် နိုင်ငံရပ်ခြားမှ ငွေလွှဲများကို ထုတ်ယူရန် အဆိုပါဆိုင်သို့ သွားရောက်ခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် အာဖဂန်နစ္စတန်နိုင်ငံ၏ စီးပွားရေး ဆိုးဆိုးရွားရွား ထိခိုက်မှုဖြစ်ပေါ်နေသည်ကို စိုးရိမ်ကြောင်း အဆိုပါ ငွေကြေးလဲလှယ်ရေးဆိုင် မန်နေဂျာက ပြောကြားသည်။ တာလီဘန်တို့ကမူ ဘဏ်များကို ပြန်လည်ဖွင့်လှစ်ရန် ညွှန်ကြားခြင်းအားဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၏ စီးပွားရေးကို တည်ငြိမ်လာရန် ကြိုးစားနေကြောင်းလည်း သိရသည်။

ယခုအချိန်အထိ အာဖဂန်နစ္စတန်နိုင်ငံ၌ ဘဏ်အနည်းငယ်သာ ညွှန်ကြားချက်ကို လိုက်နာပြီး လူအများအပြားကလည်း ပြန်လည်ဖွင့်လှစ်ထားသည့် ဘဏ်များ၌ တန်းစီစောင့်ဆိုင်းခဲ့ကြကြောင်း သိရသည်။ ထို့ပြင် လူအများစုသည် ၎င်းတို့လိုအပ်နေသည့် ငွေများကို ထုတ်ယူနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ကုန်ဈေးနှုန်းများ မြင့်တက်လျက်ရှိခြင်းကြောင့် မြို့တော်ကဘူးလ်၌ ကုန်စည်ဖြန့်ဖြူးမှုကိုပင် ရပ်ဆိုင်းခဲ့ရသည်။ ထို့ကြောင့် မြို့တော်ကဘူးလ်၏ စီးပွားရေးတည်ငြိမ်လာမည့်အချိန်ကို ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

❖

# ဂျပန်နိုင်ငံ၌ QR Code စနစ်ဖြင့် ဝင်ရောက်ရသော စူပါမားကတ်ဖွင့်လှစ်

**တိုကျို စက်တင်ဘာ ၆**
ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဝယ်ယူသူ၏ မိုဘိုင်းဖုန်းမှတစ်ဆင့် QR Code စနစ်ဖြင့် ဝင်ရောက်ရသော စူပါမားကတ်တစ်ခုကို ယနေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါစူပါမားကတ်အား ကုန်ပစ္စည်းများလက်လီရောင်းချရေးလုပ်ငန်းတစ်ခုဖြစ်သည့် ဒိုင်အိနှင့် NTT Data နည်းပညာကုမ္ပဏီတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ စူပါမားကတ်၌ လာရောက်ဝယ်ယူသူများအနေဖြင့် မိမိတို့ဖုန်းတွင်ပါရှိသော QR Code စနစ်ဖြင့် စစ်ဆေးမှုခံယူ၍ ဆိုင်အတွင်းသို့ဝင်ရောက်ပြီး ကုန်ပစ္စည်းများကို ဝယ်ယူနိုင်ကြောင်း သိရသည်။

အဆိုပါ နည်းပညာသည် ငွေရှင်းကောင်တာတွင် ဝယ်ယူသူအနေဖြင့် တန်းစီစောင့်ဆိုင်းရသည့် အခက်အခဲကို ပြေလည်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းစူပါမားကတ်၌ ကင်မရာ ၃၂ လုံးတပ်ဆင်ထားပြီး ၎င်းကင်မရာများ၌ ဝယ်ယူသူရွေးချယ်ထားသော ကုန်ပစ္စည်း၏အလေးချိန်အား အာရုံခံသည့်ကိရိယာများ တပ်ဆင်ထားသည်။ ကုန်ပစ္စည်းများ ငွေပေးချေမှုကို ကုန်ပစ္စည်းဝယ်ယူသည့်သူ၏ အကြွေး ဝယ်ကတ်မှတစ်ဆင့် ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

NTT Data နည်းပညာကုမ္ပဏီအနေဖြင့် အနာဂတ်ကာလတွင် ကွန်ဒိုတိုက်ခန်းများ၊ ရုံးအသီးသီးရှိ စားသောက်ဆိုင်များနှင့် စက်ရုံများ၌ အဆိုပါနည်းပညာကို တိုးချဲ့အသုံးပြုသွားရန် စီစဉ်ထားကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ အခြားစီးပွားရေးလုပ်ငန်းများမှာလည်း အဆိုပါနည်းစနစ်ကိုအသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၃ ဆီးဂိမ်းအတွက် ပထမဆုံး အမျိုးသမီးဘောလုံးအသင်းဖွဲ့စည်း



**ဖနောင်ပင် စက်တင်ဘာ ၆**
ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် ပါဝင်ယှဉ်ပြိုင်ကစားမည့် ပထမဆုံးသော အမျိုးသမီးဘောလုံးအသင်းကို စတင်ဖွဲ့စည်းလိုက်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ၏ အမျိုးသားအိုလံပစ်ကော်မတီက ယနေ့တွင် ကြေညာသည်။

အဆိုပါ ကမ္ဘောဒီးယားအမျိုးသမီး ဘောလုံးအသင်းကို နိုင်ငံအတွင်းရှိ ကလပ်အသင်းအသီးသီးမှ ကစားသမား ၂၂ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ၏ အမျိုးသားအိုလံပစ်ကော်မတီက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

ယင်းအမျိုးသမီးဘောလုံးအသင်းအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံက ၃၂ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပချိန်တွင် ဒေသတွင်းရှိအကောင်းဆုံးအမျိုးသမီးဘောလုံးအသင်းများဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိလိမ့်မည်ဖြစ်ကြောင်းလည်း ကမ္ဘောဒီးယားဘောလုံးအဖွဲ့ချုပ်မှ အတွင်းရေးမှူးချုပ် ကီယိုဆီရက်သ်က ပြောကြားသည်။

၂၀၂၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)ကို ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ မေ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါအားကစားပြိုင်ပွဲသည် အရှေ့တောင်အာရှ၏ အကြီးဆုံးအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံအတွက် ပထမဆုံးအကြိမ် ဖြစ်လာမည်ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



## ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၄၁၅ ဦးရှိ

**မနီလာ စက်တင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံ၌ စက်တင်ဘာ ၆ ရက်တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၄၁၅ ဦး ရှိခြင်းကြောင့် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် အများဆုံးဖြစ်ပြီး နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၁၀၃၃၃၁ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၃ ဦး ထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၄၃၃၇ ဦး ရှိလာကြောင်းနှင့် ဓာတ်ခွဲခန်းရှစ်ခုမှာမူ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် အချက်အလက်များ မပေးပို့နိုင်ခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၀၀၀ အထက်ရှိခဲ့သည်မှာ လေးရက်ဆက်တိုက် ရှိသွားပြီဖြစ်ကြောင်း သိရသည်။ လူဦးရေ သန်း ၁၁၀ ခန့်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနောက်ပိုင်းမှစတင်ကာ လူဦးရေ ၁၇ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၃၅၂ ဦးရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၆**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၃၅၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၈၆၂၁၈၇ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၇၃၄၄ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ရှစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ရှမ်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၇၂ ဦးထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၈၄၉၁ ဦးရှိလာကြောင်း သိရသည်။ အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၀၂၀၁ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၅၉၁၀၂၈ ဦးရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် မလေးရှားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ ၈၅ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၅၂၆၆၈ ဦးရှိကြောင်း၊ ယင်းတို့အနက် ၉၇၅ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူများဖြစ်ကြောင်းနှင့် ၄၃၅ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၆၂ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း၊ ၄၈ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၈၉၉၅၈ အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | | |
|---|---|---|---|
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၂၁၇၀၀၃၁၄ | ဦး |
| | သေဆုံးသူ | ၄၅၈၅၀၆၈ | ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၁၉၈၂၅၁၃၂၄ | ဦး |

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၃၃ သန်းကျော်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၆**

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၃၈၉၄၈ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၀၂၇၆၂၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနကပြောကြားသည်။

အလားတူနိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကြောင့် ၂၁၉ ဦး ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၄၀၇၅၂ ဦး ရှိလာကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုနှင့် အဆိုပါ ရောဂါကြောင့် သေဆုံးမှုများအား နိုင်ငံတောင်ပိုင်းရှိ ကီရာလာပြည်နယ်၌ တွေ့ရှိရသည်။ နိုင်ငံအတွင်း၌ လက်ရှိအချိန်တွင် ရောဂါပိုးတွေ့ရှိဆဲလူနာ ၄၀၄၈၇၄ ဦးရှိပြီး ရောဂါသက်သာ၍ ဆေးရုံမှဆင်းခွင့်ရရှိသူပေါင်း ၃၂၁၈၁၉၉၅ ဦးရှိကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**





## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၄၄၁၃ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ စက်တင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၁၃ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူပေါင်း ၄၁၃၃၄၃၃ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**သေဆုံးသူပေါင်း ၁၃၆၄၇၃ ဦးရှိ**

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၆၁၂ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၆၄၇၃ ဦးရှိလာကြောင်း အဆိုပါဝန်ကြီးဌာနက ဆိုသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၃၀၄၉ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၈၅၀၆၈၉ ဦးရှိလာကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသူ ၃၈ ဒသမ ၄၇ သန်းရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးစီးသူ ၆၇ ဒသမ ၁၅ သန်း ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် အင်ဒိုနီးရှားနိုင်ငံက ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# KNLA တပ်မဟာ(၅)အဖွဲ့၏ ပစ်ခတ်မှုကြောင့် ဖာပွန်ခရိုင်ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အသက် ၇၈ နှစ်အရွယ် အဘွားအို တစ်ဦး ထိခိုက်ဒဏ်ရာရရှိ



KNLA တပ်မဟာ(၅)အဖွဲ့၏ ပစ်ခတ်မှုကြောင့် ဖာပွန်ခရိုင် ပြည်သူ့ဆေးရုံအဆောက်အအုံ ပျက်စီးမှုနှင့် ဒဏ်ရာရရှိသွားသည့် ဒေါ်ချစ်မေကို တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

KNLA တပ်မဟာ(၅)အဖွဲ့က လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ဖာပွန်ခရိုင်ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက် ကုသမှုခံယူလျက်ရှိသည့် အသက် ၇၈ နှစ်အရွယ် အဘွားအို တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကရင်ပြည်နယ် ဖာပွန်မြို့တွင်း မြို့လုံခြုံရေးဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် KNLA တပ်မဟာ(၅)အဖွဲ့က ဆေးရုံ၏ အရှေ့မြောက်ဘက်မှ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ KNLA တပ်မဟာ(၅)အဖွဲ့သည် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ KNLA တပ်မဟာ(၅)အဖွဲ့၏ ပစ်ခတ်မှုကြောင့် ဆေးရုံအိမ်သာနှင့် လူနာဆောင်နေရာများသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ရာ ဆေးရုံအဆောက်အအုံများ အနည်းငယ်ထိမှန်ပျက်စီးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် မဲသလွတ်ကျေးရွာနေ ဒေါ်ချစ်မေ အသက် ၇၈ နှစ်တွင်လည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တော၊ မိုင်းဆတ်၊ နောင်ချိုနှင့် ရှာငံမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၅ ရက် ညနေ ၆ နာရီ ၃၅ မိနစ်တွင် မောင်တောမြို့နယ် (၄)မိုင်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာအနီးတွင် မောင်လှသိန်းနှင့် မနုနု(ခ)ချေချေ တို့အား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကိုလည်းကောင်း။



ကိုကိုလတ်(ခ)ကိုလတ်အား သိမ်းဆည်းရမိသည့် ဘိန်းဆီခဲများနှင့် အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မိုင်းဆတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့ ဝိန်းနေ ရပ်ကွက်အနီး၌ အမျိုးသားတစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ဆိုင်ကယ်အားလှဲချ၍ တောအတွင်းသို့ ထွက်ပြေးသွားသဖြင့် ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၂၇ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ် မူဆယ်- မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ် (၇၉/၁)အနီးတွင် အိုက်အွမ် မောင်းနှင်ပြီး မအေးရွှေလူ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှာငံမြို့နယ် ကျောက်ကူပြင်ကျေးရွာအုပ်စု ကျောက်ကူပြင် ကျေးရွာအနီးတွင် ကိုကိုလတ်(ခ)ကိုလတ် မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဆီခဲ ၄၆ ဒသမ ၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၇၂ စီး၊ သွင်းကုန် ၄၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။




အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၀၅ သန်းတန်ဖိုး)ရှိတရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Lactasoy (125 mlx60) (100 Pkgs)၊ (300mlx36) (20 Pkgs) နှင့် Lipovitan-D (100mlx50) (25 Pkgs) အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၉-၂၀၂၁ အင်္ဂါနေ့

### MRTV HD

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရ္ဟသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**သမိုင်းဘာသာရပ်**'
- **၁၆:၃၅** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ
- **၁၇:၀၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- **၁၇:၃၀** မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗဟုသုတ ပြိုင်ပွဲ (သုတစံပြမောင်မယ်ဆု) (ပွဲစဉ်-၁)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၂၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားငေါ်ဆောင်ရာ**' (အပိုင်း-၆၁)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ရောင်စုံတေးဥယျာဉ်
- **၂၁:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အိမ်ထောင်ရေးပညတ်ချက်များ**' (အပိုင်း-၃၄)

### mitv

- **07:01** News
- **07:27** Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- **07:34** Buddha - Dhita (Buddhist Nuns)
- **08:01** Secret Recipes by Gourmet Chefs (French)
- **08:47** Mobile House
- **09:01** Water Hyacinth and Rattan Products
- **09:17** Myanmar Weaving
- **09:27** Inle Traditional Dance
- **09:36** Discovering Tribes Lisu: Their Life and Customs (Part-II)
- **10:01** Myanmar Masterclass: Artist U Kyaw Thaung
- **10:13** Elegant and Exquisite Myanmar Cotton Fabrics
- **10:39** Paper Products... Plain but Pretty
- **11:01** Cruising To Precious Islands (Part-2)
- **11:37** Discovering Tribes Lisu: Their Life and Customs (Part-I)

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဗုဒ္ဓတစ်ထောင် အကောက်တောင်

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ပဲခူးဒေသအနောက်ဘက်၏ကရင်ရိုးရာ ရက်ကန်းလုပ်ခြင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ပျော်ပျော်ပါးပါး မျှစ်ချိုးသွားရအောင်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ငှက်ပျောသီးမုန့်

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
သင်မယ်၊ ရေးမယ် တို့ချင်းစာ (အပိုင်း-၁၉)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ပျားဖွတ်ခြင်း

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဓါတ်တော်ချိုင့်ရေတံခွန်သို့ အလည်တစ်ခေါက်

**ရခိုင် (၁၅:၀၀ မှ ၁၈:၀၀)**
ရခိုင်ဘာသာစကား ပြောကြရအောင် (အပိုင်း-၄)

**ရှမ်း (၁၈:၀၀ မှ ၁၉:၀၀)**
ကျိုင်းတုံဒေသရဲ့ သမိုင်းဝင်နေရာများ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝက်သားပဲပြုတ်ချက်စားရအောင်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မနောမြေသို့ခရီးသွားမှတ်တမ်း

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား**'
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

### MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# အကြမ်းဖက်သူများက မြို့နယ်အချို့ရှိ ဆက်သွယ်ရေးတာဝါတိုင်များအား ဖျက်ဆီးမှုများ ပြုလုပ်



ပြင်ဦးလွင်မြို့နယ် အနီးစခန်းနှင့် ဆင်လမ်းဆည်သို့ ဆက်သွယ်ထားသည့် လမ်းဘေးတွင် စိုက်ထူထားသည့် ဆက်သွယ်ရေးတာဝါတိုင်အား မိုင်းထောင်ဖောက်ခွဲခဲ့၍ ပျက်စီးခဲ့မှုကို တွေ့ရစဉ်။



စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ၌ စိုက်ထူထားသည့် Ooredoo ဆက်သွယ်ရေးတာဝါတိုင်၏ အထိုင်စက်ပုံးအား မီးရှို့ခံရသဖြင့် ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

နိုင်ငံတော်အတွင်း နေထိုင်ကြသော ပြည်သူလူထုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူပြုသည့် ဆက်သွယ်ရေးကွန်ရက်များအား နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်နိုင်စေရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီစဉ်ညွှန်ကြားမှုများဖြင့် ဆက်သွယ်ရေးတာဝါတိုင်များအား အမြို့မြို့ အနယ်နယ်တိုင်း၌ တွန်းအားပေးစိုက်ထူ ဆောင်ရွက်ပေးထားရှိခဲ့သည်ကို အေးချမ်းစွာနေထိုင်လိုခြင်းမရှိဘဲ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သူများက အဆိုပါဆက်သွယ်ရေးတာဝါတိုင်များအနက် အချို့အား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများဖြင့် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်လာကြသည်ကို တွေ့ရသည်။

ထိုသို့ ဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် စက်တင်ဘာ ၅ ရက် နံနက် ၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ ဓမ္မာရုံအနီးနေ မသန်းသန်းတိုး(၄၅)နှစ် (ဘ)ဦးတိုင်းအောင်၏ နေအိမ်ခြံဝင်းအတွင်း စိုက်ထူထားသည့် Ooredoo ဆက်သွယ်ရေးတာဝါတိုင်၏ ဆက်သွယ်ရေးစက်များ တပ်ဆင်ထားသည့် အထိုင်စက်ပုံးအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အနီးရှိပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် နံနက် ၂ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဆက်သွယ်ရေးစက်ပုံးအတွင်းမှ စက်ပစ္စည်းများနှင့် ကေဘယ်လ်ကြိုးများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရရှိခဲ့**

အလားတူ နံနက် ၃ နာရီခွဲတွင် မိတ္ထီလာမြို့ရှောင်လမ်းအနီး သာစည်မြို့နယ် ကျည်းကန်ကျေးရွာနေ ဦးဟန်ရှိန်(၅၂)နှစ် (ဘ)ဦးမြင့်မောင် ပိုင်ဆိုင်သော တောင်ယာကွက်ထဲ၌ စိုက်ထူထားရှိသည့် Mytel/Telenor/Ooredoo ဆက်သွယ်ရေးစက်များနှင့် ဘက်ထရီအိုးများ ထည့်သွင်းထားသည့် စက်ခန်းအတွင်းသို့ အကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ စက်ခန်းအတွင်း တပ်ဆင်ထားသည့် AC ပါဝါကေဘယ်ကြိုး မီတာ ၃၀၊ Singel Bigger လေးလုံး၊ ဆိုလာပါဝါကေဘယ်ကြိုး မီတာ ၂၀ ခန့်တို့အား ဖျက်ဆီးခံထားရပြီး မီးပုလင်းပစ်ခဲ့မှုကြောင့် မီးလောင်ကျွမ်းမှုမရှိဘဲ စက်ခန်းအနီးမှ ခတ်ဆီနံ့ရရှိသော ပုလင်းကွဲများ တွေ့ရှိသိမ်းဆည်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် အနီးစခန်းနှင့် ဆင်လမ်းဆည်သို့ ဆက်သွယ်ထားသည့် မြေသားလမ်းဘေးနေ ဒေါ်ဘောက်မိုင် (၅၆)နှစ် (ဘ) ဦးဂွန်ဂျာ၏ နေအိမ်ခြံဝင်းအတွင်း၌ စိုက်ထူထားသည့် Ooredoo/Telenor ဖုန်းလိုင်းများ၏ ထပ်ဆင့်ထုတ်လွှင့်ရေးဆက်သွယ်ရေးတာဝါတိုင်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ Ooredoo ဖုန်းလိုင်းထပ်ဆင့်ထုတ်လွှင့်ဆက်သွယ်ရေးစက်ပုံး၏ အောက်ခြေ၌ အကြမ်းဖက်သူများ ဖောက်ခွဲခဲ့သည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲထားသည်ကို တွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် Ooredoo ဆက်သွယ်ရေးစက်များ ထည့်ထားသည့် စက်ပုံးပျက်စီးခဲ့ပြီး အနီးရှိ Telenor ဆက်သွယ်ရေးစက်များ အနည်းငယ်ပျက်စီးကာ ဆက်သွယ်ရေးဖိုက်ဘာကြိုး ငါးချောင်း ပြတ်တောက်ပျက်စီးခဲ့သဖြင့် တန်ဖိုးငွေကျပ်သိန်းပေါင်း ၂၀၀၅ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘောဂသိဒ္ဓိအိမ်ရာဝင်းအတွင်းရှိ ကားပါကင်၌ အကြမ်းဖက်သမားတစ်ဦးက လက်လုပ်မိုင်းထောင်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ၎င်းအပါအဝင် အမျိုးသားနှစ်ဦး သေဆုံး

**နေပြည်တော် စက်တင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘောဂသိဒ္ဓိအိမ်ရာဝင်းအတွင်းရှိ ကားပါကင်၌ အကြမ်းဖက်သမားတစ်ဦးက လက်လုပ်မိုင်းထောင်စဉ်ပေါက်ကွဲမှုဖြစ်ပွား၍ ၎င်းအပါအဝင် အမျိုးသား နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၅ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဘောဂသိဒ္ဓိလမ်းရှိ ဘောဂသိဒ္ဓိအိမ်ရာ ကားပါကင်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကွန်ဒိုကားပါကင်ဝင်ပေါက်အနီး၌ ကွန်ဒိုလုံခြုံရေးအစောင့်ဖြစ်သူ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် မုဒိတာအိမ်ရာနေ ဦးကျော်ဝင်း (၆၅)နှစ် (ဘ) ဦးပွနှင့် ၎င်းနှင့် ၁၀ ပေခန့်အကွာတွင် အမျိုးသားတစ်ဦး(စိစစ်ဆဲ)တို့ နှစ်ဦး၏ ခန္ဓာကိုယ်အနှံ့ မိုင်းစထိမှန်ဒဏ်ရာများ၊ ပွင့်ထွက်ဒဏ်ရာများဖြင့် သေဆုံးနေပြီး (စိစစ်ဆဲ) အမျိုးသား၏အနီးတွင် ပေါက်ကွဲထားသည့် Keypad ဖုန်းအပိုင်းအစများ၊ စက္ကူများနှင့် ကျိုးပဲ့နေသော ပလတ်စတစ်ထိုင်ခုံအပိုင်းအစများအား တွေ့ရှိခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပေါက်ကွဲမှုဖြစ်ပွားသည့် အကြောင်းရင်းအား သိရှိနိုင်ရေးအတွက် အဆိုပါကွန်ဒိုတွင် တပ်ဆင်ထားသည့် CCTV မှတ်တမ်းများအား ကြည့်ရှုစစ်ဆေးခဲ့ရာ (စိစစ်ဆဲ) အမျိုးသားမှာ ကားပါကင်၌ ဖောက်ခွဲရန်လက်လုပ်မိုင်းအား တပ်ဆင်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

ထိုသို့ လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ သေဆုံးခဲ့ရသည့် အကြမ်းဖက်သူ အမျိုးသားတစ်ဦးနှင့် ဦးကျော်ဝင်းတို့၏ အလောင်းများအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



မရမ်းကုန်းမြို့နယ် ဘောဂသိဒ္ဓိအိမ်ရာဝင်းရှိ ကားပါကင်၌ အကြမ်းဖက်သမားတစ်ဦးက လက်လုပ်မိုင်းထောင်စဉ် ပေါက်ကွဲမှုဖြစ်ပွားမှုကို တွေ့ရစဉ်။

# မိုင်းဆတ်မြို့နယ် မြစိမ်းရောင်စီမံကိန်း ပဉ္စမနှစ်စက်ဝန်းအတွက် ပြန်လည်ထုတ်ချေး

**မိုင်းဆတ် စက်တင်ဘာ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားလာစေပြီး ဆင်းရဲနွမ်းပါးမှု လျော့ကျစေရန်နှင့် တုံ့ပြန်နိုင်စွမ်းကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မိုင်းဆတ်မြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဝိန်းကောင်းကျေးရွာ မြစိမ်းရောင်စီမံကိန်း ပဉ္စမနှစ်စက်ဝန်းအတွက် စိုက်ပျိုးရေးလုပ်ကိုင်သူ ၂၃ ဦးအတွက် ငွေကျပ် ၁၈၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးအတွက် ငွေကျပ် ၂၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးအတွက် ငွေကျပ် ၁၅၇ သိန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦးအတွက် ငွေကျပ် ရှစ်သိန်း၊ ကုန်ထုတ် လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးအတွက် ငွေကျပ် ၁၆ သိန်း စုစုပေါင်း ၄၂ ဦးအတွက် ငွေကျပ် ၃၉၄ သိန်း ထုတ်ချေးခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ထုတ်ချေးပေးခဲ့သည့်အပြင် စာရင်းဇယားများ စစ်ဆေးခြင်း၊ ကဏ္ဍအလိုက် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုပါ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖြိုးကျော် (ပုံတောင်မြေ)**

# ကြည်လင်သောစိတ်ဆိုသည်

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)



- နံနက်ခင်းအိပ်ရာထတာနဲ့ ဒီနေ့ဟာ ကိုယ့်ဘဝအတွက် တကယ်ကောင်းတဲ့ နေ့တစ်နေ့ ဖြစ်တယ်လို့ ခံယူလိုက်ပါ။
- ကံကောင်းတဲ့နေ့ဖြစ်တယ်လို့ မှတ်ယူလိုက်ပါ။
- နံနက်ခင်းလေးကို ပစ္စုပ္ပန်ကျကျ မိသားစုနဲ့အတူ ကျေနပ်စွာနေလိုက်ပါ။

ဘာကြောင့်လဲ အိပ်ရာထလန်းလန်းဆန်းဆန်း၊ ကျန်းကျန်းမာမာနဲ့ ထနိုင်တာကိုက လာဘ်ကြီးတစ်ပါးဖြစ်လို့ပါပဲ။ ကိုယ့်ရဲ့ပျော်ရွှင်မှုအပြုံး၊ လှိုက်လှဲတဲ့အပြုံးဟာ တစ်နေကုန် အသုံးဝင်တယ်လို့ သတိပြုလိုက်ပါ။ မိမိကျေနပ်မှုတွေ၊ စိတ်ရွှင်လန်းမှုတွေကိုအရင်းခံရင်း ကိုယ်နဲ့တွေ့တဲ့သူတွေကို စိတ်ချမ်းသာမှုပေးနိုင်ပါလိမ့်မယ်။

ကျွန်တော်တို့တစ်တွေ တွေ့ဆုံကြတာ၊ စာသင်နေကြတာ၊ သူငယ်ချင်း၊ မိတ်ဆွေဖွဲ့ကြတာ၊ အလုပ်လုပ်ကြတာ၊ ဇနီးခင်ပွန်းအဖြစ်ပေါင်းသင်းကြတာ၊ သားသမီးတွေရှိကြတာ ဘဝရပ်တည်ရာမှာ စိတ်ချမ်းသာပျော်ရွှင်နေဖို့ပဲဖြစ်ပါတယ်။ စိတ်ကသိကအောင့် မကျေနပ်မှုတွေနဲ့ စိတ်တိုနေတာနဲ့ ကောင်းသောမင်္ဂလာနံနက်ခင်းလေးကို မကုန်လွန်စေချင်ပါဘူး။ တစ်နေ့တာ ခရီးတိုလေးကို မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့နံနက်ခင်းနဲ့ စလိုက်ရင် အဆင်ပြေတာကို တွေ့ရလိမ့်မယ်။

### ကြည့်တတ်မြင်တတ်

လူ့ဘဝမှာ ပျော်ပျော်ရွှင်ရွှင်နေတတ်သူတွေဟာ မဇ္ဈိမပဋိပဒါ အစွန်းတရားကင်းတဲ့သူတွေဖြစ်ပါတယ်။ အခက်အခဲ ပြဿနာတွေကြုံလာတဲ့ အခါမှာပင် စိတ်အေးလက်အေးထား အလုပ်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ထမ်းရွက်ခြင်းဖြင့် လူ့ဘဝကို တည်ထောင်ကြတာဖြစ်တယ်လို့ ဆိုပါတယ်။ ကမ္ဘာ့စိတ်အေးချမ်းမှုရှိတဲ့ နိုင်ငံတွေအကြောင်း ဖတ်တဲ့အခါ နယ်သာလန်နိုင်ငံဖြစ်နေကြောင်း တွေ့ရပါတယ်။ ချမ်းသာတဲ့နိုင်ငံတွေမှာပင် ပြဿနာတွေရှိတာ တွေ့ရပါတယ်။ တိုးတက်နေတဲ့နိုင်ငံတွေက ပြည်သူတွေဟာ လူ့ဘဝယန္တရားကြီးကို ကြည့်တဲ့အခါ အလွန်တရာလှပတဲ့ မျက်မှန်နဲ့ မကြည့်သကဲ့သို့ မျက်မှန်မည်းကြီးနဲ့လည်းကြည့်လေ့မရှိဘူးလို့ဆိုပါတယ်။ သူတို့ရဲ့ဆန္ဒမျှော်လင့်ချက်နဲ့ စိုးရိမ်ပူပန်မှုတွေကိုကျော်လွန်ပြီး သမ္မာဒိဋ္ဌိရှိရှိ ကြည့်တတ်မြင်တတ်တယ်လို့ဆိုပါတယ်။

ပျော်ရွှင်တဲ့လူအများစုရဲ့ အံ့ဩလောက်အောင်ကောင်းတဲ့ အရည်အချင်းတစ်ခုဟာ လူ့ဘဝရဲ့ ကောင်းခြင်းကြန်အင်လက္ခဏာတွေ မြတ်နိုးတန်ဖိုးထားတတ်တာဖြစ်တယ်လို့ ဆိုပါတယ်။ နံနက်ခင်းမှာ သတင်းစာဖတ် အလုပ်သွားရင်း သတင်းစာချိုင်းအောက်ထား၊ ရထား၊ ကားစီးပြီး အလုပ်ဆင်းကြတယ်။ အိမ်မှာကျန်ရစ်သူမိသားစုတို့ကလည်း အိမ်မှုတာဝန်ထမ်းဆောင်မယ်၊ သူငယ်ချင်း မိတ်ဆွေတွေဆီလည်ကြမယ်။ ရံဖန်ရံခါ ညစာစားပွဲလေးလုပ်ကြမယ်။ သဘာဝတရားကြီးကပေးတဲ့ နေရောင်ခြည်၊ ရေမြေတောတောင်အောက်မှာ အလှအပတွေကို ခံစားစံစားကြပါတယ်။ ဒါတွေဟာ ဘဝရဲ့ ပျော်ရွှင်မှုအရင်းအမြစ်ပဲဖြစ်ပါတယ်။

### စိတ်ကြည်လင်နေဖို့

ဘဝတစ်လျှောက်လုံး ကျွန်တော်တို့ဟာ အပြင်ကိုပဲကြည့်လေ့ရှိပါတယ်။ အပြင်လောကမှာ ဘာတွေဖြစ်နေလဲဆိုတာကိုပဲ သဲကြီးမဲကြီးကြည့်တဲ့



အလေ့အထဟာ စွဲနေတတ်ပါတယ်။ အခြားသူတွေ ဘာတွေလုပ်နေလဲ၊ ဘာတွေဖြစ်နေလဲဆိုတာကို အာရုံထားကြလေ့ရှိပါတယ်။ ကိုယ့်ကိုယ်ကိုယ်စစ်ဆေးဆန်းစစ်မှုလုပ်ဖို့ မရှိသလောက်ရှားပါတယ်။ ကိုယ့်ရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ပကတိအခြေအနေကို အကဲခတ်ဖို့ပင် မကြိုးပမ်းနိုင်ဘဲဖြစ်နေတတ်ပါတယ်။ ကြိုးပမ်းရင်တောင် မိမိစိတ်ဟာကြည်လင်နေဖို့လိုပါလိမ့်မယ်။ ဒီအတွက် စိတ်ကိုမသန့်စင်အောင် လှုံ့ဆော်နေတတ်တဲ့ စေတသိက်တွေကို အတတ်နိုင်

**ပျော်ရွှင်တဲ့လူအများစုရဲ့ အံ့ဩလောက်အောင်ကောင်းတဲ့ အရည်အချင်းတစ်ခုဟာ လူ့ဘဝရဲ့ ကောင်းခြင်းကြန်အင်လက္ခဏာတွေ မြတ်နိုးတန်ဖိုးထားတတ်တာဖြစ်တယ်လို့ ဆိုပါတယ်။ နံနက်ခင်းမှာ သတင်းစာဖတ်၊ အလုပ်သွားရင်း သတင်းစာချိုင်းအောက်ထား၊ ရထား၊ ကားစီးပြီး အလုပ်ဆင်းကြတယ်။ အိမ်မှာကျန်ရစ်သူမိသားစုတို့ကလည်း အိမ်မှုတာဝန်ထမ်းဆောင်မယ်၊ သူငယ်ချင်း မိတ်ဆွေတွေဆီလည်ကြမယ်။ ရံဖန်ရံခါ ညစာစားပွဲလေးလုပ်ကြမယ်။ သဘာဝတရားကြီးကပေးတဲ့ နေရောင်ခြည်၊ ရေမြေတောတောင်အောက်မှာ အလှအပတွေကို ခံစားစံစားကြပါတယ်။ ဒါတွေဟာ ဘဝရဲ့ ပျော်ရွှင်မှုအရင်းအမြစ်ပဲဖြစ်**

ဆုံးဖယ်ရှားကြဖို့လိုပါလိမ့်မယ်။

"လူတို့ရဲ့ စိတ်ဟာ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ပြည့်ကျပ်နေတဲ့အတွက် ဒုက္ခပင်လယ်ထဲမှာ တဝဲလည်လည် ဖြစ်နေကြရတယ်" လို့ ဗုဒ္ဓက အလင်းပြခဲ့ပါတယ်။ ဘဝဟာ မဖြစ်ချင်တာတွေ ဖြစ်တယ်။ ဖြစ်ချင်တာတွေဟာဖြစ်မလာတတ်ဘူး။ ဒါဟာ ပြဿနာအပေါင်းရဲ့ ဇာစ်မြစ်ဖြစ်ပါတယ်။ ရှောင့်ရဲတင်းတိမ်ကျေနပ်ဖွယ်မဲ့တဲ့ ဘဝရဲ့သဘောသဘာဝ ဖြစ်ပါတယ်။

**ယနေ့ ကမ္ဘာတစ်လွှားမှာ အကြမ်းဖက်မှု၊ လူထုအုံကြွမှု၊ ဒေါသအမျက်ချောင်းချောင်းထွက်နေမှုတွေဟာ ထိန်းရခက်၊ ထိန်းမနိုင်လောက်အောင်ကျယ်ပြန့်ပါတယ်။ ပြင်းလဲပြင်းထန်ပါတယ်။ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေးအားပြိုင်တာတွေဟာ လောဘ၊ ဒေါသနဲ့ မောဟတွေမှာ မြစ်ဖျားခံပါတယ်။**

ကျွန်တော်တို့အားလုံး နားလည်တဲ့လောဘ၊ ဒေါသနဲ့ မောဟတွေဟာ စိတ်တွေကို နောက်ကျိစေပါတယ်။ မကြည်မလင် ဝိုးတိုးဝါးတား ဖြစ်စေပါတယ်။ စိတ်မှာ ပြင်းထန်နေတဲ့ လောဘ၊ ဒေါသ၊ မောဟတို့ဟာ ပုထုဇဉ်လူသားတို့ကို ဒုက္ခပေးတတ်တာမို့ သာမန်လူပုဂ္ဂိုလ်တွေအနေနဲ့ နိစ္စဓူဝကိစ္စတွေကို ပုံမှန်လည်ပတ်နေနိုင်ပြီဆိုရင် စိတ်ချမ်းသာပျော်ရွှင်စရာကောင်းပါပြီလို့ ဆိုလိုတာ ဖြစ်ပါတယ်။

### ဝစီကံမှုတွေဟာ နားဝင်ချို

စိတ်ချမ်းသာမှုကို ရှေးရှုသူတို့ဟာ ရွှင်လန်းနေတာကိုတွေ့ရတယ်။ စိတ်ကြည်လင်နေတော့ ဝစီကံမှုတွေဟာ နားဝင်ချိုတယ်။ ပြောတတ်ဆိုတတ် ဆုံးဖြတ်နိုင်တာကိုတွေ့ရတယ်။ အသိဉာဏ်ကောင်းတယ်။ စိတ်အားထက်သန်တယ်။ ခင်မင်ရင်းနှီးစွာ ဆက်ဆံတတ်တယ်။ လောဘ၊ ဒေါသ၊ မောဟတွေ နည်းလာတယ်။

ဒီလိုအရည်အချင်း ဂုဏ်အင်္ဂါတွေကြောင့် အခက်အခဲကို ကျော်လွှားနိုင်တယ်။ အခက်အခဲ ဖြေရှင်းရတာကို သဘောကျတယ်။ ဒါကြောင့်လည်းပဲ စိတ်ကြည်လင်ချမ်းသာ ကိုယ်ကျန်းမာတဲ့ သဘောရှိတယ်။ အဲတော့ ဘဝမှာ အပျော်ရွှင်ဆုံးသူ၊ အပျော်ရွှင်ဆုံးလူဆိုတာ ဘယ်သူတွေလဲလို့မေးရင် အကောင်းဆုံး စည်းစိမ်ဥစ္စာ အချမ်းသာဆုံးတွေကိုပဲ ရနေတဲ့သူတွေ မဟုတ်ပါဘူး။ ဂုဏ်ပကာသန အဆောင်အယောင်တွေနဲ့ ကျိကျိတက် ချမ်းသာနေတဲ့သူတွေကို ချမ်းမြေ့ပျော်ရွှင်နေတယ်လို့ ထင်တတ်ကြပါတယ်။ တကယ်တော့ ကိုယ့်မှာရှိတာနဲ့ အကောင်းဆုံး လုပ်နိုင်တဲ့သူကသာ အပျော်ရွှင်ဆုံးသူ ဖြစ်တာကိုတွေ့ရပါတယ်။

လောဘ၊ ဒေါသနဲ့ မောဟတို့ဟာ သေချာပေါက် စိတ်ကိုကြည်လင်မှုကင်းမဲ့စေပါတယ်။ မေတ္တာ၊ ကရုဏာ ၊မုဒိတာ၊ ဥပေက္ခာမဲ့သူတို့ရဲ့စိတ်ဟာလည်း နောက်ကျိစေပြန်ပါတယ်။ နောက်ကျိတဲ့စိတ်တွေက အမှန်အသိတွေကို ဖုံးကွယ်ထားကြပါတယ်။ ဒ့ါကြောင့် အမှန်အသိတွေကို မသိနိုင်မမြင်နိုင်ဖြစ်ရပါတယ်။ ကြည်လင်တဲ့မျက်စိတွေက ပုံရိပ်မှန်၊ အဖြစ်မှန်ကို ထင်ထင်ရှားရှား ကွက်ကွက်ကွင်းကွင်း မြင်နိုင်သလိုပါပဲ။

### ဆင်ခြင်တုံတရားတွေထား

လူသားတွေရဲ့ မှားယွင်းချွတ်ချော်မှုတွေမှာ အပြင်ချင်ဆုံးကတော့ ဒေါသပါပဲ။ ဒေါသကိုပြင်ပါ၊ ဒေါသထွက်ပုံကိုပြင်ပါဆိုတဲ့ စာပိုဒ်လေးကိုသတိရနေစေချင်ပါတယ်။ ဒေါသပုံထ၊ ယမ်းပေါ် မီးကျထိ မရောက်ဖို့စိတ်ကိုထိန်းကြရမယ်။ ဆင်ခြင်တုံတရားတွေထားကြရမယ်။ ကောင်း၏၊ မကောင်း၏၊ အကြောင်းနဲ့အကျိုး ဆက်စပ်၏၊ မဆက်စပ်၏ စတာတွေကို ဂဃနဏ သိမြင်နိုင်တဲ့ အသိဉာဏ်ဟာ မြင့်ဖို့လိုအပ်ပါတယ်။ ပူလောင်တဲ့ ဦးနှောက်နဲ့ အေးတဲ့နှလုံးသားဟာ အလုပ်မဖြစ်တတ်ဘူးဆိုတဲ့ စကားဟာလည်း မှတ်သားစရာ ကောင်းပါတယ်။

စိတ်မှာ မှားမှန်းမသိ၊ မှန်မှန်းမသိဖြစ်နေတာဟာ မောဟဖြစ်ပါတယ်။ မှန်တာတွေကို မှားတယ်လို့ထင်မြင်တဲ့အတွက် အမှန်တွေမလုပ်မိပြန်ဘူး။ မှားတာတွေကို မှန်တယ်ထင်မြင်တဲ့အတွက် မှားတာတွေလုပ်မိပြန်ရော။ ဒါကြောင့် မောဟစိတ်ဟာ ပိုပြီးကြောက်စရာကောင်းပါတယ်။ မောဟဟာ လောဘ၊ ဒေါသကဲ့သို့ မဟုတ်၊ မထင်မရှားနဲ့ တမြိုက်မြိုက်တငွေ့ငွေ့နဲ့ လောင်နေတဲ့ သဘောရှိပါတယ်။ မှန်၏မှား၏သဲကွဲစွာမသိဘဲ တွေးတောပြောဆိုပြုမူမှုတို့ကို စေ့ဆော်တဲ့ ဒီမောဟဟာ အလွန်ကို ကြောက်စရာကောင်းတယ်လို့ ပြောခြင်းဖြစ်ပါတယ်။ မောဟကို သိဖို့ခက်သလို ပြင်ဖို့လည်း ခက်ပါတယ်၊ ဖယ်ရှားနိုင်ဖို့လည်းခက်လှပါတယ်။ ဒါကြောင့်လည်း လူ့ဘဝဟာ ပူလောင်မှုကင်းတယ်၊ ဒုက္ခကင်းတယ်ရယ်လို့ မရှိနိုင်ပါဘူး။

**လူမှာ အဆိုးဆုံး တရားတွေဖြစ်တဲ့–**

- ❖ လောဘ … လိုချင်တပ်မက်ခြင်း
- ❖ ဒေါသ … ခက်ထန်ခြင်း
- ❖ မောဟ … မသိခြင်း
- ❖ မာန … ထောင်လွှားခြင်း
- ❖ ဣဿာ… မနာလိုခြင်း
- ❖ မစ္ဆရိယ… ဝန်တိုခြင်း
- ❖ ဒိဋ္ဌိ … မှားယွင်းစွာနားလည်ခြင်းတို့ကို

နည်းနိုင်သမျှနည်းအောင်၊. ကင်းစင်အောင်အထိ စိတ်ပိုင်း၊ အသိဉာဏ်ပိုင်းဆိုင်ရာတို့ကို မြင့်မားအောင် အားထုတ်ကြရပါမယ်။ မာနထောင်လွှားတာ၊ ဣဿာ မနာလိုတာ၊ မစ္ဆရိယ ဝန်တိုတာ၊ ဒိဋ္ဌိ မှားယွင်းစွာ နားလည်တာတွေ လျော့ပါးလာလေလေ စိတ်ဟာ ပို၍ပို၍ သန့်စင်လာတယ်လို့ တရားသဘောက ဆိုပါတယ်။

စိတ်မှာပေါ်ပေါက်လာသမျှဆန္ဒတွေ မလွန်ကဲအောင်ထိန်းရာမှာ ကိုးကွယ်ကြတဲ့ ဘာသာတရား အသီးသီးဟာ ကိုယ်ကျင့်တရားရဲ့အရေးကြီးပုံကို နှစ်ပရိစ္ဆေဒများစွာကတည်းက သွန်သင်နေတာသာဖြစ်ပါတယ်။ လူ့ယဉ်ကျေးမှုကြီးမယိမ်းမယိုင်မပြိုလဲအောင် လူတို့ကိုးကွယ်ရာဘာသာတရားကြီးနဲ့ပဲ လူရဲ့ခရီးရှည်ကြီးကိုလမ်းပြသွားကြရမယ်လို့ယုံကြည်ပါတယ်။

စာမျက်နှာ ၁၇ သို့ ◆

◆ စာမျက်နှာ ၁၆ မှ

ရှေးရှေးဘဝ အဆက်ဆက်ကအတိတ်ကို မသိနိုင်ရှာတဲ့ဦးနှောက်၊ သေခြင်းရဲ့ တခြားဘက်မှာ ဘာတွေဘယ်လိုဆိုတာ ဂဃနဏ မသိနိုင်တဲ့ဦးနှောက်မျိုးကို တမင်ဖန်တီးထားလေရော့လား စဉ်းစားစရာပင်။ ယခုဘဝမှာပင် မနက်ဖြန်သဘက် ဘာတွေဘယ်လိုဆိုတာ အိုမလား၊ နာမလား၊ သေမလား ကပ်ကြီးသုံးပါး၊ ရန်သူမျိုးငါးပါးနဲ့ ကြုံရမလားဆိုတာ သိနိုင်တဲ့ ဦးနှောက်မျိုးဖြစ်ခဲ့ရင် လူ့လောကကြီးဟာ စိတ်အေးချမ်းစွာ နေနိုင်ပါ့မလားဆိုတာ တွေးတောစရာကြီးပဲ ဖြစ်ပါတယ်။ ရှေးရှေးအတိတ်ကိုမစဉ်းစားနိုင်အောင် လောဘ၊ ဒေါသ၊ မောဟတို့က ဖုံးကွယ်ထားသလို နောက်တစ်နေ့နောက်တစ်နာရီမှာပင် မည်သို့မည်ပုံဖြစ်မှာကို ကြိုတင်မသိနိုင်အောင်လည်း ဖုံးကွယ်ထားနေတဲ့ သဘောပဲလား၊ လားပေါင်းများစွာစဉ်းစားစရာတွေချည်းပါပဲ။ လောဘ၊ ဒေါသ၊ မောဟတို့အပြင် မာန၊ ဣဿာမစ္ဆရိယ၊ ဒိဋ္ဌိဆိုတဲ့ စေတသိက်တွေက လူ့စိတ်ကိုမသန့်စင်အောင် လှုံ့ဆော်တတ်ကြရာ သံသရာကိုမသိနိုင်အောင်သာမက ဒီဘဝကို ကြိုတင်မြင်နိုင်ဖို့ ခဲယဉ်းနေပါတော့တယ်။

### လူနဲ့ပဲဆိုင်

ကျွန်တော်တို့တစ်တွေဟာ မျက်စိတွေပိတ်၊ ပါးစပ်ပေါက်တွေဖွင့်ပြီး မွေးဖွားလာကြပါတယ်။ သဘာဝတရားကြီးကပေးလိုက်တဲ့ ဒီအမှားကြီးကိုပြင်ဖို့ ကျွန်တော်တို့ရဲ့ အချိန်တွေကို ဘဝတစ်လျှောက်လုံး သုံးနေဖြုန်းနေကြရသလိုပါပဲ။ သဘာဝတရားကြီးကို အပြစ်တင်တဲ့သဘောမဟုတ်၊ ဘုရားသခင်ကိုလည်း အပြစ်တင်စရာအကြောင်းမရှိ။ လူ့အခွင့်အရေး ဒီမိုကရေစီအရေးကိုလည်း ဝေဖန်စောကြောစရာအကြောင်းမရှိ လူနဲ့ပဲဆိုင်ပါတယ်။

ကျွန်တော်တို့တစ်တွေဟာ ဒုက္ခအပေါင်းကကယ်တင်ကြဖို့၊ ပျက်စီးနေတဲ့ကမ္ဘာပြင်ဖို့ ဒီမိုး၊ ဒီရေ၊ ဒီမြေနဲ့ ဒီကောင်းကင်ကြီးရဲ့အောက်မှာ ရေစက်ဆုံကြတာဖြစ်ပါတယ်။ ရေလွှမ်းရေကြီးတဲ့ဒေသ ရေမကြီးအောင်၊ ခြောက်သွေ့တဲ့နေရာရေရောက်အောင်၊ တောမီးတွေလောင်ရင် မလောင်ရအောင်၊ ဒုက္ခတွေကပ်တွေဆိုက်ရင်ဒီဒုက္ခအပေါင်းကကျော်လွှားဆောင်ဆိုတဲ့ကိစ္စဟာ တစ်ရက်တာတစ်နှစ်တာ အလုပ်မဟုတ်၊ တစ်သက်တာလုံး လုပ်ကြရမယ့်ကိစ္စ၊ တစ်ဦးတစ်ယောက်ကောင်းမဟုတ်၊ လူအပေါင်း စုပေါင်းလုပ်ကြရမယ့်အလုပ်တွေပဲ ဖြစ်ပါတယ်။ ကြီးသည်ငယ်သည် ဆင်းရဲသည်ချမ်းသာသည်မဟုတ် လောကကြီးမှာ တစ်ခုမဟုတ်တစ်ခုသော ဒုက္ခနဲ့ လူသားတွေဟာ ကြုံတွေ့ကြရပါမယ်။ ဒါဟာ ဓမ္မတာပဲ ဖြစ်ပါတယ်။

လူဟာမွေးဖွားချိန်ကစလို့လောကထဲရောက်တာနဲ့ ဝေဒနာတွေခံစားစံစားဖို့ပဲ။ ဒုက္ခ၊ သုခတွေရှိကြမယ်ဆိုတာအမှန်ပင်ဖြစ်ပါတယ်။ သို့တစေဘဝပတ်ဝန်းကျင်က အကြောင်းခြင်းရာတို့ဟာ လူကိုဖိစီးတာမဟုတ်ပါဘူး၊ သင်က ဘယ်လိုဘယ်ပုံ ဘယ်နည်းတွေနဲ့ သယ်ဆောင်တယ်၊ ရွေ့လျားနေတယ်ဆိုတဲ့အပေါ်မှာ မူတည်တတ်ပါတယ်။ နေ့စဉ်နေ့တိုင်း မနက်ခင်းအိပ်ရာကထတာနဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ ဒိဋ္ဌိတို့ကို သယ်ဆောင်မိပြီဆိုရင် သင့်ရဲ့ တစ်နေ့တာ ဘဝက သင့်ကိုလေးလံစွာဖိစီးနေပါလိမ့်မယ်။

### ခံစားဖို့မမေ့စေချင်

ကျွန်တော်တို့တစ်တွေဟာ တစ်နေ့တာကာလအတွင်း စိတ်ကြည်နူးစရာတွေလုပ်ဖို့ မေ့နေတတ်ပါတယ်။ ဥပမာ သစ်ပင်တွေဆီက တိုက်ခတ်ဖြတ်သန်းလာတဲ့ လေပြည်လေညင်းသံ၊ ကျေးငှက်တို့ရဲ့ မြူးထူးသံတွေကိုလည်း နားဆင်လိုက်ပါဦး။ နှင်းဆီပန်းတို့ရဲ့ရနံ့နဲ့ ရိတ်ဖြတ်ထားတဲ့ မြက်ခင်းသစ်ဆီကလာတဲ့ ရနံ့တွေကို လမ်းလျှောက်ရင်း ရှူရှိုက်လိုက်ပါဦး။ တစ်မျှော်တစ်ခေါ်ကြည့်ရင် ဂေါ်ယာကျွန်းဆီ နေမင်းကြီးဝင်သွားတဲ့အချိန်၊ အနောက်ယွန်းယွန်း မိုးကုပ်စက်ဝိုင်းရဲ့ အလှအပ၊ တောင်တန်းကြီးတွေရဲ့ အလှအပ၊ အပြောကျယ်လှတဲ့ သမုဒ္ဒရာရေပြင်နဲ့ အားမာန်ပြင်းတဲ့ လှိုင်းလုံးကြီးတွေဟာလည်း ကြည့်လို့မဝ ဖြစ်နေတာကို ခံစားဖို့မမေ့စေချင်ပါ။ ပြောရရင် လောကကြီးမှာ အလကားရတဲ့ပစ္စည်းတွေဟာတန်ဖိုးကြီးမားပါတယ်လို့ ပြောချင်ပါတယ်။

ကျွန်တော်တို့ ငယ်စဉ်ကစကြီးပြင်းလာတဲ့ အထိ ပညာသင်ကြားကြတဲ့အခါ

❖ **သိဖို့ (learning to know)**

❖ **ကျွမ်းကျင်ဖို့ (learning to do and be skillful)**

❖ **ကိုယ်ကျင့်တရားကောင်းဖို့ (learning to be)**

❖ **အတူတကွ နေထိုင်ကြဖို့၊ ခွဲခြားမှုမရှိဖို့ (learning to live peacefully together, with no discrimination)**



ကိစ္စတွေ ပါဝင်ပါတယ်။ နောက်ဆုံးတစ်ချက်ဖြစ်တဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတို့နဲ့ ညီညွတ်မျှတစွာ နေတတ်ဖို့ဟာ အလွန်အရေးကြီးလှပါတယ်။ အတ္တပရ မျှတ၊ အပြုံးမပျက်လုပ်နိုင်ဖို့လိုပါတယ်။ မေတ္တာတွေလည်း ထားကြရလိမ့်မယ်။ ဒါတွေပဲလား၊မဟုတ်သေးပါဘူး၊ ကျွန်တော်တို့ သဲကြီးမဲကြီး လုပ်နေကြတဲ့ ကိစ္စတွေဟာ တစ်ခါတစ်ရံမှာ အဓိကမကျလှပါဘူး။ အေးအေးဆေးဆေး နွေးနွေးထွေးထွေး၊ ဆွေးဆွေးနွေးနွေးလုပ်ဆောင်တတ်ကြဖို့ လိုပါတယ်။

မြန်မာတို့ဟာ အလွန်တရာရိုးရှင်းတဲ့ဘဝကို လယ်ယာ မြေကိုမှီပြီး မိသားစုအတွက်တာဝန်ကျေပွန်ခြင်း၊ လယ်ယာအလုပ်လုပ်ခြင်းနဲ့ အသက်မွေးမှုက ထွက်ပေါ်လာတဲ့ ရလဒ်တစ်ခုဟာပျော်ရွှင်မှုပီတိပဲဖြစ်ပါတယ်။ မိုးကျတာနဲ့ လယ်တောထွက်ဖို့ အဆင်သင့် ဖြစ်နေကြပါပြီ။

### သံသရာခရီး မရှည်ဖို့

မြန်မာလယ်သမားတို့ဟာ ယာတောကိုသွားကြပြီး ထွန်ယက်စိုက်ပျိုးနေရတာကို ပျော်ရွှင်နေကြတယ်။ နံနက်ခင်းနံနက်စာစားပြီးတာနဲ့ အလုပ်လုပ်ဖို့ တာစူခဲ့ကြတာချည်းပါပဲ။ ရွာကဘုန်းတော်ကြီးဟာလည်း တရားဓမ္မတွေဟောပြောတဲ့သာသနာ့အလုပ်ကိုလုပ်နေရတာပျော်ရွှင်နေတာဖြစ်ပါတယ်။ မူလတန်းကျောင်း ဆရာတစ်ဦးဟာလည်း ကလေးတွေရဲ့ ပညာရေးအတွက် အလုပ်လုပ်ရတာကျေနပ်ပါတယ်။ သီတင်းဝါလကာလမှာလဲ သီလဆောက်တည်ကြတာဟာလည်း သံသရာခရီး မရှည်ဖို့ထိ ရည်မှန်းကြတာပဲ ဖြစ်ပါတယ်။

လယ်သမား၊ အလုပ်သမားတွေရဲ့ဘဝဟာ မိုးလေဝသမမှန်ရင်ယိုင်လဲတတ်ပါတယ်။ ရေနံနဲ့လောင်စာဆီ ပြဿနာပေါ်တဲ့အခါ စက်မှုလုပ်ငန်းနဲ့ ကုန်စီစီးဆင်းမှု လည်ပတ်မှုလုပ်ငန်းတွေဟာ ပုံမမှန် ဖြစ်တတ်ကြပါတယ်။ ကိုဗစ်ကဲ့သို့ကပ်ရောဂါကြီးကျရောက်တဲ့အခါ လူသားတို့ရဲ့ဘဝဟာ ချောက်ချားတဲ့အခြေဆိုက်ပါတယ်။ စစ်မက်ဖြစ်ပွားရင်လည်း လူထုဟာ ဒုက္ခအပေါင်းကျရောက်ရပါတယ်။ ဒီလိုကြီးမားတဲ့ ရိုက်ခတ်မှုရှိတဲ့ အခါမျိုးမှာပဲပြုတ်သည်ဟာလည်း မနက်ခင်းလင်းတာနဲ့ သူ့မိသားစုအတွက်အလုပ်လုပ်ရတာပါပဲ။ မုန့်ဟင်းခါးသည်ဟာလည်း အိမ်နားရောက်တဲ့အထိ ရောင်းရတာပါပဲ။ မြို့ကြီးပြကြီးတွေမှာလည်း အလုပ်လုပ်မယ့်သူ၊ ဈေးရောင်းဈေးဝယ်လုပ်မယ့်သူတွေ၊ ဘုရားပုထိုး သွားလိုတဲ့သူတွေအတွက် ဘတ်စ်ကား၊ မီးရထား မောင်းကြရတာဟာ ပြည်သူ့အတွက် လုပ်ပေးတာဖြစ်ပါတယ်။

### နှစ်နှစ်ကာကာ ပေါင်းသင်းကြ

ရာစုသစ်ရဲ့ အကြီးမားဆုံးစိန်ခေါ်မှုဟာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့လောက်မဟုတ်၊ လောဘ၊ ဒေါသ၊ မောဟကြီးခြင်း၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ ဒိဋ္ဌိ စတဲ့ စိတ်ကိုညစ်ညမ်းစေတဲ့ စေတသိက်တွေ အန္တရာယ်က ကာကွယ်ဖို့ဖြစ်ပါတယ်။ စေတသိက်တွေကြောင့် နှုတ်မှု၊ ကိုယ်မှု မကောင်းမှု အကုသိုလ်တွေပြုကြကုန်တယ်။ မာနထောင်လွှားတာ၊ ကိုယ့်ထက်သာသူကို မနာလိုရင် ဣဿာ၊ ဝန်တိုလျှင် မစ္ဆရိယ၊ မှားယွင်းစွာ နားလည်နေရင် ဒိဋ္ဌိတို့ဟာ လူမှာအဆိုးဆုံးတရားတွေဖြစ်ပါတယ်။ စိတ်ကိုညစ်ညမ်းစေပါတယ်။ ဒီစိတ်ညစ်စိတ်ပုပ်တို့က လူကိုလည်းကောင်း၊ လူ့လောကကိုလည်းကောင်း ဖျက်ဆီးနိုင်ပါတယ်။ **ဖြူစင်တဲ့စိတ်၊ ကြည်လင်တဲ့စိတ်တွေကသာ လူကိုအကာအကွယ်ပြုနိုင်၊ ကယ်နိုင်မှာဖြစ်ပါတယ်။ လူ့လောကကို ဖျက်ဆီးခြင်းမှ ကာကွယ်နိုင်မှာဖြစ်ပါတယ်။** ကိုယ်ကျင့်တရားနဲ့ ကိုယ့်သိက္ခာကို ညစ်ညမ်းစေတဲ့ စေတသိက်တွေရဲ့ ဘေးအန္တရာယ်မှကာကွယ်၊ ထိန်းသိမ်းစောင့်ရှောက်ဖို့သာဖြစ်ပါတယ်။ လူ့ဘဝရောက်လာပြီဆိုရင် ထမင်းစားဖို့၊ ပေါင်မုန့်စားဖို့မဟုတ်။ အလုပ်လည်းလုပ်၊ အပန်းလည်းဖြေ၊ မိတ်ဆွေတွေနဲ့လည်းနေ၊ နှစ်နှစ်ကာကာ ပေါင်းသင်းကြရလိမ့်မယ်။

**ကောင်းပါပြီ..**

ကျွန်တော်တို့တစ်တွေရဲ့ ရှေ့ခရီးဟာ ရှည်လျားပါလိမ့်မယ်။

- ဒီခရီးမှာ ဖြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားသူ ပုဂ္ဂိုလ်ထူးသူတို့ရဲ့စိတ်၊ ရဲဖော်ရဲဖက်စိတ်၊ ကိုယ်ချင်းစာစိတ်တွေ မွေးမြူကြရလိမ့်မယ်။
- ကောင်းခြင်းမင်္ဂလာ အဖြာဖြာတို့ကို မျှဝေကြရလိမ့်မယ်။
- ပူးပေါင်းဆောင်ရွက်တဲ့စိတ်၊ ကူညီရိုင်းပင်းတဲ့စိတ်တွေကို ဆောင်ရပါမယ်။
- ရင်ဆိုင်ထိပ်တိုက် အကြမ်းဖက်မှုတွေကို ရှောင်ရလိမ့်မယ်။
- ကိုယ်တိုင်လည်း မေတ္တာတွေခြံ၊ အရပ်ဆယ်မျက်နှာကိုလည်း မေတ္တာပို့ကြရလိမ့်မယ်။
- သဟဇာတ မျှမျှတတ ဟန်ချက်ညီတဲ့ အလှအပတွေ၊ အမှန်တရားနဲ့ သမာသမတ်ရှိမှုတွေကို မြတ်နိုးကြရမယ်၊ ထွန်းကားအောင်လည်းလုပ်ဖို့လိုလိမ့်မယ်။

ဒါတွေကို မမေ့မလျော့သိရှိပြုကျင့်မှသာလျှင် လူ့ဘဝရောက်ရကျိုးနပ်ပါလိမ့်မယ်။ လူသားအရင်းအမြစ်ရဲ့ အရည်အသွေး၊ အရည်အချင်း၊ ကြံရည်ဖန်ရည်၊ စိတ်ကောင်းစေတနာကောင်းနဲ့ စွမ်းဆောင်ရည်၊ တရားမျှတမှုနဲ့ ကိုယ်ချင်းစာတရားတွေကိုလည်း တိုးတက်ပွားများအောင် ဆောင်ကြဉ်းပေးခြင်းအားဖြင့် အေးချမ်းသာယာတဲ့လူ့မှုဘဝကို တည်ဆောက်နိုင်မှာဖြစ်တဲ့အကြောင်း မေတ္တာဖြင့်ရေးသားအပ်ပါတယ်။ ။

## ဆင်ဘို-မြစ်ကြီးနားခရီးစဉ် ငွေရောအမြန်ရေယာဉ် ပြန်လည်ပြေးဆွဲ



**မြစ်ကြီးနား စက်တင်ဘာ ၆**

ကချင်ပြည်နယ် ဆင်ဘိုမြို့နှင့် မြစ်ကြီးနားမြို့သို့ နေ့စဉ်ပြေးဆွဲနေသော ငွေရောအမြန်ရေယာဉ်သည် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်းများ မြင့်တက်နေသော အခြေအနေများကြောင့် ဇူလိုင်လအတွင်းမှ ရပ်နားထားခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ဆင်ဘိုမှ မြစ်ကြီးနားခရီးစဉ် ပြန်လည်ပြေးဆွဲနေပြီ ဖြစ်သည်။

အဆိုပါ အမြန်ရေယာဉ် ပြေးဆွဲမှုအတွက် ဆင်ဘို-မြစ်ကြီးနားခရီးစဉ်ကို တနင်္လာနေ့တွင်လည်းကောင်း မြစ်ကြီးနား-ဆင်ဘိုခရီးစဉ်ကို ဗုဒ္ဓဟူးနေ့တွင်လည်းကောင်း အပတ်စဉ်ပြေးဆွဲသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းများ ပြန်လည်လျော့ကျလာပါက နေ့စဉ်ပုံမှန် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအခြေအနေအရ အမြန်ရေယာဉ်ခရီးစဉ်ကို တစ်ပတ်လျှင် တစ်ကြိမ်သာ ပြေးဆွဲရန် လျာထားသော်လည်း ဆင်ဘိုနှင့် မြစ်ကြီးနားခရီးစဉ်ကြားမှာ နေထိုင်တဲ့ပြည်သူတွေ့ရဲ့ ကျန်းမာရေး၊ ကုန်စည်စီးဆင်းမှုအသင်းအဖွဲ့တွေရဲ့ အခက်အခဲတွေ ဖြစ်ပေါ်လာရင် ခရီးစဉ်အကြိမ်ရေတိုးပြီး ပြေးဆွဲပေးသွားမှာဖြစ်ကြောင်း ငွေရောအမြန်ရေယာဉ်အသင်း ဥက္ကဋ္ဌ ဦးကျော်လှိုင်ထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

# စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်းများတွင် ခိုလှုံနေကြသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**စစ်တွေ စက်တင်ဘာ ၆**
ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း(IDPs) များတွင် ခိုလှုံနေကြသည့် အသက် ၄၅ နှစ်အထက် ပြည်သူများနှင့် ကျေးရွာများတွင် နေထိုင်ကြသူများအား ယနေ့နံနက်ပိုင်းက ဘောဒူဖ ကျေးရွာအခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့် ဘောဒူဖ(၁) နေရပ်စွန့်ခွာစခန်း (IDPs)များ၌ ပထမအကြိမ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများနှင့် စစ်တွေတပ်နယ်မှ ဆေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြခြင်းဖြစ်ကာ ဆေးထိုးနှံပြီးနောက်တွင်လည်း မိနစ် ၃၀ အကြာ စောင့်ကြည့်ပြီးမှ ပြန်လည်ထွက်ခွာခွင့်ပြုကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့်စပ်လျဉ်း၍ ခေါင်းဒုက္ကာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစောလှ( ဦးရော်ဖီး)က "ဒီနေ့ ကျွန်တော်တို့ ဘောဒူဖကျေးရွာအခြေခံပညာမူလတန်း(လွန်)ကျောင်းနဲ့ ဘောဒူဖ (၁) နေရပ်စွန့်ခွာစခန်း (IDPs)နှစ်ခုမှာ ကိုဗစ်ရောဂါ ကာကွယ်ဆေးကို လူဦးရေ ၆၀၀ အတွက် ထိုးနှံပေးဖို့ စီစဉ်ထားပါတယ်၊ ကျေးရွာစာသင်ကျောင်းမှာ လူဦးရေ ၃၀၀ နဲ့ ဘောဒူဖ(၁) စခန်းမှာ လူဦးရေ ၃၀၀ ထိုးနှံပေးဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။

ကာကွယ်ဆေးထိုးနှံရန်လာရောက်ကြသော သက်ကြီးရွယ်အိုများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ IDPs စခန်းတာဝန်ခံများ၊ တာဝန်ရှိသူများက လိုအပ်သောကိစ္စများကို ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း (IDPs)များတွင် အသက် ၄၅ နှစ်နှင့်အထက် ပြည်သူများအား Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဩဂုတ် ၂၈ ရက်မှစတင်၍ ထိုးနှံပေးလျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများနှင့် IDPs စခန်းများမှ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရန်အတွက် Sinovac ကာကွယ်ဆေးအလုံးရေ ၅၀၀၀၀ ကို ပြည်ထောင်စုအစိုးရအဖွဲ့က သီးသန့်ခွဲဝေချပေးထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်း - တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ - ကံထွန်း(ဟံတာမြေ)**





## အင်တောမြို့၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**အင်တော စက်တင်ဘာ ၆**
ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တောမြို့တွင် အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများနှင့် ဦးစားပေးအဆင့်လိုက် ပထမအကြိမ်အဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများအား ယနေ့နံနက်ပိုင်းက အမှတ်(၄) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)ဗထူးမြို့မှ ဗိုလ်ကြီးသိန်းထိုက်နှင့်အဖွဲ့တို့က အင်တောတိုက်နယ်၊ ကျောက်ဂူတိုက်နယ်ဆေးရုံတို့၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော Sinopharm အမျိုးအစားကာကွယ်ဆေးကို ရဟန်းသံဃာတော်များ၊ အသက် ၆၅ နှင့်အထက် သက်ကြီးဘိုးဘွားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ မိသားစုဝင်များ၊ စေတနာ့ဝန်ထမ်းများ အင်တောတိုက်နယ် ၃၁၃ ဦး၊ ကျောက်ဂူတိုက်နယ် ၂၀၉ ဦး စုစုပေါင်း ၅၂၂ ဦးကို ထိုးနှံပေးခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ခိုင်(ပြန်/ဆက်)**

■





## ညောင်ရွှေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**ညောင်ရွှေ စက်တင်ဘာ ၆**
ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့အထိ ကာကွယ်ဆေးလာရောက်ထိုးနှံသူပေါင်း ၅၈၁၂ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ညောင်ရွှေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို အသက် ၆၅ နှစ်နှင့်အထက်နှင့် ဦးစားပေးအဆင့်အလိုက် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စုမှ ပြည်သူများကို ဆေးထိုးအဖွဲ့ ခုနစ်ဖွဲ့ဖြင့် ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးသူရိန်**

# ကိုဗစ်လူနာမဟုတ်တဲ့သူတွေကိုလည်း လက်ခံကုသပေးနေရတဲ့အတွက် လူနာ ၄၀၀ ကျော်လောက်ပဲ လက်ခံကုသပေးနိုင်တဲ့ အခြေအနေမှာ ရှိပါတယ်

## ဒေါက်တာကြည်စိုး

တွေ့ဆုံမေးမြန်း - လင်းသစ်
ဓာတ်ပုံ - ခိုင်မင်း

**ရန်ကုန်မြို့ရှိ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင် အရေးပေါ်ခွဲစိတ်ကုသမှု အပါအဝင် အရေးပေါ်ဆေးဝါးကုသမှုခံယူရန် လိုအပ်သည့်လူနာများကို အချိန်မီ ဆေးဝါးကုသမှုများ ပြုလုပ်နိုင်ရန် ဆေးရုံကြီးအား ၂၄ နာရီ ဖွင့်လှစ်ထားပြီး ရောဂါဝေဒနာပြင်းထန်သည့် ကိုဗစ်လူနာများကိုပါ လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။**

အဆိုပါဆေးရုံကြီးတွင် ပြင်ပလူနာများ အပါအဝင် ရောဂါပြင်းထန်သည့် ကိုဗစ်လူနာများအား ဆေးဝါးကုသပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာကြည်စိုးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး ။ ။ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှာ လက်ရှိ ကိုဗစ်လူနာ ဘယ်နှဦး တက်ရောက်ဆေးဝါးကုသမှု ခံယူနေပါသလဲ။ ရောဂါသက်သာပျောက်ကင်းလို့ ဆေးရုံဆင်းသွားတဲ့ လူနာဘယ်နှဦးလောက် ရှိပါသလဲ။**

**ဖြေ ။** ။ ကိုဗစ်တတိယလှိုင်းမှာ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှာ လူနာ ၃၉၈ ဦးအထိ အမြင့်ဆုံးလက်ခံကုသပေးပါတယ်။ လက်ရှိ ဆေးရုံတက်ရောက်ပြီး ဆေးဝါးကုသမှု ခံယူနေတဲ့ လူနာ ၁၁၄ ဦးရှိပါတယ်။ အမျိုးသားက ၅၂ ဦး၊ အမျိုးသမီးက ၆၂ ဦး ရှိပါတယ်။

**မေး ။ ။ ကိုဗစ်လူနာတွေကို ဆေးဝါးကုသပေးနေတဲ့ အခြေအနေနဲ့ပတ်သက်ပြီး သိချင်ပါတယ်။**

**ဖြေ ။** ။ ကျွန်တော်တို့မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးက ကိုဗစ်ရောဂါ ပြင်းထန်အဆင့်ရှိတဲ့ လူနာတွေကို လက်ခံကုသပေးနေတာ ဖြစ်ပါတယ်။ တတိယလှိုင်းက ပြင်းထန်တဲ့အတွက် ကျွန်တော်တို့လို ဆရာဝန်ကြီးတွေ ပြည့်ပြည့်စုံစုံရှိတဲ့ ဆေးရုံမှာ ရောဂါပြင်းထန်တဲ့ လူနာတွေပဲ လက်ခံကုသပေးပါတယ်။ ဒါကို ပြည်သူတွေက မသိလိုက်ကြဘူး။ သူတို့က ဆေးရုံကိုပဲ လာချင်ကြတာ။ သူတို့ရဲ့ ခံစားချက်ကို ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။ ကိုဗစ် ပြင်းထန်တဲ့သူတွေမှာ အောက်ဆီဂျင် အပြင်းအထန် လျော့လာတဲ့သူတွေရှိတယ်။ တခြား သွေးကြောများမှာ သွေးခဲခြင်း၊ အဆုတ်၊ နှလုံး၊ အသည်းတို့ ထိခိုက်ခြင်းလည်းရှိပါတယ်။ ဒီလို ပြင်းထန်လက္ခဏာ ရှိသူတွေကို လက်ခံကုသပေးပါတယ်။

> **အခုအခြေအနေကတော့ ကိုဗစ်ကူးစက်မှုက ကျဆင်းသွားပြီဖြစ်တဲ့အတွက် ခုတင်နေရာတွေလည်း တော်တော်ရှိလာပါပြီ။ အခုက အရေးပေါ်ကိုပဲသွားရမှာ ဖြစ်ပါတယ်။ အရေးပေါ်လာလို့ရှိရင် အရေးပေါ်ကနေတစ်ဆင့် ICU Ward တွေကို ချိတ်ဆက်ပြီး ဆေးရုံတင်ဖို့ လုပ်ပေးမှာဖြစ်ပါတယ်။ ကိုဗစ်ရောဂါ ပြင်းထန်တဲ့ လူနာလားဆိုတာတော့ ခွဲခြားထားပါတယ်။**

အောက်ဆီဂျင် ပြင်းထန်အခြေအနေနဲ့ ပတ်သက်ရင် အစပိုင်းမှာ လေကိုရှူလို့ရတဲ့ အခြေအနေရှိတယ်။ လေနဲ့ရှူလို့မရရင် အောက်ဆီဂျင်ကို ပိုက်နဲ့ တစ်လိုင်းပေးတယ်။ တစ်လိုင်းနဲ့ မရရင် နှစ်လိုင်းပေးတယ်။ အဲဒါမှမရရင် Flow မြင့်တဲ့ စက်နဲ့ပေးတယ်။ အဲဒီလိုမှမရရင်လည်း အသက်ရှူစက် တပ်ပြီးတော့ အဆင့်ဆင့်ပေးသွားတယ်။ ဒါကိုလည်း နောက်ပိုင်းကျတော့ ပြည်သူလူထုတွေက သဘောပေါက်လာပြီး ICU ကို တက်ချင်ကြတယ်။ ICU ရှိတဲ့ နေရာကို သွားချင်ကြတယ်။ ဒါမျိုးတွေ ဖြစ်လာကြတယ်။

**မေး ။ ။ ဆေးရုံမှာ တက်ရောက်ကုသမယ့် ကိုဗစ်လူနာတွေအတွက် ဆရာဝန်၊ သူနာပြု၊ ဆေးဝါးနဲ့ အောက်ဆီဂျင်တွေ ပြည့်စုံလုံလောက်မှု ရှိပါသလား။**

**ဖြေ ။** ။ ဆရာဝန်၊ သူနာပြု၊ ဆေးဝါးနဲ့ အောက်ဆီဂျင်တွေ ပြည့်စုံလုံလောက်မှု မရှိပါဘူး။ ဖေဖော်ဝါရီလကစပြီး ဆေးရုံမှာရှိတဲ့ ဝန်ထမ်းတွေ လျော့ပါးသွားခဲ့တယ်။ ကြိုးစားပြီး ဝန်ထမ်းတွေကို ပြန်စုစည်းရတယ်။ နောက်ပြန်ဝင်လာကြတယ်။ အရင်တုန်းက လူနာဦးရေ ၁၃၀၀ ကျော်လောက်အထိ ကုသပေးနိုင်ခဲ့ပါတယ်။ အခု ပြန်ကြိုးစားပြီး စုစည်းတဲ့အခါမှာ လူနာ ၄၀၀ ကျော်လောက်ကို ပြန်ကုသပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဆေးရုံက ပထမပိုင်းတုန်းက ပုံမှန်လူနာတွေကိုပဲ ကုသပေးမယ်လို့ မှန်းထားခဲ့တယ်။ ဒါပေမယ့်လည်း ကိုဗစ်တတိယလှိုင်းက ရိုက်ခတ်လာတဲ့အတွက် ကိုဗစ်လူနာတွေကို လက်ခံကုသပေးရတဲ့ အခြေအနေဖြစ်လာပါတယ်။ ကြိုးစားပြီး ကုသပေးခဲ့ပါတယ်။ ကိုဗစ်ဒုတိယလှိုင်းထက်စာရင် ကိုဗစ်တတိယလှိုင်းက တော်တော်ပြင်းထန်နေတော့ ဝန်ထမ်းတွေ တော်တော်ပင်ပန်းပါတယ်။ ပင်ပန်းပြီး လုပ်ရကိုင်ရတာ တော်တော်ခက်ခဲပါတယ်။ ဒါကို ကျွန်တော်တို့ လူအင်အားနည်းတဲ့ အထဲကနေ ကြိုးစားပြီး လုပ်ပေးခဲ့ပါတယ်။ ဝန်ထမ်းတွေက အများကြီး ကြိုးစားခဲ့ပါတယ်။ ရှိတဲ့အင်အားနဲ့ အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့ပါတယ်။

အောက်ဆီဂျင်နဲ့ပတ်သက်ပြီးတော့ ကိုဗစ်ဒုတိယလှိုင်းထက်စာရင် ကိုဗစ်တတိယလှိုင်းမှာ ပူပန်ရတဲ့ သဘောရှိပါတယ်။ မြန်မာပြည် တစ်ပြည်လုံးမှာရှိတဲ့ ဆေးရုံတွေထဲမှာ ကျွန်တော်တို့ မြောက်ဥက္ကလာပဆေးရုံကြီးက အောက်ဆီဂျင်အရည်အိုး စတင်တည်ထားခဲ့ပါတယ်။ အောက်ဆီဂျင်ကို တည်ထားတဲ့အတွက် ကိုဗစ်ဒုတိယလှိုင်းမှာ အောက်ဆီဂျင်နဲ့ပတ်သက်ပြီး ဘာပြဿနာမှ မရှိခဲ့ပါဘူး။ အေးအေးဆေးဆေး ဖြတ်သန်းနိုင်ခဲ့ပါတယ်။ ကိုဗစ် တတိယလှိုင်းမှာတော့ ရောဂါလက္ခဏာတွေက ပြင်းထန်တဲ့အတွက် တစ်ဟုန်ထိုးလူနာတွေက ထိခိုက်လာတဲ့အတွက် အောက်ဆီဂျင် ပိုလိုအပ်လာတဲ့ အခြေအနေ ရှိလာပါတယ်။ အောက်ဆီဂျင် လိုအပ်ချက်ကလည်း ကိုဗစ်ဒုတိယလှိုင်းထက်စာရင် ကိုဗစ်တတိယလှိုင်းမှာ များလာတယ်။ ဒီလိုတွေ ဖြစ်လာလို့ အောက်ဆီဂျင်အတွက် ပူပန်ရတာတွေရှိခဲ့တယ်။ ဒါပေမယ့်လည်း အစိုးရအဖွဲ့နဲ့ ကုမ္ပဏီတွေ ညှိနှိုင်းပြီး


ဒေါက်တာကြည်စိုး

ဆောင်ရွက်ခဲ့လို ကျွန်တော်တို့ ဆေးရုံကြီးက အောက်ဆီဂျင် မပြတ်လပ်ဘဲနဲ့ အဆင်ပြေပြေ လုပ်နိုင်တဲ့ အခြေအနေရှိပါတယ်။ ဆေးဝါးအနေနဲ့ကတော့ အခု ကိုဗစ်တတိယလှိုင်းမှာ လူနာလည်း များလာတဲ့ အတွက် တချို့ဆေးဝါးတွေ ဝယ်ရတဲ့အခြေအနေ ရှိပါတယ်။

**မေး ။ ။ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှာ ကိုဗစ်လူနာတွေ ဆေးရုံတက်ရောက်ကုသချင်ရင် ဘယ်လို ဆက်သွယ်ရမလဲ။**

**ဖြေ ။** ။ အခုအခြေအနေကတော့ ကိုဗစ်ကူးစက်မှုက ကျဆင်းသွားပြီဖြစ်တဲ့အတွက် ခုတင်နေရာတွေလည်း တော်တော်ရှိလာပါပြီ။ အခုက အရေးပေါ်ကိုပဲ သွားရမှာဖြစ်ပါတယ်။ အရေးပေါ်လာလို့ရှိရင် အရေးပေါ်ကနေတစ်ဆင့် ICU Ward တွေကို ချိတ်ဆက်ပြီး ဆေးရုံတင်ဖို့ လုပ်ပေးမှာ ဖြစ်ပါတယ်။ ကိုဗစ်ရောဂါပြင်းထန်တဲ့ လူနာလား ဆိုတာတော့ ခွဲခြားထားပါတယ်။ အကုန်လုံးလာမယ်ဆိုရင် အကုန်လုံးကို ဆေးရုံတက်ခွင့်ပေးမယ်ဆိုတာ လုပ်လို့မရပါဘူး။ ကိုဗစ်ရောဂါပြင်းထန်တဲ့ လူနာကိုပဲ ဆေးရုံတက်ခွင့် ပေးပါတယ်။ ဒါကိုလည်း ပြည်သူလူထုတွေက သိရင်ပိုကောင်းပါတယ်။ နောက်ပြီးလာရင်လည်း ချက်ချင်းတင်လို့ ခက်တယ်။ Ward ထဲကိုလည်း လှမ်းစုံစမ်းရတယ်။ ကျွန်တော်တို့မှာ ISO (၁)(၂)(၃)ရှိပါတယ်။ ဆရာဝန်ဇုန် နှစ်ခုရှိတယ်။ ကျန်းမာရေးဝန်ထမ်းများ မိသားစုဇုန် နှစ်ခုရှိတယ်။ လိမ္မော်ရောင်ဇုန်၊ အနီရောင်ဇုန် စသဖြင့် အရောင်နဲ့ အဆင့်ခွဲထားတဲ့ ဇုန်တွေရှိတယ်။ ဇုန်ခွဲပြီး ကုသပေးပါတယ်။

ဆရာဝန်ဇုန်ဆိုရင် ဆရာဝန်ကိုယ်တိုင်က သူ့အဖေ၊ သူ့အမေ စသဖြင့် သူကိုယ်တိုင် ကုသမှုပေးတယ်။ ဆရာဝန်ကိုယ်တိုင်ဖြစ်ရင်လည်း သူကိုယ်တိုင်က နားလည်သဘောပေါက်တဲ့အတွက် ကုသပေးရတာလွယ်ကူတယ်။ ဆရာဝန်ဆိုတော့ ပြုစုစောင့်ရှောက်တဲ့သူ ရှာဖွေနိုင်တယ်။ ကျွန်တော်တို့က ကုသချက်တွေ ပေးလိုက်တယ်။ သူတို့က ကျွန်တော်တို့ လူအင်အားကို အကူအညီပေးတဲ့သဘော ဖြစ်သွားတယ်။ မိသားစုဇုန်ဆိုလည်း ဆွေမျိုးတွေ အစုလိုက် ဆေးရုံတက်လာတယ်။ သူတို့အချင်းချင်း ပြန်ပြုစုပြီးတော့ ကျွန်တော်တို့ လူအင်အားကို အကူအညီပေးတဲ့ သဘောဖြစ်သွားတယ်။ အဲဒီလို လုပ်လိုက်တဲ့အတွက် ကျွန်တော်တို့ ဝန်ထမ်းအင်အားနည်းပါးမှုကို အောင်အောင်မြင်မြင်နဲ့ ဖြတ်သန်းနိုင်ခဲ့တယ်။

**မေး ။ ။ တခြားကုသရေးဌာနတွေရော ဖွင့်လှစ်ထားပါသလား။**

**ဖြေ ။** ။ တခြားကုသရေးလုပ်ငန်းတွေကတော့ ပုံမှန်အတိုင်း ဆောင်ရွက်ပါတယ်။ ဖေဖော်ဝါရီလနောက်ပိုင်း ကျွန်တော်တို့ဆေးရုံက တဖြည်းဖြည်း လူနာ ၄၀၀ ကျော်လောက်ထိ ကုသပေးနိုင်တဲ့အခြေအနေမှာရှိတယ်။ ကိုဗစ်မဟုတ်တဲ့ လူနာ ၄၀၀ ကျော် ကုသနေတဲ့ အခြေအနေမှာ ကိုဗစ်လူနာကလည်း ၄၀၀ ကျော် ဖြစ်သွားတော့ ကိုဗစ်မဟုတ်တဲ့လူနာ ၁၀၀ ကျော် ၂၀၀ ကျော်လောက်ပဲ လက်ခံကုသပေးနေရတယ်။ လာသမျှလူနာ အများအပြားလက်ခံနိုင်တဲ့အခြေအနေ မရှိသေးဘူး။ အရင်တုန်းကတော့ ဆရာဝန်၊ သူနာပြုဝန်ထမ်းအင်အားများတော့ လာသမျှလူနာ လက်ခံကုသပေးနိုင်တဲ့ အခြေအနေရှိခဲ့တယ်။ အဲဒီလို အခြေအနေတွေကိုလည်း ပြည်သူလူထုအနေနဲ့ နားလည်သဘောပေါက်စေချင်ပါတယ်။ အခုလည်း ကိုဗစ် လူနာတွေ လျော့လာတဲ့အတွက် ပုံမှန်လူနာတွေကို တိုးပြီး ကုသပေးသွားမယ်။ ကိုဗစ်လူနာ လက်ခံထားတဲ့ Ward တွေ ပြန်ဖျက်ပြီး ပုံမှန်လူနာတွေကို လက်ခံနိုင်အောင် ပြန်လုပ်နေပါတယ်။ ကိုဗစ်မဟုတ်တဲ့ လူနာတွေကလည်း အရေးကြီးပါတယ်။ အဲဒီမှာ ကင်ဆာလူနာတွေရှိတယ်။ ကျောက်ကပ်လူနာတွေရှိတယ်။ နှလုံးလူနာတွေရှိတယ်။ ဒါတွေအတွက်လည်း ကုသဖို့ လိုအပ်ပါတယ်။ ကိုဗစ်လူနာတွေအတွက်လည်း သင့်တင့်တဲ့ ခုတင်တွေ ထားပေးထားပါတယ်။ ကိုဗစ်လူနာမဟုတ်တဲ့သူတွေကိုလည်း လက်ခံကုသပေးနေရတဲ့အတွက် လူနာ ၄၀၀ ကျော်လောက်ပဲ လက်ခံကုသပေးနိုင်တဲ့ အခြေအနေမှာရှိပါတယ်။ ဝန်ထမ်းအင်အားအခြေအနေအရ လူနာလက်ခံကုသတဲ့နေရာမှာ ကျပ်တည်းတဲ့အခြေအနေမှာ ရှိပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားစရာရှိရင်ပြောကြားပေးပါ။**

**ဖြေ ။** ။ ခေတ်မီတိုးတက်တဲ့ နိုင်ငံကြီးတွေမှာတောင် ကိုဗစ်လှိုင်းဒဏ်ကို မခံနိုင်ဘူး။ အောက်ဆီဂျင်တွေပြတ်၊ လူနာတွေ မနိုင်မနင်းဖြစ်တဲ့ အခြေအနေတွေ ကြားနေရတယ်။ ကျွန်တော်တို့ နိုင်ငံမှာတော့ အားလုံးက စည်းစည်းလုံးလုံးနဲ့ ကြိုးစားပြီး တွန်းလှန်တယ်။

ပြည်သူလူထုကို ပြောချင်တာကတော့ ဘယ်လိုအခြေအနေမှာပဲ ရောက်ရောက် ကိုဗစ်–၁၉ ရောဂါနဲ့ပတ်သက်ပြီး လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမယ်။ Mask တပ်ရမယ်။ စနစ်တကျ လက်ဆေးရမယ်။ လူစုလူဝေးတွေကို ရှောင်ရမယ်။ တစ်ယောက်နဲ့ တစ်ယောက် စကားပြောရင် သတ်မှတ်ထားတဲ့ အကွာအဝေးကနေ ပြောရမယ်။ အခုဆိုရင် လေထဲကနေ ပြန့်ပြီးပေါ်လာပြီဆိုတော့ Mask ကို မဖြစ်မနေ တပ်ထားဖို့တော့ လိုအပ်ပါတယ်။ အဓိက လိုက်နာရမယ်လို့ ပြောချင်ပါတယ်။

# စက်တင်ဘာ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၅၅၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၆-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၅-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၆-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၅,၀၃၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၅၅၅) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၈၀၆,၂၂၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၁၇,၉၇၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၆၄၉) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၆၅,၆၀၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၉၈၅) ဦးရှိပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၆-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၁၈)ခု | (၁၂၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၄)ခု | (၁၇)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၇)ခု | (၂၆)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆)ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၇၃)ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၅၀)ခု | (၂၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၂၃)ခု | (၃၁၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၂,၅၉၄)ခု | (၂,၀၅၃)ဦး |
| စုစုပေါင်း | (၂၅,၀၃၅)ခု | (၂,၅၅၅)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၀၈၀၇၇၆၂ | ၃၁၃၁၅၇၅၁ | ၆၆၆၂၂၂ |
| ၂။ | အိန္ဒိယ | ၃၃၀၂၉၇၆၀ | ၃၂၁၈၁၉၉၅ | ၄၄၀၈၃၀ |
| ၃။ | ဘရာဇီး | ၂၀၈၉၀၇၇၉ | ၁၉၈၆၂၄၃၈ | ၅၈၃၆၂၈ |
| ၄။ | ရုရှား | ၇၀၃၀၄၅၅ | ၆၂၈၅၀၀၇ | ၁၈၇၉၉၀ |
| ၅။ | ဗြိတိန် | ၆၉၇၈၁၂၆ | ၅၆၀၉၅၇၅ | ၁၃၃၂၂၉ |
| ၆။ | ပြင်သစ် | ၆၈၃၆၄၅၂ | ၆၃၉၀၀၇၃ | ၁၁၄၉၀၅ |
| ၇။ | တူရကီ | ၆၄၉၈၀၅၄ | ၅၉၃၀၆၆၅ | ၅၈၁၀၆ |
| ၈။ | အာဂျင်တီးနား | ၅၂၀၃၈၀၂ | ၄၉၀၁၀၃၁ | ၁၁၂၅၁၁ |
| ၉။ | အီရန် | ၅၁၅၆၉၈၆ | ၄၃၉၄၀၈၃ | ၁၁၁၂၅၇ |
| ၁၀။ | ကိုလံဘီယာ | ၄၉၁၈၆၄၉ | ၄၇၅၀၀၂၀ | ၁၂၅၂၇၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၃၃၄၃၃ | ၃၈၅၀၆၈၉ | ၁၃၆၄၇၃ |
| ၂။ | ဖိလစ်ပိုင် | ၂၁၀၃၃၃၁ | ၁၉၀၉၃၆၁ | ၃၄၃၃၇ |
| ၃။ | မလေးရှား | ၁၈၆၂၁၈၇ | ၁၅၉၁၀၂၈ | ၁၈၄၉၁ |
| ၄။ | ထိုင်း | ၁၂၉၄၅၂၂ | ၁၁၃၂၈၅၈ | ၁၃၀၄၂ |
| ၅။ | ဗီယက်နမ် | ၅၃၆၇၈၈ | ၃၀၁၄၅၇ | ၁၃၃၈၅ |
| ၆။ | မြန်မာ | ၄၁၇၉၇၁ | ၃၆၅၆၀၅ | ၁၅၉၈၅ |
| ၇။ | ကမ္ဘောဒီးယား | ၉၅၈၂၈ | ၉၁၁၃၁ | ၁၉၇၀ |
| ၈။ | စင်ကာပူ | ၆၈၉၀၁ | ၆၆၆၀၀ | ၅၅ |
| ၉။ | လာအို | ၁၆၀၅၈ | ၅၅၆၈ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၃၄၆၄ | ၁၈၇၁ | ၁၅ |

## စစ်တွေမြို့နယ် IDPs စခန်းများနှင့် ကျေးရွာများမှပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေး

**စစ်တွေ စက်တင်ဘာ ၆**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း(IDPs)များတွင် ခိုလှုံနေကြသည့် ပြည်သူများ၊ ကျေးရွာများတွင် နေထိုင်ကြသည့် ပြည်သူများ၊ ငါးဖမ်းစက်လှေများတွင် လုပ်ဆောင်နေကြသည့် ရေလုပ်သားများအား ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဒါးပိုင်နယ်မြေရဲကင်းစခန်း၌ စစ်ဆေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးခြင်း ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စစ်တွေတပ်နယ်မှ တပ်မတော်ဆေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက အခမဲ့စစ်ဆေးပေးခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးခြင်းဖြစ်ပြီး ယနေ့နံနက်ပိုင်းက လူဦးရေ ၂၀၀ ကို စစ်ဆေးရာ ပိုးတွေ့ရှိမှုမရှိကြောင်း သိရသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးခြင်းများကို စစ်တွေမြို့သို့ အမြန်ရေယာဉ်များဖြင့် ဝင်ရောက်လာသူများအား ရွှေပြည်တန်အမြန်ရေယာဉ်ဆိပ်ကမ်း၌ စစ်ဆေးလျက်ရှိပြီး စစ်တွေလေဆိပ်တွင် စစ်တွေမြို့မှ စစ်တွေ - သံတွဲ - ရန်ကုန် ခရီးစဉ်ဖြင့် လိုက်ပါမည့်ခရီးသည်များ၊ စစ်တွေ-ရန်ကုန် ခရီးစဉ်တွင်လိုက်ပါမည့် ခရီးသည်များကို အခမဲ့စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စစ်ဆေးစဉ် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာဆေးရုံများသို့ ပို့ဆောင်ပြီး ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ရောဝတီမြစ်ရေသည် မပြတ်သောအလျဉ်ဖြင့် ထာဝစဉ်စီးဆင်းမြဲ စီးဆင်းလေဘိသည်သို့ လူနှစ်ဦး မိသားစုနှစ်စုတို့၏ အတေးအငြိုး၊ အမုန်းအတီး၊ အနာအကြည်းနှင့် ပဋိပက္ခများသည်လည်း အလျဉ်းမပြတ် တစ်စထက်တစ်စ ကြီးထွားမြဲ ကြီးထွားလျက် တဖြည်းဖြည်းနှင့် ပိုမိုကျယ်ဝန်းနက်ရှိုင်းသောအသွင်ကို ဆောင်ယူမြဲ ဆောင်ယူလျက် ရှိရချေတော့သည်**

**ယမန်နေ့မှအဆက်**

ဒေါ်စောမင်းကို သတိရအောင် ပြုစုကြရသည်။

မကြာမီမှာပင် တစ်အိမ်လုံးကို မီးတောက် ခြုံလွှမ်းသွားသည်။

လာကြည့်ကြသူများမှာ များပြားလှသည်။ ယင်းအထဲတွင် အသိအကျွမ်းအချို့ ပါဝင်သည်။ အားပေးစကား ပြောကြသည်လည်း ရှိသည်။

မိတ်ဆွေတစ်ဦးက အိမ်သူအိမ်သားများကို သူ့အိမ်သို့ ခေါ်ဆောင်သွားသည်။

ဦးအောင်ခန့်ကား လိုက်ပါသွားခြင်းမရှိ။ သူသည် ရပ်လက်စနေရာမှာ ရပ်လျက် မီးတောက်မီးညွန့်များကို မမှိတ်မသုန် စူးစိုက်ကြည့်နေသည်။

လူအများတို့၏ ဝေဖန်စကားကို နားက အလိုလိုကြားနေသည်။

"မီးကြွင်းမီးကျန်က စပြီးလောင်တာလား"

တစ်ယောက်က မေးသည်။

"ဟုတ်မယ်မထင်ပါဘူး။ ဒီအိမ်မှာ မီးကို သိပ်ဂရုစိုက်ကြတာ"

တစ်ယောက်က ဖြေသည်။

"ဘယ်ကစလောင်တာလဲ"

"မသိဘူး"

"မီးတုတ် တင်တာများလား"

"မီးကွင်းပစ်တာ ထင်ပါရဲ့"

စသည့် စကားများသည် သူ့နားအတွင်းသို့ အလိုလို ဝင်ရောက်လာကြသည်။

ဦးအောင်ခန့်သည် အံကို တင်းတင်းကြိတ်ထားသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ တစ်ကိုယ်လုံးတွင်ရှိသော အကြောစိုင်များ တင်းလာသလိုရှိသည်။

မီးလောင်ရခြင်းနှင့် စပ်လျဉ်းကာ မည်သူ့ပယောဂဟု မပြောသော်လည်း ပြောဘိသို့ အလိုလိုနားလည်လာသည်။ သို့ဖြစ်၍လည်း ဗဟိဒ္ဓသဏ္ဌာန်မှာ တည်ငြိမ်သလောက် အဇ္ဈတ္တသဏ္ဌာန်မှာ လှုပ်ရှားနေသည်။

နံနက်ပိုင်းသို့ ရောက်လေမှပင် မီးတောက်များသည် မီးစွယ်ကျိုးသည်။ မီးရှိန်လျော့သွားသည်။

ခံ့ထည်ကြီးမားသော အိမ်ကြီး၏ အသွင်မှာ မျက်စိတွင် ရေးရေးမျှသာ ထင်တော့သည်။ မီးသည်လောင်ကျွမ်းနိုင်သမျှသော အရာဝတ္ထုအားလုံးကို လောင်ကျွမ်းပစ်လိုက်သည်။ မီးသွေးအဖြစ် ပြောင်းပစ်လိုက်သည်။

တိုင်လုံးများသည် မလဲသေးဘဲ မီးရဲရဲဖြင့် ထိုးထိုးထောင်ထောင် ရှိသည်။ ရက်မ၊ ထုပ်၊ တန်းစသည်တို့က တစ်ခုပြီးတစ်ခု ပြုတ်ကျနေကြလေသည်။ မကြာမီ အရာအားလုံး ပြာပုံအတိ ဖြစ်ရလေတော့မည်ကို လူတကာကပင် နားလည်ကြသည်။

"နှမြောစရာကြီးဟယ်" စသော အသံများ ထွက်ပေါ်လာသည်။

"တော်ပါသေးရဲ့၊ လူတွေဘာမှမဖြစ်လို့" အချို့က သက်ပြင်းရှိုက်ရင်းဆိုသည်။ ဦးအောင်ခန့်သည် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသောအသံကို မကြားမိတော့သလိုရှိသည်။ အိပ်မက်မက်နေသူပမာဖြစ်သည်။ သူသည်မီးတောက်မီးလျှံများကို ကျောခိုင်းလိုက်သည်။ လူအများကြားမှတိုးထွက်လာခဲ့သည်။ သူ့ကိုသွားသာရန် လူများက ရှဲပေးကြသည်။

သူသည် ရွှေဘုံသာသို့ သွားရာလမ်းအတိုင်း လျှောက်လာခဲ့မိလေသည်။

သူ့အသားများမှာ တုန်နေသည်။ သူ့ရင်မှာ စောစောက မြင်ခဲ့ရလေသော မီးတောက်မီးလျှံများနှယ်ပင် ပူလောင်ပြင်းပြလျက် ရှိရသည်။

နာကျင်သော ခြေထောက်ကိုလည်း သတိမထားမိ။ ဝန်းကျင်ကိုလည်း အမှတ်မထား။ အတတ်နိုင်ဆုံး သွက်လက်စွာ လျှောက်လာခဲ့သည်။ ရှည်လျားသော လမ်းအတိုင်း မမောမပန်း လျှောက်လာခဲ့မိသည်။ အတက်အဆင်း အနိမ့်အမြင့်နှင့် ကုန်းအဆင့်ဆင့်ကို ကျော်ခဲ့သည်။

ပိတ်ထားသော ကျွန်းတံခါးရွက်တစ်ခုရှေ့သို့ ရောက်လေမှပင် သူ၏ခြေလှမ်း တုံ့ရပ်သည်။ ထိုနေရာတွင် ခေတ္တဆိုင်းပြီးနောက် တံခါးရွက်ကို တဝုန်းဝုန်းထုလိုက်သည်။

မကြာမီ တံခါးရွက်နှစ်ချပ် ရင်ကြားစေ့နေရာမှ ကွဲကွာသွားသည်။

လူတစ်ယောက်၏ မျက်နှာကိုမြင်ရသည်။ ထိုသူသည် အိပ်ရာမှထလျက် မိမိအား တံခါးဖွင့်ပေးခဲ့ခြင်းဟု ဦးအောင်ခန့် မထင်။ ချက်ချင်းလက်ငင်း အပြင်မှ အိမ်သို့ ပြန်ရောက်ခဲ့ပုံမျိုး ဖြစ်သည်။

"အလို ဦးအောင်ခန့် စောစောစီးစီး ဘာကိစ္စ"

သူသည် မေးလာသူ၏မျက်နှာကို စက်ဆုပ်ရွံရှာစွာ စူးစိုက်ကြည့်လိုက်သည်။ ဒေါသကြောင့် တစ်ကိုယ်လုံး တုန်လှုပ်နေကာ စကားကို ပြော၍မထွက်။ အသံသည် ရင်ထဲမှာသာ ဂယက်ထန်နေသည်။

အသက်ကို အောင့်လိုက်မိသည်။

နောက်တော့ ဦးအောင်ခန့်သည် တစ်စုံတစ်ရာဖြင့် ကျေနပ်နေသည့်၊ ပီတိလွှမ်းနေသည့် ဦးကောင်းမိုး၏ အဆီပြန်နေသော မျက်နှာကို လက်သီးဖြင့် စွပ်ထိုးချလိုက်ပါသည်။

မမျှော်လင့် မထင်မှတ်ဘဲ ခံလိုက်ရသဖြင့် ရှောင်တိမ်းရန် အချိန်မရလိုက်။ တုတ်တစ်ချောင်းကို အဖျားမှကိုင်ရိုက်ခံလိုက်ရသလို ဦးကောင်းမိုး ပက်လက်လန်လဲကျရသည်။

"ထွီ"

ဦးအောင်ခန့်သည် ဦးကောင်းမိုးကိုယ်ပေါ်သို့ တံတွေးထွေးချလိုက်သည်။

ထို့နောက် ကိုယ်ကို ချာခနဲလှည့်လိုက်သည်။

လာလမ်းအတိုင်း ပြန်လျှောက်လာခဲ့ပါသည်။

သို့နှယ်ဖြင့်

ရောဝတီမြစ်ရေသည် မပြတ်သောအလျဉ်ဖြင့် ထာဝစဉ်စီးဆင်းမြဲ စီးဆင်းလေဘိသည်သို့ လူနှစ်ဦး မိသားစုနှစ်စုတို့၏ အတေးအငြိုး၊ အမုန်းအတီး၊ အနာအကြည်းနှင့် ပဋိပက္ခများသည်လည်း အလျဉ်းမပြတ်၊ တစ်စထက်တစ်စ ကြီးထွားမြဲ ကြီးထွားလျက်၊ တဖြည်းဖြည်းနှင့် ပိုမိုကျယ်ဝန်း နက်ရှိုင်းသောအသွင်ကို ဆောင်ယူမြဲ ဆောင်ယူလျက် ရှိရချေတော့သည်။

x x x x x

**အပိုင်း နှစ်**

[၁]

စူးစူးရှရှ အေးမြလှသည့် မြောက်ပြန်လေသည် ဆယ်ကျော်သက် မြီးကောင်ပေါက်မကလေးအသွင် လှုပ်လှုပ်ခတ်ခတ်နိုင်လှချေသည်။ မပြတ်သော အလျဉ်ဖြင့် စီးဆင်းမြဲ စီးဆင်းနေသော ရောဝတီမြစ်ရေပြင်ကိုကလူကစားသည့်နှယ် လှိုင်းကြက်တွန့်ကလေးများထလာအောင် တို့ကဆိတ် တို့ကနန်း ပုတ်ခတ်လိုက်သည်။

ရောဝတီမြစ်ရေအလျဉ်သည် တိုက်စားသယ်ဆောင်လာခဲ့သမျှ သဲနုန်းများအနက် အချို့တစ်ဝက်ကို သည်နေရာ သည်ဒေသ၌ ရေပေါ်သောင်များ၊ ကမ်းသောင်များအဖြစ် တည်ဆောက်ချန်ထားရစ်ခဲ့လျက် အချို့ကိုမူ မြစ်ဝကျွန်းပေါ်အတွက် သယ်ဆောင်မြဲ သယ်ဆောင်သွားလေသည်။

မြောက်ပြန်လေအေးသည် ရေပေါ်သောင်တွင် အစိမ်းရင့်ရောင် ကတ္တီပါခြုံလွှာထည်ခြုံရင်း ငိုက်မျဉ်းနေသည့် ပဲခင်းကို အထိတ်တလန့်ဖြစ်အောင် လှုပ်နှိုးလိုက်သည်။ တစ်ဖန် လူပုံအလယ်သို့ မထွက်ဝံ့ရှာဘဲ ရှက်ရွံ့သည့်သဘောရှိသည့် အလျောက် ဆံမြိတ်ဖွားဖွားကိုသာ ထုတ်ထားလေ့ရှိသော ပြောင်းစေ့ကလေးများ ခိုမှီးပုန်းအောင်းရာ မိခင်ပြောင်းပင်များအကြားသို့ တဇွတ်ထိုး ပြေးလွှားဆော့ကစား မွှေနှောက်သွားပြန်သည်။

ကမ်းပါးထိပ်သို့ ရောက်သည့်တိုင် ကစားမြူးထူးလိုစိတ် ကုန်ဟန်မတူ သေး။ ကမ်းပါးစပ်မှ မိကျောင်းပန်းကလေးများကို ထိနမ်းလိုက်ပြန်သည်။ မြတ်နိုးယုယစိတ်ဖြင့် တယုတယ ထွေးပိုက်ထားသည့် ထိကရုံးပန်းမှ နှင်းမှုန်ကလေးများကို မညှာမတာ ခါချခဲ့ပြန်သည်။

ထိုမှနေ၍ မြစ်ဆိပ်မှတက်လာသည့် ရေစည်လှည်းများနောက်သို့ ပျော်ရွှင်မြူးထူးစွာ အော်ဟစ်ခုန်ပေါက် လိုက်ပါလာသော ကလေးငယ်များနှင့် ရောနှောလိုက်ပါခဲ့ပြန်သည်။ သို့ဖြင့် မြောက်ပြန်လေအေးသည် ရွှေကြာငုံသို့ ရောက်ရှိလာလေသည်။ "ရေနံ့သာ" သို့ ရောက်လာလေသည်။ သည်တွင် ကလေးငယ်တို့ထံမှ ဖဲကြဉ်ခဲ့သည်။ သည်မှာတွင်ပင် မြောက်ပြန်လေသည် အံ့ချီးဖွယ်ရာ တစ်စုံတစ်ခုကို တွေ့မြင်လိုက်ရသလို တုံ့ရပ်သွားသည်။

ယခင်က သည်နေရာတွင် အုန်းလေးဖက်ချ သစ်သားအိမ်ကြီးတစ်လုံး ရှိခဲ့ဖူးသည်ကို အမှတ်ရမိသည်။ သို့ပေမဲ့ ယခုတော့ ယင်းနေရာတွင် တိုက်အိမ်ကြီးတစ်လုံးရှိနေသည်ကို တွေ့ရသည်။ ဆင်စွယ်နှစ်ရောင်တောက်ကာ ခံ့ခံ့ထည်ထည်ကြီး တည်ရှိနေခြင်းဖြစ်သည်။

ယခင်က ဆင်ဝင်နေရာတွင် ယခုအခါ လသာဆောင်၊ ယခင်က မီးဖိုတွဲထားသောအဆောင်မှာ ယခုအခါ မော်တော်ကားရုံ၊ ယခင်က သီးစားပင်တို့ဖြင့် ပြွတ်သိပ်မှောင်ပိန်းနေသော နေရာတွင် ယခုအခါ သပ်ရပ်စွာပြုပြင်ထားသော ပန်းဥယျာဉ်တစ်ခု ဖြစ်နေသည်။ ပန်းဥယျာဉ်အတွင်း ဝင်လိုက်မည်ဆိုလျှင် ပန်းဝက်ပါအလယ်သို့ ရောက်ရသည့်နှယ် ရှိပါသည်။

အညီအညာ ရိတ်ဖြတ်ထားသော ပုဏ္ဏရိက်ချုံများမှာ မြေနီလမ်းအတိုင်း "ဂ" သဏ္ဌာန် ကွေ့ရစ်လျက်ရှိသည်။ "ဂ" သဏ္ဌာန် စက်ဝိုင်းခြမ်းအလယ်မှာ အသေအချာညှိထားသော စိမ်းမြမြမြက်ခင်း၊ မြက်ခင်းသို့ ဝင်ရာပေါက်ကို ကြက်တူရွေးတန်းရိုက်လျက် ကုန်းပြုလုပ်ပြီး၊ ကရမက်ချုံများ တင်ထားသည်။ မြက်ခင်း၏ အချို့နေရာတွင် ခေါင်ရန်းချုံများ၊ ပန်းချဉ်ပေါင်ပင်တန်းများ ရှိသည်။ စွယ်တော်၊ မြတ်လေး၊ နှင်းဆီ၊ စံပယ်၊ နေကြာစသည့် ပန်းပင်များကို တွေ့နိုင်သည်။ သနပ်ခါးပင်အချို့လည်း ပေါက်ရောက်နေသည်။ ပိတောက်တို့ကား မိုးကို ကြိုနေကြလေသည်။ ကြောင်မီးပူ၊ ဒေါင်းမြီးကွက်၊ ဖယောင်းကွဲသို့ သစ်ခွပန်းအစုံစုံကိုလည်း မြင်ရသည်။ စည်းရိုးတစ်လျှောက်တွင် အလေ့ကျ ဒန်းကြီး၊ တိုက်ပန်းစသည်တို့ နွယ်ရစ်လျက်ရှိသည်။

မြက်ခင်းပေါ်၌ နှစ်ယောက်စီးဒန်းတစ်ခုချထားသည်။ ဆေးရောင်စုံ ခုံတန်းလျားများလည်း ရှိပေသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၈၂၅၈ စုအတွက် ဆန်များ ထောက်ပံ့ပေးအပ်

**ပုသိမ်ကြီး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပုသိမ်ကြီး မြို့နယ်အတွင်းရှိပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း အစားအသောက် အခက်အခဲမဖြစ်စေရန် ဆန်များထောက်ပံ့ခြင်းကို စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီက ရန်ကင်းတောင်ခြေရှိ သီရိမင်္ဂလာသရက်တောကျောင်းတိုက်၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

လှူဒါန်းရာတွင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၈၂၅၈ စု၊ လူဦးရေ ၃၃၇၉၆ ဦးအတွက် တစ်ဦးလျှင် ဆန် ခြောက်ပြည်နှုန်းဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း လှူဒါန်းပေးအပ်ခြင်းကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်စိန်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိပြည်သူများအား အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး မန္တလေးခရိုင်အတွင်း အိမ်ထောင်စု ၄၈၀၀၀ ကျော်အတွက် တစ်အိမ်ထောင်လျှင် ဆန် ခြောက်ပြည်နှုန်း ဖြင့် စုစုပေါင်းငွေကျပ်သိန်း ၂၂၅၀ ကျော်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် အကုန်ကျ ခံကာ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ပြည်သူများလုပ်ငန်းများ ရပ်တန့်နေပြီး ပုံမှန်လည်ပတ်မှုမရှိသည့်အတွက်ကြောင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ရပ်/ရွာ အေးချမ်းသာယာရေးအကြောင်း၊ ကိုဗစ်-၁၉ ရောဂါ အကြောင်းတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် မြန်မာနိုင်ငံသား ၁၉၈ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၆**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်က စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ၁၉၈ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**စစ်ဆေးဆောင်ရွက်**

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မြဝတီခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။

**ကုသမှုခံယူစေမည်**

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများအား ယခင်က မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်တို့မှ နေရပ်ပြန်များ ကိုသာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးရာမှ ယခုအခါ ပြန်လာသူအားလုံးအား စစ်ဆေးပေးကာ ရောဂါပိုးရှိသူများအား မြဝတီမြို့ မဲကနယ် ကိုဗစ်စင်တာနှင့် ရွှေမြဝတီကိုဗစ်စင်တာတို့တွင် ကုသမှုခံယူစေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များမှ နေရပ်ပြန်များအား သီးသန့် မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ နေရပ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၀၈ ဦး၊ အမျိုးသမီး ၉၀ စုစုပေါင်း ၁၉၈ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၆ ရက်တွင် ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်း သုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၄ ခုမှ ယာဉ်စီးရေ ၃၅ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်နှစ်စီးဖြင့် ၃၉ တန်၊ အောက်ဆီဂျင်(ဓာတ်ငွေ့) Bowser ယာဉ် တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင်(အိုးခွံ) ၃၂၈၅ ခု၊ အောက်ဆီဂျင်ထုတ်သည့်စက် ငါးခု၊ အိမ်သုံး အိမ်သုံးအောက်ဆီဂျင်စက် ၅၃၄ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၈၈၀၇၀ နှင့် နှာခေါင်းစည်း ၇၃ တန်တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့နှင့် နေပြည်တော်သို့ဖြစ်ပြီး အောက်ဆီဂျင်(ဓာတ်ငွေ့) Bowser ယာဉ် တစ်စီးမှာ ပြည်မြို့သို့ ဖြစ်သည်။ အောက်ဆီဂျင် ထုတ်သည့်စက် ငါးခုမှာ ရန်ကုန်မြို့သို့ သုံးခု၊ လားရှိုးမြို့နှင့် မိတ္ထီလာမြို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

**တင်သွင်းခွင့်ပြုပေးလျက်ရှိ**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



# ရေကြောင်း ကုန်စည်ပို့ဆောင်မှုဖြင့် ပို့ကုန်/သွင်းကုန် ကုန်စည်များ စီးဆင်းလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၆**

မြန်မာနိုင်ငံမှ ပြည်ပသို့ ပို့ကုန်နှင့် သွင်းကုန်များကို ရေကြောင်းကုန်စည်ပို့ဆောင်မှုဖြင့် ကုန်စည်စီးဆင်းလျက်ရှိကြောင်း သိရသည်။

စက်မှုဇုန်များမှ ပို့ကုန်များ၊ ရေထွက်ကုန်များနှင့် ပြည်ပပို့ကုန်များကို ရေကြောင်းဖြင့် ပို့ဆောင်သည့်နည်းတူ ပြည်ပမှကုန်စည်များနှင့် ပြည်သူတို့အတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများကိုလည်း တင်သွင်းလျက်ရှိရာ အဆိုပါပစ္စည်းများကို ဆိပ်ကမ်းမှ အမြန်ဆုံး ပို့ဆောင်နိုင်ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပိတ်ရက်မရှိဆောင်ရွက်မှုဖြင့် ပို့ကုန်/သွင်းကုန်များ စီးဆင်းလျက်ရှိသည်။

နိုင်ငံတော်ကဖော်ဆောင်မှုဖြင့် မတ်လပိုင်းကစ၍ ရေကြောင်းလမ်းမှ ကုန်စည်ပို့ဆောင်မှုကဏ္ဍ ပြန်လည်မြှင့်တင်နိုင်ခဲ့ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်သည့် နိုင်ငံတကာကုန်တင်သင်္ဘောများ မြန်ဆန်စွာ ဖြတ်သန်းဆိုက်ကပ်နိုင်ရန် တွန်း/ဆွဲ ရေယာဉ်သစ်နှစ်စင်းဖြင့် ဩဂုတ်လ နောက်ဆုံးပတ်က ဖြည့်တင်းဆောင်ရွက်ခဲ့ရာ စက်တင်ဘာလတွင် ကုန်တင်သင်္ဘော ၄၃ စင်းဖြင့် သွင်းကုန်/ထုတ်ကုန်များကို ပို့ဆောင်၊ တင်သွင်းသွားမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ Container Vessel Schedule for September 2021 ထုတ်ပြန်မှုအရ သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

# လိုတရ

**ပီမိုးနှင်း**

**(၃၁-၈-၂၀၂၁ ရက်နေ့မှအဆက်)**

အဘယ်မျှပင် စိတ်ညစ်စရာရှိသော်လည်း စိတ်ညစ်ခြင်းကြောင့် တစ်စုံတစ်ရာအကျိုးမရှိဟု ဆင်ခြင်ကာ သောကကို ဖျောက်ဖျက်လျက် ကြည်လင်စွာ နေထိုင်သူတို့ထံ မင်္ဂလာအကောင်းဟူသမျှ စု၍ လာရ၏။

ဆင်းရဲမှာ၊ ရောဂါဖြစ်မှာကို မတွေးနှင့်၊ မကြောက်နှင့်၊ နက်ဖြန်ခါ ငွေမရှိမှာကို တွေး၍မပူနှင့်၊ ညည်းညူခြင်းမပြုပါနှင့်၊ ညည်းညူသံကို နားမထောင်နှင့်။

အချောင်အလုပ်ကို အမြဲစိုက်လျှင် ချောင်လွယ်သလောက် ပေါ့လျော့ကာ စိတ်အားသတ္တိ ဆုတ်ယုတ်တတ်လေသည်။ ကျပ်မှာ၊ ဝန်လေးမှာကို မကြောက်မှ ကြီးပွားမြဲမှတ်မှလေ။

ပေးစရာမရှိ လျော်စရာရှိသည်ဟူသော စကားအရ လျော်စရာရှိသူအလား အရေးကြီးစွာ ရှာကြံက နည်းလမ်းကိုရမြဲပေ။

လျင်မြန်စွာ ဆုံးဖြတ်တတ်မှ ကြီးပွား၏။ မိမိ၏အလုပ်နှင့်ပတ်သက်သမျှ သိစရာဟူသမျှ အကုန်သိမှ လျင်မြန်စွာဆုံးဖြတ်နိုင်၏။ အမှတ်သညာရှိမှလည်း အသိကိုရ၏။ သို့အတွက် အမှတ်သညာများ ရမည်။

ရှာ၍ရလျှင် သုံးဖို့စိတ်ကူးသူတွေ များ၏။ ရလျှင် တိုးပွားအောင်လုပ်ဖို့ စိတ်ကူးသူ နည်းပါးသောကြောင့် ဆင်းရဲသူများကြလေသည်။ အများအားဖြင့် ရှိခိုက်မှာအေးပြီး မရှိမှပူပင်စွာရှာကြံကြ၏။ ရှိခိုက်မှာ ပူပင်စွာရှာကြလျှင် မရှိသောအခါသည် ကြုံလာမည်မဟုတ်ပေ။

ကြွယ်ဝသောလောက၌ မပြည့်မစုံ ဆင်းရဲချေက မည်သူ၏ အပြစ်မျှမဟုတ်၊ အရှက်ပြေအကြောင်းပြသော်လည်း အကျိုးမရှိ၊ ငါ၏ အပြစ်၊ ငါညံ့လို့၊ ငါနေရာမကျလို့ဟူသော စကားဖြင့် မိမိ၏ အပြစ်ကို စစ်ဆေးရှာဖွေရမည်။ ကံကိုသာ ယိုးမယ်ဖွဲ့လျက် ကာလကို အပြစ်တင်သူ၊ လောကကို အပြစ်တင်သူ၊ မင်းအစိုးရကို အပြစ်တင်သူ၊ ဆွေမျိုးကို အပြစ်တင်သူတို့သည် အဘယ်သောအခါမှ ချမ်းသာနိုင်မည်မဟုတ်ပေ။

"နေသေးသပ ချုံထဲက"ဟူသော စကားကို သုံးသူတို့သည် ချုံထဲမှာ နေရတတ်၏။ ချုံသွေး၍သာ နေတတ်လေသည်။ ငါချမ်းသာလျှင်၊ ငါထီပေါက်လျှင် ဘယ်လိုလုပ်ပြလိုက်မည်၊ ဘယ်လိုဖော်ပြလိုက်မည်၊ မည်သူ၏ ဦးခေါင်းကို ခလုတ်တိုက်ပြလိုက်မည်ဟူသော စိတ်မျိုးသည် ဒေါသ၌ကုန်ခန်းလောင်ကျွမ်းကာ အောင်မြင်ခြင်း၏လမ်းဆုံးသို့မရောက်မီ ပြာဖြစ်၍ ကုန်တတ်လေသည်။

ဖြစ်လတ္တံ့သော အခြေအနေကိုတွေးခေါ် ထင်မြင်ရမည်။ လေထဲ၌ကား တိုက်အိမ် မဆောက်အပ်ပေ။

အရပ်ဟူသမျှ၊ ရွာဟူသမျှ၌ ကောင်းစွာ လုပ်ကိုင် အသက်မွေးသူတွေရှိကြ၏။ ၎င်းတို့အထဲကို ဝင်၍တိုး၊ ၎င်းတို့၏အလုပ်ကိုဝင်၍ချဲ့၊ ၎င်းတို့နယ်ကို တိုး၍ကျယ်စေလျက် မိမိ၏ဝေစုကို ရအောင်ယူက မည်သည့်ရွာငယ်မှာမဆို အလုပ်ရနိုင်၏။ အဘယ်မျှ သေးသိမ်သောအလုပ်ဖြစ်စေကာမူ ကြီးပွားနိုင်၏။ ကြီးပွားလျှင် ကြီးမြင့်နိုင်လေသည်။

မိမိကိုယ်မိမိ အဖိုးဖြတ်ရမည်။ နည်းနည်းဖြတ်လျှင် နည်းနည်းတန်၏။ များများဖြတ်လျှင် များများတန်၏။ အဖိုးတန်အောင်နေ၍ တန်သလို အဖိုးဖြတ်ရမည်။ အကြောင်းမူကား လူသည် ပတ္တမြားငမောက်နှင့် တူ၏။ အဖိုးမဖြတ်နိုင်သော သတ္တဝါဖြစ်ရာ အသင်၏ကိုယ်ကို အဖိုးမဖြတ်နိုင်သောသူဖြစ်ကြောင်းကို ပုံသေမှတ်ပါလေ။

အကြံကိုကြံရာ၌ အခက်အခဲရှိသမျှကို စာရေး၍မှတ်၊ ထိုအခက်အခဲတို့ကို အဘယ်ပုံ ဖြို့ရမည့်လမ်းများကိုရှာ။ ထိုအခါ အကြံပိုင်၍အားတက်စိတ်ချယုံကြည်ခြင်း၏တန်ခိုးကို ရလိမ့်မည်။

ငါ၏အလုပ်အကိုင်များ တစ်နေ့တခြား တိုးတက်အောင်မြင်ကြီးပွား၍လာကြပြီဟူသော စကားဖြင့် နံနက်၊ ည၌ စူးစိုက်စွာ အမြဲပုတီးစိပ်ခြင်းသည် အေမလီကွေး၏ ကြီးပွားခြင်းလက်တွေ့နည်း ဖြစ်လေသည်။

စကားပြောလျှင် ကိုယ်တိုင်၏အကြောင်းကို ပြောသည်ထက် တစ်ဖက်သား၏အကြောင်းကို ဂရုစိုက်သောလက္ခဏာကိုပြကာ အပြောကိုနည်းစေ၍ နားထောင်ခြင်းကို ပိုစေရမည်။ ချစ်ခင်သူများခြင်း၏နည်းပေတည်း။

မည်သည့်အရပ်ဒေသမှာမဆို စားကျက်ရှိ၏။ မည်သည့်အလုပ်မှာမဆို လစ်ဟင်းချက်ရှိ၏။ တိုးတက်ဖို့လမ်းကိုရှာလျှင် တွေ့နိုင်၏။ သတိဉာဏ်ရှိသူတို့အတွက် ထိုအချက်တို့သည် ဝင်ပေါက်များ ဖြစ်ကြ၏။

လူတိုင်း မီလီယံနာမဖြစ်သော်လည်း လူတိုင်းတင့်တယ်ပြည့်စုံစွာနေထိုင်ဖို့ သတ္တိရှိပါ၏။ မနုဿလူ့ဘဝကိုရခြင်း၌ ထိုသတ္တိပါရှိပြီးဖြစ်လေသည်။

**"လူမှန်သမျှမှာ အပူရှိကြ၏။ ထိုအပူများသည် အကျိုးမပေး၊ အိုလွယ်၊ သေလွယ်စေ၍ အကြံဉာဏ်ကို ဆုတ်ယုတ်စေလျက် လာဘ်လာဘကိုလည်း တားဆီးကွယ်ကာကြသဖြင့် ပူစရာရှိလျက် မပူဘဲနေနိုင်သောသတ္တိကိုရသောသူတို့ထံသို့ ကြီးပွားချမ်းသာ မင်္ဂလာလာဘ်ကောင်း အောင်မြင်ကြောင်းအခြေအနေတို့သည် အလိုလိုပေါ်ပေါက်၍လာရလေသည်"**

လူလိမ်တို့သည် လောဘအားကြီးသူများကို အမဲဖမ်းကြလေသည်။ ထူးဆန်းအံ့ဖွယ်ရာနည်းတို့ဖြင့် အကျိုးကိုဆောင်ရန်၊ မစရန် လာသူတို့ကို လောဘသမားများ ယုံတတ်ကြသဖြင့် ကြီးကျယ်စွာ ပျက်စီးကြလေသည်။

ပြုံးချိုသော မျက်နှာတိုင်း ကောင်းသည်မထင်နှင့်၊ ၎င်းမျက်နှာမှာ ဒေါသ၊ မာနနှင့် ကြမ်းထော်၍နေသောအခါတွင်အဘယ်ပုံရှိမည်ကိုစိတ်ကူး၍ကြည့်ရမည်။

ခံ့ညားကြီးမြင့်သော လူကြီးတစ်ယောက်ထံ သွားရောက်စကားပြောလိုသည့်အခါ နံနက်စောစော အိပ်ရာထ၊ ဦးခေါင်းစုတ်ဖွားနှင့် ဗိုသီဖတ်သီနေသည့်အခါ ၎င်းမှာ အဘယ်ပုံဖြစ်နေမည်ကို စိတ်၌ တွေးကြည့်လေ။

မိမိအလုပ်မှာ မပျော်လျှင် အလုပ်၌ ပျော်စရာအချက်ကလေးများကိုရှာ၊ အလုပ်နှင့် သူငယ်ချင်းဖြစ်အောင် လုပ်ရမည်။ ဝီရိယထက် နိုးကြားတက်ကြွခြင်းက ပိုမို၍အစွမ်းကောင်း၏။ ပညာတတ်ခြင်းထက် အကြံကောင်းခြင်းက ပိုမို၍ကြီးပွားစေနိုင်လေသည်။

လူထဲ၌ ငါ့ကို ဂရုမစိုက်ကြပါကလား၊ ဂရုစိုက်အောင် ဘာကိုပြောရပါ့မလဲ။ ဘယ်လိုလုပ်ရပါ့မလဲဟု တွေး၍မနေနှင့်။ ပြောစရာရှိမှပြော၊ လုပ်စရာရှိလျှင် လုပ်ဖို့သာရှိ၏။ သို့မှသာ ချိန်သားကျနိုင်လေသည်။

မမာမကျန်းဖြစ်မည်ကို တွေးကြောက်ခြင်းသည် မမာမကျန်းဖြစ်အောင် မိမိကိုယ်ကို ပြုစားခြင်းပင်ဖြစ်လေသည်။ ဒေါသထွက်ခြင်း၊ မုန်းထားတတ်သောစိတ်ရှိခြင်းသည် ကောင်းသောအရည်အချင်းဟူသမျှကို ပျက်စီးစေတတ်လေသည်။

ကြီးပွားအောင်မြင်သူ၏ စိတ်မျိုးကိုထား၊ ကြီးပွားအောင်မြင်သူလို နေ၊ ကြီးပွားအောင်မြင်သူလို တွေး၊ ဆင်းရဲခြင်းကို မတွေးနှင့်၊ မိမိဆင်းရဲကြောင်းကို မပြောနှင့်၊ အများ၏ ယုံကြည်ခြင်းသည် အကျိုးကိုပေး၏။ အများက ဆင်းရဲစုတ်နုတ်သည်ထင်လျှင် အထင်ခံရသူကို ထိခိုက်တတ်လေသည်။ ဤအရာ၌ သတိရှိလှစေ။

ချမ်းသာဟန်နှင့်နေလျှင် စိတ်မှာ တကယ်ချမ်းသာခြင်းဖြစ်၍လာ၏။ စိတ်မှာဖြစ်၍လာလျှင် တကယ်ဖြစ်တော့မည်ဟု မှတ်ရမည်။

အထင်အမြင်သေးခြင်းမခံရအောင် သတိပြုရမည်။ မနာလိုသောစိတ်ကိုသာ အထူးရှောင်ကြပါလေ။

ရတိုင်းမယူရ၊ မတရားပစ္စည်းကို လုံခြုံပြီထင်၍ မယူနှင့်၊ လုံခြုံပြီထင်၍ မတော်မတရားမကြံနှင့်၊ မည်သူမျှမသိဟု မှတ်ထင်ကာ မရိုးမသားမလုပ်နှင့်၊ ယစ်မျိုး၏ဉာဏ်သည် အရက်ပုန်းချက်သမား၏ ဉာဏ်ထက် ကြီး၏။ ပလိပ်ဉာဏ်သည် ငွေစက္ကူလုပ်သမားများ၏ဉာဏ်ထက် ကြီး၏။ လူသိမှာစိုး၍ ရိုးသားစွာနေသူတို့သည် တစ်နေ့သ၌ ပေါ်ပေါက်၍ အရှက်ကွဲတတ်လေသည်။ လူမသိဘဲ ရိုးသားမှ မရိုးမသားခြင်းကို စက်ဆုပ်မုန်းထားစိတ်နှင့် ရိုးသားသော စိတ်ချလက်ချကြီးပွားနိုင်လေသည်။

အလုပ်ကို လျှောက်တောင်းရာ၌ အောက်မကျစေရ၊ မိမိ၏အရည်အချင်းကို တန်ရာတန်ဖိုးနှင့် ရောင်းလာသူဟု သဘောထား၍ မိမိ၏အစွမ်းကိုပြ၊ မိမိ အကျိုးဆောင်နိုင်သူဖြစ်ကြောင်းကို သိစေ၊ အချို့သောအလုပ်များကို လျှောက်တောင်း၍မရ။ လုပ်၍ပြဖို့ရန် အချက်အလက်ကိုရှာ၍ ဝင်ရောက်လုပ်ကိုင်ပြသရာ၏။ အလုပ်ဟူသမျှတို့မှာ လစ်ဟင်းချက်တွေရှိ၏။ ထိုလစ်ဟင်းချက်တို့သည် မိမိဝင်ရောက်နိုင်ဖို့ လမ်းပေါက်တွေဟုမှတ်ရမည်။

အခက်အခဲတွေ့သည့်အခါ ကြောက်လျှင် အခက်အခဲ ပို၍ကြီး၏။ မကြောက်လျှင် ပို၍ငယ်၏။ သောကသည် သောကကိုတွေးသူအတွက် တွေးလေကြီးလေ ဖြစ်တတ်လေသည်။

လောကမှာ သတိလစ်၍၊ အကြံမှား၍ ပျက်စီးခြင်းများသည် အခြားနည်းများကြောင့် ပျက်စီးခြင်းထက် ပိုမို၍များ၏။ အရာရာ၌ သတိသည် လွန်စွာ အရေးကြီးလေသည်။

အမှတ်မဲ့နေခြင်း၊ အမှတ်မဲ့ပြောခြင်း၊ အမှတ်မဲ့သွားခြင်း၊ အမှတ်မဲ့လုပ်ခြင်း၊ လူကို အမှတ်မဲ့တွေ့ခြင်းစသည့် အမှတ်မဲ့အလေ့သည် ကြီးပွားရာလမ်း၌ အကန်းနှင့်တူစေတတ်လေရာ ဖော်စားသူအစား ကျော်သွားသူမျိုးဖြစ်လေသည်။

မိမိကိုယ်ကို မိမိ၏မျက်စိနှင့်မကြည့်ဘဲ အခြားသူများ၏မျက်စိနှင့် ကြည့်ရမည်။

မိမိမသိသည်ကို သိသည်ထင်ခြင်း၊ မိမိမှားသည်ကို မှန်သည်ထင်ခြင်း၊ မိမိမဟုတ်သည်ကို ဟုတ်သည်ထင်ခြင်း၊ မိမိအပြစ်ကိုမမြင်၊ သူတစ်ပါးအပြစ်ကိုသာမြင်ခြင်း စသည်တို့သည် များစွာအကျိုးယုတ်စေ၍ တရားကင်းမဲ့စွာပြုခြင်းကို ဖြစ်စေတတ်လေသည်။

တစ်စုံတစ်ယောက်အပေါ်၌ အပြစ်ကိုမြင်သည့်အခါ ၎င်း၏အခြေအနေ၌ မိမိကိုယ်ကို ရိုးသားသောစိတ်နှင့်ထား၍ ကြည့်ရမည်။

လူမှန်သမျှမှာ အပူရှိကြ၏။ ထိုအပူများသည် အကျိုးမပေး၊ အိုလွယ်၊ သေလွယ်စေ၍ အကြံဉာဏ်ကို ဆုတ်ယုတ်စေလျက် လာဘ်လာဘကိုလည်း တားဆီးကွယ်ကာကြသဖြင့် ပူစရာရှိလျက် မပူဘဲနေနိုင်သော သတ္တိကိုရသောသူတို့ထံသို့ ကြီးပွားချမ်းသာ မင်္ဂလာလာဘ်ကောင်း အောင်မြင်ကြောင်းအခြေအနေတို့သည် အလိုလိုပေါ်ပေါက်၍လာရလေသည်။

အိပ်မက်ကောင်းတိုင်း အကျိုးမပေးကြောင်း သိကြရ၏။ အိပ်မက်ဆိုးအတွက် အဘယ်ကြောင့် ပူပင်မည်နည်း။ အိပ်မက်ကောင်း၊ အိပ်မက်ဆိုးဟု ဒိဋ္ဌအဘယ်ပုံ သိနိုင်ပါမည်နည်း။ အိပ်မက်သည် အများအားဖြင့် အတိတ်က တွေ့ကြုံကြံစည်ခဲ့ဖူးသော အာရုံများဖြစ်ရာ အခါခပ်သိမ်း အနာဂတ်နှင့် မဆိုင်ပေ။ ထို့အတူ နိမိတ်တွေကို စွဲခြင်းများသည် အပိုဖြစ်သည်သာ များကြလေသည်။

အခြားသူများ၏ရောဂါကို ကုသည့်အခါ ငါဆရာ၏ အစွမ်းတန်ခိုးဟု မပြောရ၊ အေမလီကွေး၏နည်းစနစ်ကို သဘောပေါက်အောင်ပြောပြ၍ မေတ္တာနှင့်ကုသပါလေ။

မိမိ၏ ဆင်းရဲသောအခြေအနေနှင့်ပတ်သက်၍ ဘယ်အခါမှ မတွေးနှင့်၊ တွေးခြင်းသည် ဆင်းရဲခြင်းကို တာရှည်စေတတ်လေသည်။ စိတ်ဆင်းရဲမှသာ လူတကယ်ဆင်းရဲ၏။ စိတ်အောက်ကျမှ လူအောက်ကျ၏။ စိတ်ပျက်မှ တကယ်ပျက်စီးနိုင်လေသည်။

လူ၏အသက်သည် စွဲလမ်းလုပ်ကိုင်သော အလုပ်၌ တစ်ဝက်ရှိသည်။ ထိုအသက်ဓာတ်ကို အီမူနူးဟုဖရုခေါ် စိတ်ပညာဆရာကြီးက နာမည်ပေးလေသည်။ သို့ဖြစ်လေရာ အလုပ်အကြီးအကျယ်ပျက်လျှင် အသက်ကို ထိခိုက်တတ်သဖြင့် စိတ်မပျက်စေအောင် အထူးသတိထားရလေသည်။

ဝလွန်းသူများ ပိန်လိုလျှင် အစားကို အလုပ်အလွေးကြီးစွာ မစားနှင့်၊ ပွဲရန်အကြီး အကျယ်၊ ခဲဖွယ်ဟင်းလျာတို့ကို စိတ်၌ အဘယ်အခါမျှ မထင်မြင်စေရ၊ စားသည့်အခါ သေးငယ်သော ပန်းကန်ကလေးများနှင့် ကြိုက်သောဟင်းလျာ ခဲဖွယ်တို့ကို အနည်းငယ်ထည့်ပြီး စားရမည်။ ဝသူတို့သည် အခြားသူများထက် ပို၍မစားနိုင်သော်လည်း အလုပ်အလွေးနှင့် ခဲဖွယ်အစိုင်အခဲပွဲရန်ကြီးများကို မက်တတ်၊ ထင်မြင်တတ်လေသည်။ ထိုအထင် အမြင်စိတ်မျိုး၊ တောင့်တသော ရမ္မက်မျိုး၊ ထိုကဲ့သို့ စားသောက်နည်းမျိုးကို ရှောင်ကြဉ်၊ စိတ်မှာမျှ မထင်မမြင်လျှင် ပေါင်ချိန်လျော့နိုင်လေသည်။ ဤကား အထင်အမြင်စိတ်၏ အစွမ်းပေတည်း။

သွားလျှင်ရောက်၊ လုပ်လျှင်ဖြစ် မျက်မြင်ဓမ္မတာအစစ်ပေ။ အိမ်လခငယ်အောင် အလွယ်လိုက်က အခက်ကို ကြောက်တတ်လျက် အထက်ကို မရောက်တတ်စေ၊ အိမ်လခအတွက် ပို၍ရှာက လခမက ပို၍ရတတ်၏။ စရိတ်တာဝန်ကြီးကို မကြောက်မှ အမြင့်ကိုရောက်ရလေသည်။ လူကိုကြောက်က လူအောက်ကျ၊ အောက်မှမတက်ဘဲ နေတတ်သည်။ ပညာသင် မရဲရင့်သော်လည်း စိတ်ကောင်းရှိက ပွဲလယ်တင့်နိုင်လေသည်။ ကြီးကြီးမကြံက ကြီးကြီးမဖြစ်တတ်ပေ။ အခြားသူများ အောင်မြင်ပြီးသော အလုပ်များကိုကြည့်၊ ပို၍ကောင်းအောင်ကြိုးစား၍လုပ်က အဟုတ်အောင်မြင်ရလေသည်။ မိမိ၏အလုပ်ကို တစ်ခါထက် တစ်ခါ အမြဲသာ၍ကောင်းအောင်လုပ်က မဆုတ်၊ အမြဲတက်ကြ၏။ အသုံးအစား စာရင်းထား တစ်ပြား၊ နှစ်ပြား လျော်၍စား။ ထူးခြားချို့ငဲ့မည်မဟုတ်ပေ။ အိပ်ရာ အိမ်သာ၊ သွားလာခရီးအနည်းနည်းကုန်ချ အချိန်ဟူသမျှ ရွှေခဲငွေခဲ မှတ်ကြရမည်။ သောကအပူဟူသမျှ ရှေးက များစွာတွေ့ခဲ့ရလည်း လွန်ပြီးလျှင်ပျောက်ပြန်မရောက် ကြောက်စိတ်စိုးရိမ်မရှိရာ၊ ပျောက်ဖို့လာသည် ဓမ္မတာဟု စွဲမှတ်စိတ်မှာ အေးကြောင်းရှာက မကြာပျောက်မည် မလွဲတည်း။ ။

# ဆီဆိုင်မြို့အတွင်းရှိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေး

**ဆီဆိုင် စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ ရပ်ကွက်များမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးရာတွင် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများက အသက် တစ်နှစ်ခွဲအောက်ကလေးငယ်များအား ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်-ဂျိုက်သိုး စသည့် ကာကွယ်ဆေး ရှစ်မျိုးကို တိုက်ကျွေးထိုးနှံပေးခြင်းနှင့် ကလေးကိုယ်အလေးချိန် တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(ဆီဆိုင်)**





# ပင်လောင်းမြို့တွင် အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး

**ပင်လောင်း စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့ပေါ် ရပ်ကွက်များမှ အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။

ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးရာတွင် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအား ဘီစီဂျီ၊ ပြင်းထန် ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်-ဂျိုက်သိုး စသည့် ကာကွယ်ဆေး ရှစ်မျိုးကို ထိုးနှံ၊ တိုက်ကျွေးပေးခြင်းနှင့် ကလေးကိုယ်အလေးချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ပင်လောင်း)**

# မင်္ဂလာဒုံမြို့နယ် ဘားလားချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**မင်္ဂလာဒုံ စက်တင်ဘာ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းရှိ ဘားလားချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။



အခမ်းအနားတွင် လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးထောင့်ကန် ငါးလုပ်ငန်းစခန်းများမှ သားဖောက်ထုတ်လုပ်ပေးသည့် နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ စုစုပေါင်း ၅၀၀၀၀၀ အား ဘားလားချောင်း သဘာဝရေပြင်အတွင်းသို့ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ကြိုင်နှင့် မြို့နယ်ငါးမျိုးစိုက်ထည့် ကြီးကြပ်ရေးအဖွဲ့များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်နိုင်လင်းနှင့် ဝန်ထမ်းများ၊ လှော်ကားနှင့် လေးထောင့်ကန် ငါးလုပ်ငန်းစခန်းများမှ စခန်းတာဝန်ခံများ တက်ရောက်ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# မြစိမ်းရောင်ချေးငွေများ ရမ်းဗြဲမြို့နယ်၌ ထုတ်ချေး

**ရမ်းဗြဲ စက်တင်ဘာ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရမ်းဗြဲမြို့နယ် ရွာဟောင်းကျေးရွာ၌ (၅) နှစ်မြောက် ပြန်လည်ထုတ်ချေးသည့် စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၂ ဦးအား ငွေကျပ် ၉ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၄၈ ဦးအား ငွေကျပ် ၁၅ ဒသမ ၁ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးအား ငွေကျပ် သုည ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၃၂ ဦးအား ငွေကျပ် ၁၀ ဒသမ ၃ သန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူတစ်ဦးအား ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်းအသင်းသား ၁၁၅ ဦးအား ငွေကျပ် ၃၆ ဒသမ ၃၅ သန်းကို စက်တင်ဘာ ၅ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးရာတွင် မြို့နယ်မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ကျေးရွာမြစိမ်းရောင်ကော်မတီသို့ ချေးငွေကျပ် ၃၆ ဒသမ ၃၅ သန်းကို လွှဲပြောင်းထုတ်ချေးပေးပြီး မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် တာဝန်ကျဝန်ထမ်းများက အိမ်တိုင်ရာရောက် ချေးငွေထုတ်ချေးပေးနေမှုကို ကွင်းဆင်းကြီးကြပ်ပေးသည်။

**ကိုထွန်း**

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

**စာတည်း**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဦးဝင်းမော်
### အသက်(၇၉)နှစ်

အမှတ်(၁၈)၊ ထီးတန်း (၂)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးစံတင်-ဒေါ်စိန်တို့၏ သား၊ ဒေါ်အေးအေးမော် [သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)-ငြိမ်း]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်မော်ဦး-ဒေါ်ငွေငွေဝင်း၊ ဒါရိုက်တာဝင်းထွန်းထွန်း-ဒေါ်သစ်သစ်မြင့်ဆိုင်၊ (ဦးအောင်မျိုးထွဋ်)-ဒေါ်ခိုင်ခိုင်မော်၊ ဦးဝင်းနိုင်(မျက်ခြယ်)-ဒေါက်တာလှိုင်လှိုင်မော်တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၆-၉-၂၀၂၁ (တနင်္လာနေ့) နံနက် ၃:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘီးလင်းမြို့နယ် အသင်း(ရန်ကုန်)

## ဒေါ်စောမြင့်(ခ)ဒေါ်မိမိ

သက်ကြီးကန်တော့ခံ

ရာသက်ပန်

အသင်းဝင်အမှတ်-၁၀၅၁

### အသက်(၁၀၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၂၀၆)နေ (ဦးအောင်သိန်း)၏ ဇနီး၊ ရာသက်ပန် အသင်းဝင်များဖြစ်ကြသော ဦးညိုဝင်း-ဒေါ်ခင်ဝင်းကြည်၊ ဦးသန်းချို-ဒေါ်ခင်ဝင်းစိန်၊ ဦးသိန်းချို-ဒေါ်ခင်အေးသိန်းတို့၏ မိခင်သည် ၁-၉-၂၀၂၁ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများအား သိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## အထူးကျေးဇူးတင်ရှိခြင်း

၂၄-၈-၂၀၂၁ (အင်္ဂါနေ့) နံနက် ၂:၄၀ နာရီတွင် ကွယ်လွန်ခဲ့သော မိခင်ကြီး ဒေါ်နုနုဆွေ၊ အသက်(၁၀၀)နှစ် မကျန်းမာစဉ် ကုသပေးခဲ့သော ကန်သာယာဆေးရုံ နှလုံးအထူးကြပ်မတ်ဆောင်မှ ဆရာဝန်ကြီးများ၊ သူနာပြုဝန်ထမ်းများ၊ ရပ်နီးရပ်ဝေး၊ ပြည်တွင်း၊ ပြည်ပမှ သတင်းမေးကြသူများ၊ ဝမ်းနည်းကြောင်း ပေးပို့ကြသော ဆွေမျိုး၊ မိတ်ဆွေများ၊ ရေဝေးသုသာန်တွင် မီးသဂြိုဟ်ရာ၌ အစစအရာရာ ကူညီပေးခဲ့ကြသူများ၊ လွမ်းသူ့ပန်းခြင်း၊ သက်န်း၊ လှူဖွယ်ဝတ္ထု၊ အစားအသောက်မျိုးစုံ ပေးပို့ပေးကြသော မိတ်ဆွေများ၊ ကြွင်းကျန်ရစ်သော အရိုးပြာအားရေမျှောရာတွင် အကောင်းဆုံးဆောင်ရွက်ပေးပါသော Royal Green River Cruise မိသားစုနှင့် ဝန်ထမ်းများ၊ ပန်းများကို အလှဆုံးစီမံပေးသော Eternal Floral ၊ မိခင်ကြီးအား ဂုဏ်ပြုမှတ်တမ်းတင်ပေးကြသော သတင်းဌာနများ၊ အသင်းအဖွဲ့များနှင့် ဝမ်းနည်းသဝဏ်လွှာထည့်ပေးကြသော မိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါကြောင်း တန်ဖိုးထားမှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်လှကြည် (ခ) ရှာမလာဒေဝီ

**အထက်တန်းသူနာပြုဆရာမကြီး(ငြိမ်း)**

**အလုပ်သမားဆေးရုံကြီး**

### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ချယ်ရီအိမ်ရာ၊ အခန်း(၄/A)နေ (ဦးဝန်းဂါးမူးနိဆွာမိနိုင်ဒူး-ဒေါ်ဂန်းဂမားဒေဝီ)တို့၏သမီး၊ (ဦးပီတာခင်မောင်(ခ)ဦးBကစ္စာနားနိုင်ဒူး)၏ဇနီး၊ ဦးတင်ရွှေ-ဒေါ်ယုယုမိုး(ခ)မဒေါ်လီတို့၏မွေးသမိခင်ကျေးဇူးရှင်၊ [ဦးအောင်ခင်-ဒေါ်စန်းမြင့် (သူနာပြုအုပ်)]၊ (ဒေါက်တာဦးမြမိုး-ဒေါ်ခင်ကြည်)၊ (တပ်ကြပ်ကြီး ဦးချစ်ခင်)-ဒေါ်လချမီးဒေဝီ၊ (အထက်တန်းသူနာပြုဆရာမကြီး ဒေါ်ဒေဇီခင်မြင့်) (အထက်တန်းပြဆရာဦးမြင့်သိန်း)-ဒေါ်ကမလားဒေဝီ၊ [ဦးမောင်မောင်(ကုန်သွယ်လယ်ယာ)]-ဒေါ်စိန်စိန်တို့၏ညီမ၊ ဦးခင်မောင်ဆန်း-ဒေါက်တာနုနုမိုး၊ (ဦးတင်မောင်ဟန်)-ဒေါ်ဖြူဖြူ ဦးအောင်မြင့်ထူး၊ (ဦးချစ်ဦး)၊ ဦးသိန်းထူး၊ ဦးမြင့်ထူး၊ ဒေါ်မိုး မိုးဦး၊ဒေါ်ဖြူဖြူခင်၊ ဒေါ်ခင်သီတာသိန်း၊ ဒေါ်စန္ဒာသိန်း၊ ဦးမြင့်အေး၊ ဒေါ်သန္တာသိန်း၊ ဦးဇာနည်တို့၏ ချစ်လှစွာသောအဘွား၊ မြေး ၁၄ ယောက်၊ မြစ် တစ်ယောက်တို့၏အဘွား ဒေါ်လှကြည်သည် ၃-၉-၂၀၂၁ ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၂၁ (စနေနေ့)တွင် ဟိန္ဒူရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဲအုပ်တင်မောင်ဌေး(ငြိမ်း)

**အပတ်စဉ်(၁၁)၊ သူရတပ်ခွဲ/လ-၅၈၀၅၇**

**B.A(မြန်မာစာ)**

### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၂၆)၊ မြေညီထပ်နေ (ဦးမြမောင်-ဒေါ်စမ်းကြည်)တို့၏သား၊ ဒေါ်နီနီဝင်း၏ခင်ပွန်း၊ ဦးရဲဝင်းဦး(လဝကမှူး၊ လဝကဒုဌာနခွဲ-မြိတ်)-ဒေါ်သီသီစိုး၊ ဦးသွင်မျိုးအောင်[မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)နေပြည်တော်]-ဒေါ်ချယ်ရီဌေး [မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)နေပြည်တော်]၊ ဦးဇော်မင်း-ဒေါ်မြသက်စုဌေး၊ ဦးဝဏ္ဏစံ-ဒေါ်တင်နီလာဌေး(Golden Heroes Co.,Ltd)တို့၏ မွေးသဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၅-၉-၂၀၂၁ရက် နံနက် ၂:၁၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၉-၂၀၂၁ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင့်လွင်
### အသက်(၅၉)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ သုတိတာ (၁)လမ်း၊ အမှတ်(၂၁၄)နေ ဦးတင်မောင်း-ဒေါ်အုံးတင်တို့၏ သား၊ ဦးစိန်မင်း၊ ဒေါ်သန်းဌေးတို့၏ မောင်၊ ဦးခင်ဆွေ၊ ဦးထွန်းထွန်း၊ ဒေါ်မိဆန်း၊ ဦးဇော်ဇော်တို့၏ အစ်ကို၊ ဒေါ်သန်းသန်းဝင်း၊ ဦးမျိုးဝင်းတို့၏ မောင်၊ ဒေါ်ကြူကြူ၊ ဦးမျိုးမင်း၊ ဒေါ်သီတာ၊ ဦးညွန့်ဝင်းတို့၏ အစ်ကို၊ မောင်ရှိုင်းဝဏ္ဏအောင်၏ဖခင်၊ ဒေါ်ဌေးဌေးဝင်း၏ ချစ်လှစွာသောခင်ပွန်း ဦးတင့်လွင်သည် ၅-၉-၂၀၂၁ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၂၁ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးညိုလှဖြူ
### အသက်(၈၉)နှစ်

ဗိုလ်မှူးကြီး သန်းထွဋ်ဦး(ငြိမ်း)-ဒေါက်တာ ဒေါ်သောင်းတင်တို့၏ ဖခင်ကြီး ဦးညိုလှဖြူသည် ၃-၉-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)**

**အရာရှိများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှသွင်(ပြည်မြို့)

**မြန်မာ့ဆေးမျိုးစုံနှင့် ကုန်မျိုးစုံရောင်းဝယ်ရေး**

### အသက်(၈၈)နှစ်

သူငယ်ချင်း ဦးမျိုးခင်-ဒေါ်သူဇာမင်းတို့၏ ချစ်လှစွာသော မိခင်ကြီး၊ ဒေါ်လှသွင် (ပြည်မြို့) အသက်(၈၈)နှစ်သည် ၅-၉-၂၀၂၁ရက် ညနေ ၃:၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၆ ခုနှစ်၊ သစ်တောတက္ကသိုလ်သူငယ်ချင်းများ**

## ဦးအောင်ပို

**(စိန်ဂျွန်းကျောင်းသားဟောင်း)**

### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဂန္ဓမာလမ်း၊ အမှတ်(၃-A) နေ(ဦးမှတ်ဝင်း-ဒေါ်သိန်းလှ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအောင်မြင့်-ဒေါ်ရင်ပို့)တို့၏ သားသမက်၊ ဒေါ်ရင်ရင်မြင့်၏ခင်ပွန်း၊ ကိုမင်းဟိန်းနောင်၏ ဖခင်၊ (ဦးအောင်ညို)-ဒေါ်သီတာထွန်းတို့၏ညီ၊ (ဦးအောင်လင်း)၊ (ဒေါ်မြင့်မြင့်ခင်)၊ ဦးမြင့်မောင်-Mrs. Namiko Sato တို့၏ အစ်ကို၊ ကိုအောင်ဝင်းထွန်း၊ ကိုရာဇာ- မအေးသိင်္ဂီထွန်း၊ ကိုဉာဏ်ဝင်းထွန်း-မမိုးစန္ဒာလင်း၊ Mr. Shinjo Sato @ရွှေပြည်သားတို့၏ ဦးလေးသည် ၅-၉-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နွယ်နွယ်

**ဦးစီးအရာရှိ(ငြိမ်း)၊ ရန်ကုန်မြောက်ပိုင်းခရိုင်ပညာရေးမှူးရုံး**

### အသက်(၆၀)

ရန်ကုန်မြို့နေ (ဦးသော်-ဒေါ်မြညွန့်)တို့၏ သမီး၊ (ဦးအိ-ဒေါ်တဆုပ်)တို့၏ သမီးချွေးမ၊ ဦးအောင်မင်း-ဒေါ်တင်ရီ၊ (ဦးကျော်လှ)-ဒေါ်နီတာ၊ (ဦးအောင်သန်း)-ဒေါ်အေးအေး၊ (ဦးဉာဏ်ဝေ)-ဒေါ်ပေါက်ပေါက်၊ (ဦးကျော်မင်း-ဒေါ်အိစန်း)၊ (ဦးမြင့်စိုး-ဒေါ်မြင့်မြင့်သန်း)၊ (ဦးခင်ငြိမ်း)-ဒေါ်မြင့်မြင့်သန်း၊ ဦးလှရွှေ-ဒေါ်ဝေဝေမြင့်တို့၏ ညီမ၊ ဦးမောင်ဦး-ဒေါ်သွယ်သွယ်၊ ဦးဖုန်းကြွယ်-ဒေါ်ခင်ချိုတို့၏ အစ်မ၊ ဦးသီဟဝင်းထိန်(General Manager-Vigen Myanmar)-ဒေါ်နှင်းနှင်းလှ (Assistant General Manager-Vigen Myanmar)၊ ဒေါ်မေမြတ်နွယ် (လက်ထောက်အင်ဂျင်နီယာ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ကိုဝဏ္ဏဝင်းထိန်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ကောင်းမြတ်ပြည့်စုံဝင်းထိန်၏ အဘွား၊ [ဦးဇော်ဝင်းထိန် (ဆ.သ.ရ)]၏ချစ်လှစွာသောဇနီး ဒေါ်နွယ်နွယ်(ဦးစီးအရာရှိ-ငြိမ်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပညာရေးမှူးရုံး)သည် ၃-၉-၂၀၂၁ (သောကြာနေ့) ည ၇:၄၅နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ် ကို ၄-၉-၂၀၂၁ ရက် နံနက် ၁၁ နာရီတွင် ကောင်းမွန်စွာ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၂၁ (ကြာသပတေးနေ့)တွင် အမှတ် (၄၁၉/ခ)၊ သစ္စာလမ်း၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးခင်စိုး(ငြိမ်း)

**ကြည်း-၁၀၃၈၅(ဗိုလ်သင်တန်းအပတ်စဉ်-၃၁)**

### အသက်(၇၈)နှစ်

ဗိုလ်ကြီးခင်စိုး(ငြိမ်း)သည် ၂၆-၈-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၈:၅၃ နာရီတွင် ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီဟ(၅၅)မှ တပည့်များ**

**(၁)လပြည့်လွမ်းဆွတ်အမျှပေးဝေခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**အရာခံဗိုလ်မောင်မောင်စိုး (ခ) ဆွမ်းမောင် (၈၇)နှစ်**

**တပ်မတော်ရေ ၅၃၄၆ (ငြိမ်း)**

**(၇-၈-၂၀၂၁) မှ (၇-၉-၂၀၂၁)**

**သား ဦးကျော်သန်းစိုး (၅၁)နှစ်**

**ACE APPARFI Co.,Ltd**

**Mechanic Manager**

**(၂-၈-၂၀၂၁) မှ (၂-၉-၂၀၂၁)**

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သွားခဲ့သည်မှာ ၇-၉-၂၀၂၁ ရက်တွင် (၁)လပြည့်မြောက်ခဲ့ပြီးဖြစ်ပါသည်။ ကွယ်လွန်သွားတာ (၁)လပြည့်သွားပေမယ့် ယနေ့တိုင်သတိရလွမ်းဆွေးနေဆဲပါ။ ကျန်ရစ်သူဇနီးနှင့် သားသမီးများ၊ မြေးများမှ ဖခင်ကြီးနှင့်သားအားရည်စူး၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးနေပါတယ်။ ယခုဘဝတစ်လျှောက်လုံးမှာ ဒါနကုသိုလ်ကောင်းခဲ့တဲ့ ဖခင်ကြီးနှင့်သား မြင့်မြတ်တဲ့ဘုံဘဝမှ ကုသိုလ်ကောင်းမှုအစုစုအတွက် သာဓုခေါ်ဆိုနိုင်ပါစေ။

**ဖခင်ကြီးကိုချစ်သော**

**ကျန်ရစ်သူဇနီး၊ သား၊ သမီးများနှင့်မြေးများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှသွင်(ပြည်မြို့)

**မြန်မာ့ဆေးမျိုးစုံနှင့် ကုန်မျိုးစုံရောင်းဝယ်ရေး**

### အသက်(၈၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်နေ (ဦးမောင်သက်-ဒေါ်ခင်)၊ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ရင်းငြိမ်ကျေးရွာနေ (ဦးကျော်ဇံ-ဒေါ်စိမ်းမြ)တို့၏ သမီး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေကူရပ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် (၉၉)နေ (ဦးတင်ငွေ)၏ ချစ်လှစွာသောဇနီး၊ ဒေါ်နွဲ့ရီ၊ ဦးစန်းမြင့်-ဒေါ်စန်းစန်းကျင်၊ ဦးကျော်ဇေယျ-ဒေါ်ညွန့်ညွန့်ခိုင်၊ ဦးမျိုးခင်-ဒေါ်သူဇာမင်း၊ ဦးကျော်မောင်-ဒေါ်စန်းရီဌေး၊ ဦးလှမိုး-ဒေါ်ခင်ဌေးဝင်း၊ ဦးကျော်ဇင်လင်း-ဒေါ်စန်းစန်းဝေ၊ ဒေါ်စန္ဒာဝင်း၊ ဦးစိုးထွန်း-ဒေါ်စန္ဒာလွင်၊ ဦးဘုန်းကျော်-ဒေါ်သန္တာဝင်း၊ ဦးကျော်မိုး-ဒေါ်စိုးစိုးတင်တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေး ၂၀ ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်လှသွင်သည် ၅-၉-၂၀၂၁ (တနင်္ဂနွေနေ့) ညနေ ၃:၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် အေးငြိမ်းရာသုသာန် (ပြည်မြို့)၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

၁။ ဦးမြင့် (စားဖျော်-ငြိမ်း) (၁၀၁ နှစ်) (၂-၈-၂၀၂၁)

၂။ ဦးဥက္ကါ (၉၇ နှစ်) (၂၁-၇-၂၀၂၁)
(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) (ရဲမှူးကြီး-ငြိမ်း)

၃။ ဦးအုံ့မောင် (၈၉ နှစ်) (၁၂-၈-၂၀၂၁)
(အမျိုးသားစာပေဆု ၁၉၇၃)(အမျိုးသားစာပေတစ်သက်တာဆု၂၀၁၉)

၄။ ဦးကျော်ဒင် (၇၃ နှစ်) (၂၆-၇-၂၀၂၁)
(ဌာနခွဲမှူး-စစ်ဆေးရေးဌာန-ငြိမ်း) ရန်ကုန်မြို့တော်စည်ပင်

၅။ ဦးရွှေစိုး (ရွှေနွယ်ရိုး) (၇၃ နှစ်) (၁၅-၈-၂၀၂၁)

၆။ ဦးရဲဝေ (မြန်မာစာ) (၇၁ နှစ်) (၁၆-၇-၂၀၂၁)

ချင်းတွင်းအသင်း(ရန်ကုန်)၏ အထက်ဖော်ပြပါ နာယကကြီးများနှင့် အသင်းဝင်များတို့သည် ယှဉ်တွဲပါနေ့ရက်အသီးသီးတွင် ကွယ်လွန်သွားခဲ့ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ချင်းတွင်းအသင်း(ရန်ကုန်)




နေရောင်အောက်ကသက်ရှိတွေကို စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novosibirsk မြို့သို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၅ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Novosibirsk မြို့သို့ ထွက်ခွာကြရာ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် Novosibirsk မြို့ Tolmachevo လေဆိပ်သို့ ရောက်ရှိကြရာ အမှတ်(၄၁)တပ်မ ထောက်လှမ်းရေးဌာနအကြီးအကဲ Colonel Dimity V. Menchov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Novosibirsk မြို့သို့ ထွက်ခွာရာ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

# အင်္ဂလန်အသင်းက အန်ဒိုရာအသင်းကို လေးဂိုးပြတ်အနိုင်ရ




အင်္ဂလန်အသင်းနဲ့ အန်ဒိုရာအသင်းတို့ဟာ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် စက်တင်ဘာ ၅ ရက်ညပိုင်းက အင်္ဂလန်အသင်းရဲ့ အိမ်ကွင်းဝင်ဘလေ၌ ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်းက အန်ဒိုရာအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

**အပြောင်းအလဲလုပ်ခဲ့**

အခုပွဲစဉ်မှာ အင်္ဂလန်အသင်းနည်းပြဆောက်ဂိတ်အနေနဲ့ ဟန်ဂေရီအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ ပွဲထွက်ကစားခဲ့တဲ့ ကစားသမား ၁၁ ဦးကို အပြောင်းအလဲလုပ်ခဲ့ပြီး လိဒ်ယူနိုက်တက်စ်အသင်း **စာမျက်နှာ ၂၅ ကော်လံ ၁ သို့** ○

## ကြေးမုံ ယနေ့ ဖတ်စရာ

**KNLA တပ်မဟာ(၅)အဖွဲ့၏ ပစ်ခတ်မှုကြောင့် ဖာပွန်ခရိုင် ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အသက် ၇၈ နှစ်အရွယ် အဘွားအိုတစ်ဦး ထိခိုက်ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၄

**စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်းများတွင် ခိုလှုံနေကြသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး**

စာမျက်နှာ » ၁၈